# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လွတ်မြောက်အောင်အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သောစိတ်ကို ထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၀၈၃)


# မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၁၈ ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

၁၈ ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်-၄၇ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက ၁၈ ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပရေး ဦးစီးကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဒုတိယသမ္မတအပါအဝင် ခြောက်ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန် ခြောက်ရပ် ချမှတ်ပေးခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး ကျောက်မျက်၊ ကျောက်စိမ်း စုစုပေါင်း တန်ဖိုးငွေ ယူရိုသန်း ၄၃၉ ဒသမ ၃၅ သန်းခန့် ရောင်းချနိုင်ခဲ့

စာ » ၅

## မြန်မာနိုင်ငံတွင် အကြီးဆုံး ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တု တည်ဆောက်မည်

စာ » ၇

# ရန်ကုန်မြို့၌ ပထမဆုံးသော ခရစ္စမတ်ပွဲတော် သုံးရက်တိုင်တိုင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်မြို့၌ လာမည့် ဒီဇင်ဘာ ၂၃ ရက်မှ စတင်ကာ ခရစ်ယာန်ဘာသာဝင်တို့၏ ခရစ်တော်မွေးနေ့ကို မြန်မာနိုင်ငံအတွင်းရှိ ပြည်သူအားလုံး သိရှိခံစားပြီး မိမိကိုးကွယ်ယုံကြည်ရာ ဘာသာတရားအချင်းချင်း ငြိမ်းချမ်းရေးနှင့် အတူယှဉ်တွဲနေထိုင်ရေးကို အထောက်အကူပြုစေရန် ပထမဆုံးသော ခရစ္စမတ်ပွဲတော်ကို နေရာ သုံးနေရာခွဲ၍ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

"ရန်ကုန်မြို့ရဲ့ ပထမဆုံးသော ခရစ္စမတ်ပွဲတော် ကျင်းပနိုင်ရေးကို ဒီဇင်ဘာလဆန်းပိုင်းကတည်းက

*စာမျက်နှာ ၉ ကော်လံ ၁* ✻



**ရန်ကုန်မြို့၌ ယခုနှစ် ခရစ္စမတ်ပွဲတော် ကျင်းပရန်အတွက် အကြိုပြင်ဆင်ထားမှုကို တွေ့ရစဉ်။** ဓာတ်ပုံ- မင်းထက်


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

မြန်မာ့အလင်း

# နိုင်ငံ့မနေဥစ္စာ တိုးပွားရေး ရွှေ့ပြောင်းအလုပ်သမားများ ဘဝမြှင့်တင်ပေး

“ရေကြည်ရာ မြက်နုရာ” ဟူသောစကားပုံသည် အသက်မွေးဝမ်းကျောင်းမှုနှင့် ရှင်သန်ရပ်တည်မှုတို့အတွက် ရွှေ့ပြောင်းသွားလာကြရသည်ကို ညွှန်းဆိုသည်။ မိမိတို့နေထိုင်ရာမူလအရပ်ဒေသ၌ အလုပ်အကိုင်အခွင့်အလမ်းတို့ကင်းမဲ့လာခြင်း၊ စားဝတ်နေရေးအတွက် လိုအပ်သည့် ဝင်ငွေမရရှိနိုင်ခြင်း၊ ဆင်းရဲမွဲတေခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ ပဋိပက္ခများ၊ ဖိနှိပ်မှုများရှိနေခြင်းစသည့် အကြောင်းများကြောင့် နေရပ်ကိုစွန့်ခွာကြသည်။ မိသားစု စားဝတ်နေရေးပြေလည်စေရန်၊ လူနေမှုဘဝမြင့်မားလာစေရန်ဟူသော ရည်မှန်းချက်များဖြင့် ဝင်ငွေမြင့်မားစွာရရှိနိုင်မည့် ဒေသများ၊ နိုင်ငံများဆီသို့ ရွှေ့ပြောင်းကြခြင်းဖြစ်သည့်အတွက် ပြည်တွင်းရွှေ့ပြောင်းသွားလာမှုနှင့် ပြည်ပနိုင်ငံများဆီသို့ ရွှေ့ပြောင်းသွားလာမှုတို့ ပေါ်ပေါက်လာသည်။

မြန်မာနိုင်ငံသည် စီးပွားရေးလျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလျက်ရှိသော ရပ်ဝန်း၌ တည်ရှိနေသည့်အလျောက် မိမိနိုင်ငံတွင်းမှ ရွှေ့ပြောင်းအလုပ်သမားများ ပြည်တွင်းနှင့်ပြည်ပသို့ ရွှေ့ပြောင်းသွားလာမှု ပမာဏကြီးမားနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်းက မြန်မာနိုင်ငံတွင် လူ ၃ ဒသမ ၃၉ သန်းသည် ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများဖြစ်ပြီး ၄ ဒသမ ၂၅သန်းသည် ပြည်ပသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ထွက်ခွာလုပ်ကိုင်ခဲ့ကြ ရာ ယင်းတို့အနက် ၇၀ ရာခိုင်နှုန်းသည် အိမ်နီးချင်း ထိုင်းနိုင်ငံသို့လည်းကောင်း၊ ၁၅ ရာခိုင်နှုန်းသည် မလေးရှားနိုင်ငံသို့လည်းကောင်း၊ ၄ ဒသမ ၆ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံသို့လည်းကောင်း၊ ၃ ဒသမ ၉ ရာခိုင်နှုန်းသည် စင်ကာပူနိုင်ငံသို့လည်းကောင်း သွားရောက်လုပ်ကိုင်ခဲ့ကြကြောင်း၊ ကိုရီးယား၊ဂျပန်၊ ကာတာ အစရှိသည့်နိုင်ငံများသို့လည်း အနည်းငယ်စီ သွားရောက်လုပ်ကိုင်ခဲ့ကြကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အဖွဲ့အစည်း၏လေ့လာမှုတစ်ခုက ဖော်ပြခဲ့သည်။

ထို့ပြင် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ ပြန်လည်လွှဲပို့ငွေများမှာ လွန်စွာများပြားသည့်တိုင်အောင် တရားမဝင်လမ်းကြောင်းများမှ လွှဲပို့ခြင်းဖြစ်သည့်အတွက် ပြည်တွင်းမှလက်ခံရရှိမှုမှာ အမေရိကန်ဒေါ်လာ ၁၁၈ သန်းမျှသာဖြစ်ပြီး အမှန်တကယ်ရရှိသင့်သည်ထက် အဆပေါင်းများစွာ လျော့နည်းခဲ့ကြောင်းလည်း သတင်းများအရ သိရသည်။

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်က နေပြည်တော်တွင် ကျင်းပခဲ့ရာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာ၌ ရွှေ့ပြောင်းအလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်နေကြောင်း၊ အလုပ်သမားများ၏ ကျွမ်းကျင်မှုအပေါ် ပြည်တွင်းသာမက ပြည်ပတွင်ပါ အသိအမှတ်ပြုစေရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ကျွမ်းကျင်သင်တန်းသားများ မွေးထုတ်ပေးခြင်းကို ပိုမိုတိုးမြှင့်ရန်၊ ပြောင်းလဲနေသည့်အလုပ်သမားဈေးကွက်နှင့်အညီ ဖြစ်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအား လူမှုအကာအကွယ်ပေးနိုင်ရန်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများသည် နိုင်ငံ၏ **GDP** အတွက် အရေးပါသည့် အရင်းအမြစ်များဖြစ်ကြောင်း၊ မိသားစုလွှဲငွေများကို လုံခြုံစိတ်ချရသည့်လမ်းကြောင်းများမှ လျင်မြန်ချောမွေ့စွာ လွှဲပြောင်းပေးနိုင်ရန်အတွက် ယခုထက်ပိုအားစိုက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း စသည့်အချက်များကို ထောက်ပြသွားခဲ့သည်။

ယခုအခါ ရွှေ့ပြောင်းအလုပ်သမားများသည် မူရင်းနိုင်ငံအတွက်ရော လက်ခံနိုင်ငံအတွက်ပါ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုသူများဖြစ်ကြောင်း လက်ခံထားကြပြီးဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးအတွက် မူရင်းနိုင်ငံအနေဖြင့် ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးနှင့် မိသားစုသို့ ပြန်လည်လွှဲပို့ငွေများ ပြည်တွင်းသို့ အပြည့်အဝရောက်ရှိပြီး နိုင်ငံ၏ မနေဥစ္စာ တိုးပွားရေးအတွက် သက်ဆိုင်ရာဌာနအသီးသီး၊ အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးတို့က ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် မူခင်းကျဆင်းရေးနှင့် အမှုသွား အမှုလာ စီမံခန့်ခွဲမှု အစီအစဉ်အတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် မူခင်းကျဆင်းရေးနှင့် အမှုသွားအမှုလာစီမံခန့်ခွဲမှု အစီအစဉ်အတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်က တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၊ တိုင်းဒေသကြီးဥပဒေချုပ်တို့က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း မူခင်းများကျဆင်းရေးနှင့် လှိုင်သာယာမြို့နယ်တရားရုံးတွင် အမှုသွားအမှုလာ စီမံခန့်ခွဲမှု အစီအစဉ်ဖြင့် မူခင်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မူခင်းအသိပညာပေး ဟောပြော

**မော်လမြိုင် ဒီဇင်ဘာ ၂၁**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ ညွှန်ကြားမှုဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ကြီးကြပ်ကာ မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာ တပ်မတော်တန်းမြှင့်လေ့ကျင့်ရေးသင်တန်းကျောင်း အောင်ဆန်းခန်းမရှေ့၌ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှထွန်းနှင့် တာဝန်ရှိသူများက မူခင်းလျော့နည်းကျဆင်းရေးအကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအကြောင်း၊ မူးယစ်ဆေးဝါး ဖြစ်ပေါ်လာပုံနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအကြောင်းတို့ကို ဟောပြောခဲ့ကြကြောင်း သိရသည်။

**ကျော်သန်း (မော်လမြိုင်)**

# ချောင်းဆုံမြို့ မြို့ကျက်သရေဆောင် မဟာကန်တော်ကြီးအား ပြန်လည်တူးဖော်

**ချောင်းဆုံ ဒီဇင်ဘာ ၂၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၏ မြို့ကျက်သရေဆောင် မဟာကန်တော်ကြီး တူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာလမှစတင်ပြီး ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်ခဲ့သော မုဒုံမောင်မောင်ကုမ္ပဏီတို့မှ စတင်တူးဖော်လျက်ရှိရာ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မြတို့က ကန်တော်ကြီး တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချောင်းဆုံကန်တော်ကြီးသည် ဧရိယာ ဧက ၉၀ ကျော်ရှိသည့်အနက် ပထမပိုင်းအနေဖြင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုဘတ်ဂျက်ငွေ ငွေကျပ်သန်းပေါင်း ၄၈၅ သန်းဖြင့် ကန်ပတ်လမ်း ဧရိယာ ၅၃ ဧက ပြန်လည်တူးဖော်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ဘဏ္ဍာနှစ်တွင် ကန်အတွင်းရှိ ဆက်စပ်အဆောက်အအုံများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဟာကန်တော်ကြီး တူးဖော်ပြီးစီးပါက ရေဂါလန်ပေါင်း ၁၂၈ သန်း သိုလှောင်နိုင်မည်ဖြစ်ပြီး တောင်သူလယ်သမားများအတွက် နွေစပါးဧက ၇၀ ကျော်ကို စိုက်ပျိုးရေ ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မဟာကန်တော်ကြီး တူးဖော်မှုပြီးစီးသွားပါက တောင်သူလယ်သမားများ နွေစပါးအပြင် ဆောင်းသီးနှံများပါ စိုက်ပျိုးနိုင်ခြင်း၊ ကန်ရေရရှိခြင်းကြောင့် နွေရာသီရေရှားပါးမှု ကြုံတွေ့လာပါက အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအား ရေရှားပါးမှုနှင့် သောက်သုံးရေရှားပါးမှု အခက်အခဲကို ဖြေရှင်းပေးနိုင်ကြောင်း၊ မြို့နယ်ပြည်သူလူထု၏ စိတ်လက်အပန်းဖြေစရာ နေရာတစ်ခုဖြစ်လာနိုင်ကြောင်းနှင့် နှစ်စဉ်ဆောင်းခိုငှက်များ လာရောက်လေ့ရှိသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၁-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၇၅/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၇၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၅/၈၁၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၆ ·၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၃ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၃ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၄ ·၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



ဖောင်တော်ဦးဘုရား(အင်းလေး) ဓာတ်ပုံ-အောင်ကြီးမြင့်(ဦးကြည်ဝင်း)

# ညီညွတ်မှုအင်အားနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်

**ပြည်သူရဲ့ထောက်ခံမှု၊ ပြည်သူရဲ့ယုံကြည်မှု၊ ပြည်သူရဲ့ညီညွတ်မှုနဲ့ နှိုင်းယှဉ်နိုင်တဲ့ ဘာအင်အားမှ မရှိပါဘူး။ ဘယ်လို အခက်အခဲတွေနဲ့ပဲ ကြုံတွေ့ရပါစေ၊ ပြည်သူရဲ့ ညီညွတ်မှုအင်အားနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။**

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၂-၁၀-၂၀၁၇ ရက်နေ့ ပြည်သူသို့ တင်ပြချက်မှ ကောက်နုတ်ချက်)

**စာပေမြင့်မှ လူမျိုး တင့်မည်**

# ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၃/၂၀၁၇**
**၁၃၇၉ ခုနှစ် ၊ ပြာသိုလဆန်း ၄ ရက်**
**(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)**

**ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ယဉ်ယဉ်ဟန် ကို ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု အောင်မြင်ရှင်သန်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာစီရယ်လ် အား ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ်(I-11) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု အောင်မြင်ရှင်သန်ရေး၊ နိုင်ငံတည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ် အား လက်ခံတွေ့ဆုံစဉ်။

◆ *ရှေ့ဖုံးမှ*

လုပ်ငန်းကော်မတီ တစ်ခုနှင့် ဆပ်ကော်မတီ ကိုးခုကိုလည်း ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံအား ၂၀၀၀ ပြည့်နှစ်မှစတင်၍ ရန်ကုန်မြို့၌ ၆ ကြိမ် နှင့် နေပြည်တော်၌ ၁၁ ကြိမ် နှစ်စဉ်ကျင်းပခဲ့ပြီး ယခုနှစ်တွင် ၁၈ ကြိမ်မြောက် ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ယခုလို နှစ်စဉ်ကျင်းပခဲ့သည့် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းသာမက ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများကပါ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခု ၁၈ ကြိမ်မြောက် ညီလာခံ၌လည်း အစဉ်အလာမပျက် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**ရည်ရွယ်ချက် လေးချက် ချမှတ်**

ယခု ကျင်းပမည့် ၁၈ ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲကို ရည်ရွယ်ချက် လေးချက် ချမှတ်ကာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များမှာ မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်း မြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေး တိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်



**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**

သိက္ခာ မြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေးတို့ ဖြစ်ပါကြောင်း။

**တက်ရောက်**

ယခုနှစ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ယခင်နှစ်များကကဲ့သို့ပင် ကျင်းပမည် ဖြစ်ပါကြောင်း၊ ညီလာခံသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဆရာ အသင်းဝင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ အသင်းဝင်များ၊ ပြည်တွင်းမှ အစိုးရမဟုတ်သော အသင်းအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ်များ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ကြမည် ဖြစ်ပါကြောင်း။

**ပိုမိုကြိုးပမ်းဆောင်ရွက်**

မိမိတို့ ဦးစီးကော်မတီအနေဖြင့် ညီလာခံကြီး အောင်မြင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများက စနစ်တကျပူးပေါင်းကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နှစ်စဉ် ကျင်းပခဲ့သည့်အတွက် အတွေ့အကြုံရှိပြီး ဖြစ်သော်လည်း ချမှတ်ထားသည့် ရည်ရွယ်ချက်များ အောင်မြင်ရေး၊ အဘက်ဘက်မှ လစ်ဟာမှုမရှိအောင် ပိုမိုကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၁၈ ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲမှ ရလဒ်ကောင်းများရရှိရေးအတွက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းနှင့် တွဲဖက်အတွင်းရေးမှူး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ရီရီမြင့်တို့က ကော်မတီများဖွဲ့စည်းထားမှုနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ၁၈ ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီ ကိုးခုမှ ကော်မတီဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်မောင် ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးစောဝင်းမောင် ကို ၎င်းလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုး ဆောင်ရွက်ပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | လယ်ဝေး |
| ၂။ | ကချင်ပြည်နယ် | မိုးကောင်း |
| ၃။ | ကရင်ပြည်နယ် | ဖာပွန်၊ ကမမောင်းမြို့နယ်ခွဲ၊ နဘူး |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင်၊ မြောင်၊ တန့်ဆည်၊ မြို့သစ်မြို့ မင်းသာ |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | ကံပေါက်တိုက်နယ်၊ တနင်္သာရီ |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ပေါက်ခေါင်း၊ မိုးညို |
| ၇။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ ရေစကြို၊ ပွင့်ဖြူ၊ အောင်လံ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ်၊ မတ္တရာ |
| ၉။ | မွန်ပြည်နယ် | မုဒုံ |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ၊ ဒလ |
| ၁၂။ | ရှမ်းပြည်နယ် | ညောင်ရွှေ နမ့်စန်၊ မိုင်းပျဉ်း၊ ပင်လောင်း၊ သီပေါ |
| ၁၃။ | ရောဝတီတိုင်းဒေသကြီး | လပွတ္တာ၊ ဓနုဖြူ၊ အင်္ဂပူ၊ ကျိုက်လတ် |

**မြန်မာ့အလင်း**

# တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော်   ဒီဇင်ဘာ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီ (CASS) ဥက္ကဋ္ဌ H.E. Mr. Wang Weiguang နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက်၏ အောင်မြင်မှုများ၊ တရုတ်-မြန်မာ နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ သမိုင်းတစ်လျှောက် နှစ်နိုင်ငံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး အပြန်အလှန်အားပေးကူညီ ထောက်ခံမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. June Kunugi နှင့်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင် ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNICEF အနေဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အာဟာရ၊ ရေနှင့် သန့်ရှင်းရေး၊ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. June Kunugi နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

---

❊ *ကျောဖုံးမှ*

ကို မိမိတို့အားလုံး သိကြပါကြောင်း။ မြန်မာနိုင်ငံကို လာရောက်ကြသည့် နိုင်ငံခြားခရီးသွား ဧည့်သည်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသာမက ပြည်ပနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များကလည်း ယင်း အချက်ကို ထောက်ခံပြောဆိုမှုများရှိသည်ကို ကြားသိနေရပါ ကြောင်း၊ သို့သော် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသည် အရေအတွက်သည် မျှော်မှန်း ထားသည့်အရေအတွက်ထက် များစွာနည်းပါးနေသေးသည် ကို တွေ့ကြရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကို ၂၀၁၆ ခုနှစ် တွင် ပြည်ပခရီးသွားဧည့်သည် ၂ ဒသမ ၉ သန်းကျော် လာရောက်ခဲ့ပြီး ယခု ၂၀၁၇ ခုနှစ် အောက်တိုဘာလကုန်အထိ ပြည်ပခရီးသွားဧည့်သည် ၃ ဒသမ ၁ သန်း လာရောက်ခဲ့ခြင်းကြောင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်း တိုးတက်လာသည်ကို သိရှိရပါကြောင်း၊ ယင်းသို့ တိုးတက်မှု နည်းပါးနေခြင်းကို လက်ရှိ တိုးတက်နေသည့် အရှိန် အဟုန်ဖြင့် ဆက်လက်မြှင့်တင်ရန် မိမိတို့အားလုံး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

**ဈေးကွက်မြှင့်တင်**

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်အများဆုံးလာရောက်သည့် နိုင်ငံများကို ကြည့်ပါက အာရှနိုင်ငံများမှ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှဖြစ်ပြီး အမေရိကနှင့် ဥရောပနိုင်ငံများမှ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီနိုင်ငံများဖြစ်သည်ကို တွေ့ရပါကြောင်း၊ ယင်းနိုင်ငံများကို အထူးရည်မှန်းချက်ထားပြီး ဧည့်သည် ပိုမိုလာရောက်ရန် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တစ်ချိန်တည်းတွင်ခရီးသွားဧည့်သည် လာရောက်မှုနည်းသော်လည်း အလားအလာကောင်းသည့် နိုင်ငံများ ရွေးထုတ်ပြီး မြန်မာနိုင်ငံကို ပိုမိုစိတ်ဝင်စားအောင် ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဆိုပါက ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှု တိုးတက်လာမည်ဖြစ်ပါကြောင်း။

**ခရီးစဉ်အသစ်များဖော်ထုတ်**

မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသွားဧည့်သည် အများအပြားလာရောက်ရန် မြန်မာနိုင်ငံသည် လည်ပတ်ချင်စရာကောင်းသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်ကို ကမ္ဘာက ပိုမိုသိရှိအောင် ဈေးကွက်မြှင့်တင်ရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း မိမိတို့နိုင်ငံကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လည်ပတ်သည့်အခါတွင် အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်လည်ပတ်နိုင်ရေးတို့ကို ဆောင်ရွက်ပေးနိုင်ရန် အရေးကြီးပါကြောင်း၊ ပုံမှန်ရှိပြီးသား ခရီးစဉ်ဒေသများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လည်း လိုပါကြောင်း၊ ခရီးစဉ်အသစ်များ၊ ဆွဲဆောင်မှုအသစ်များ ဖော်ထုတ်ကြရန်နှင့် ဖော်ထုတ်သည့်နေရာတွင် သဘာဝအရင်းအမြစ်များကို ဖော်ထုတ်ခြင်းအပြင် တီထွင်ဖန်တီးမှုများနှင့်ပါ ပေါင်းစပ်လိုက်ခြင်းအားဖြင့် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များအတွက် လည်ပတ်စရာများ၊ လေ့လာစရာများ များပြားကာ ရက်ကြာကြာနေထိုင်ပြီး ငွေကြေးပိုမိုသုံးစွဲကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အထောက်အကူပြု**

ထို့ပြင် ဒုတိယသမ္မတက ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်သည့်နေရာတွင် Accessibility ခေါ်သည့် သွားလာမှု လွယ်ကူစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကောင်းမွန်စွာ တည်းခိုနေထိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများ စားသုံးနိုင်ရေးသည် အရေးကြီးသကဲ့သို့ သန့်ရှင်းကောင်းမွန်သည့် သန့်စင်ခန်းများ ထားရှိရေးသည်လည်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ လည်ပတ်ရေးအတွက် များစွာအထောက်အကူပြုပါကြောင်း။

**ဗီဇာကင်းလွတ်ခွင့်**

နိုင်ငံတစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်း အောင်မြင်တိုးတက်မှုကိုအားဖြည့်သည့် အကြောင်းအရာများကိုကြည့်လျှင် အဓိကလေဆိပ်ဝင်ပေါက်များတွင် ဆိုက်ရောက်ဗီဇာ ထုတ်ပေးမှုစနစ်ပြုလုပ်ပေးနိုင်ခြင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ တိုက်ရိုက်ဆင်းသက်နိုင်ခြင်းနှင့် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ရေးအတွက် ဈေးကွက်အဖြစ် သတ်မှတ်သည့် နိုင်ငံများကို ဗီဇာကင်းလွတ်ခွင့်ပေးခြင်းစသည်ဖြင့် ထူးခြားစွာစီစဉ် ဆောင်ရွက်ပေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီး ဌာနများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

**ပူးပေါင်းတားဆီးရန်လို**

ခရီးသွားလုပ်ငန်းသည် ကျယ်ပြန့်ပြီး ကဏ္ဍပေါင်းစုံအပေါ် သက်ရောက်မှုရှိသည့်အတွက် အစိုးရဌာနအချင်းချင်းသာမက အစိုးရကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍတို့ ပိုမိုပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ပုံရိပ်ပေါ်တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် များစွာမှီတည်နေပါကြောင်း၊ နိုင်ငံ၏ ပုံရိပ်ကိုထိခိုက်စေမည့် သတင်းအချက်အလက်များ ထွက်ပေါ်လာပါက ခရီးသွားလုပ်ငန်းကဏ္ဍနှင့် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းချေဖျက်ရန် လိုပါကြောင်း၊ သတင်းအမှားများ မပြန့်ပွားအောင် ပူးပေါင်းတားဆီးရန် လိုပါကြောင်း။

မကြာသေးမီက ပြုလုပ်ခဲ့သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ အဖွဲ့ဝင်နိုင်ငံများတွင် ကျင်းပခဲ့ရာ "Sustainable Tourism, a Tool for Development" ဟူသော ဦးတည်စာသားဖြင့် ကျင်းပရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က သတ်မှတ်ပေးခဲ့ပါကြောင်း၊ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်သည်ကို ပြသရန် သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းသည်နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအရေးပါသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်ကို ငြင်းပယ်၍မရပါကြောင်း။

**သတိပြုဆောင်ရွက်**

မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ခရီးသွားဧည့်သည် များစွာ လာရောက်ရန် လိုအပ်သကဲ့သို့ တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကိုလည်း သတိပြု ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အနှံ့အပြားတွင် တည်ရှိနေသည့်အတွက် ယနေ့ကျင်းပသည့် အစည်းအဝေးတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ လက်တွေ့ကျကျ ဆောင်ရွက်မည့် အစီအမံများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးရန် လိုအပ်ပါကြောင်း၊ ထို့အတူ ဝန်ကြီးဌာနများကလည်း ကူညီပံ့ပိုးပေးရန်နှင့် ဝန်ကြီးဌာန အကြံပေးအထောက်အကူပြုအဖွဲ့ဝင်များကလည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြဆွေးနွေးပေးကြပါရန်နှင့် အကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသွားဒေသများဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာစေရေးတို့အတွက် ဆောင်ရွက်နေမှုများ၊ ပူးပေါင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး (၁) ဟိုတယ်နှင့် ခရီးသွား လာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က အမျိုးသားခရီးသွားမူဝါဒ ထုတ်ပြန်ကြေညာရေး၊ ခရီးသွားလုပ်ငန်းဥပဒေအသစ် (မူကြမ်း)တွင် လွှတ်တော် (ဥပဒေကြမ်းကော်မတီ)မှ ထပ်မံဖြည့်စွက်ချက် ခွင့်ပြုနိုင် ရေး၊ ယစ်မျိုးဥပဒေတွင် အရက်လိုင်စင်ခွင့်ပြုရန်ကိစ္စ၊ ခရီးသွားအခွန်ပြဌာန်းရေးကိစ္စ၊ ကမ္ဘာလှည့် ခရီးသည်များအား ဆိုက်ရောက်ဗီဇာနှင့် ဗီဇာအထူးခွင့်ပြုပေးနိုင်ရေး၊ E-Tourism Working Group ဖွဲ့စည်းခွင့်ပြုရေးတို့နှင့် စပ်လျဉ်းသည့် မူဝါဒဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဦးကျော်တင်၊ ဦးသိန်းဆွေ၊ သူရဦးအောင်ကို၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီးဦးကျော်မျိုး၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားလုပ်ငန်းပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုဝင်ရောက်လာစေရေး၊ ခရီးသွားဒေသများထိန်းသိမ်းထား ရှိမှုများနှင့် ခရီးသွားများကိုပိုမိုစိတ်ဝင်စားမှု ရှိလာစေရေးအတွက် ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ပေးလိုသည့် လိုအပ်ချက်များ၊ ဖြေလျှော့ပေးစေလိုသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်အတွက် ရန်ပုံငွေလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ နယ်စပ်ဒေသ ခရီးသွားဝင်ပေါက်များ ဖွင့်လှစ်ပေးရေးနှင့်အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့အား ဗီဇာကင်းလွတ်ခွင့်ပေးရေးနှင့် စပ်လျဉ်း၍ ခွင့်ပြုပေးနိုင်ရန် ရှင်းလင်းတင်ပြသည်။

**အကြံပြု ဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် အချက်များအပေါ် အကြံပြု ဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ယနေ့ ဆွေးနွေးချက်များသည် အပြုသဘောဆောင်ပြီး အားရကျေနပ်ဖြစ်ရပါကြောင်း၊ နိုင်ငံတော်အတွက် အရင်းအနှီးအနည်းဆုံးဖြင့် အချိန်တိုအတွင်း နိုင်ငံခြားဝင်ငွေအများဆုံး ရှာဖွေပေးနိုင်သည့် လုပ်ငန်းမှာ ခရီးသွားလုပ်ငန်း ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရီးသွားအရင်းအမြစ် အများအပြားရှိပါကြောင်း၊ ယင်းအရင်းအမြစ်များကို နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

---



## ပဲခူး အကျဉ်းထောင်တွင် ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အကျဉ်းသား၊ အကျဉ်းသူများ စိတ်အပန်းပြေစေရန် ပျော်ပွဲရွှင်ပွဲကျင်းပ

**ပဲခူး   ဒီဇင်ဘာ ၂၁**

အကျဉ်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းနှင့်မိသားစုဝင်များအား စိတ်အပန်းပြေစေရန်အတွက် လည်းကောင်း၊ အကျဉ်းထောင်၊ အလုပ်စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများအား စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့လာစေရေးနှင့် အကျဉ်းကျခံလိုစိတ်လျော့နည်းပပျောက်စေပြီး ပျော်ရွှင်မှုရရှိစေရန် အကျဉ်းဦးစီးဌာန နယ်လှည့် ဖျော်ဖြေရေးဝန်ထမ်းများက ဒီဇင်ဘာ ၂၁ ရက်တွင် အကျဉ်းဦးစီးဌာန ပဲခူးအချုပ်ထောင်တွင် လာရောက်ဖျော်ဖြေခဲ့ရာ ဝန်ထမ်းနှင့်မိသားစုဝင်များ အကျဉ်းသား၊ အကျဉ်းသူများ၊ အချုပ်သား၊ အချုပ်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

**သန့်စင် (ပဲခူး)**

# လေ့ကျင့်သင်ကြားပေးလိုက်သည့် ဘာသာရပ်များနှင့် လက်တွေ့လေ့ကျင့်မှုများကို အခြေခံပြီး တာဝန်များကို ကျေပွန်စွာထမ်းဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၌ ကျင်းပသည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

**ချီတက်အလေးပြု**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ခွဲက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းမှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၂၀ ဗိုလ်လောင်း ခင်လပြည့်အား ဆုပေးအပ်ချီးမြှင့်သည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်း ဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးစဉ်။** သတင်းစဉ်

**တာဝန်ကျေပွန်စွာ ထမ်းဆောင်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် အမျိုးသမီးစစ်မှုထမ်းအရာရှိများအား လေ့ကျင့်သင်ကြား မွေးထုတ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်း အမျိုးသမီးအရာရှိများအနေဖြင့် ကြည်း၊ ရေ၊ လေ၊ ရုံးဌာနများအပါအဝင် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီးတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိနေကြကြောင်း၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) မှဆင်းသည့် အမျိုးသမီးအရာရှိ တချို့သည် အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) သင်တန်းများကို တက်ရောက်အောင်မြင်ပြီးဖြစ်သကဲ့သို့ တပ်မတော်(လေ) အမျိုးသမီးအရာရှိ တချို့သည်လည်း လေသူရဲလောင်းများအဖြစ် စတင်လေ့ကျင့်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း သင်တန်းကျောင်းက လေ့ကျင့်သင်ကြားပေးလိုက်သည့် ဘာသာရပ်များနှင့် လက်တွေ့လေ့ကျင့် ဆောင်ရွက်မှုများကို အခြေခံပြီး ပေးအပ်လာမည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

**ဂုဏ်ပြုစကားပြောကြား**

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်လောင်း ခင်လပြည့်၊ သေနတ်ပစ် အကောင်းဆုံးဆုရ ဗိုလ်လောင်း ဇာခြည်ထွန်းနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၊ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲ အခမ်းအနားကို တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

**သတင်းစဉ်**

# ရခိုင်ဒေသနှင့်ပတ်သက်၍ အစိုးရ၏ဆောင်ရွက်နေမှုများနှင့် နိုင်ငံတကာ၏အမြင်များဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ဒေသနှင့် ပတ်သက်၍ အစိုးရ၏ ဆောင်ရွက်နေမှုများနှင့် နိုင်ငံတကာ၏ အမြင်များ၊ မကြာမီက ဖမ်းဆီးခံထားရသည့် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦး၏ အခြေအနေ၊ အဆိုပါဖမ်းဆီးထားမှုအပေါ် ပြန်ကြားရေးဝန်ကြီး၏အမြင်နှင့် စာနယ်ဇင်းလွတ်လပ်ခွင့်အပေါ် သဘောထားစသည်တို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





# နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ အလုပ်သဘောလေ့လာရေးခရီး ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဝမ်ယိနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လက်ရှိပူးပေါင်းပါဝင် ဆောင်ရွက်နေမှုနှင့် ဆက်လက်ကူညီပံ့ပိုးပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်ငြိမ်အေးချမ်းမှုရရှိရေး ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး၊ ကျောက်မျက်၊ ကျောက်စိမ်း စုစုပေါင်းတန်ဖိုးငွေ ယူရိုသန်း ၄၃၉ ဒသမ ၃၅ သန်းခန့် ရောင်းချနိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၂၁

**ဒီဇင်ဘာ ၁၂ ရက်က စတင်၍ ၁၀ ရက်ကြာ ကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ကျောက်မျက်၊ ကျောက်စိမ်း စုစုပေါင်းတန်ဖိုးငွေ ယူရိုသန်း ၄၃၉ ဒသမ ၃၅ သန်းခန့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဒသမနေ့အဖြစ် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲပေါင်း ၆၆၁ တွဲအား ရတနာကုန်သည်များထံ ထပ်မံရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ကျောက်စိမ်းအတွဲ ၉၃၅ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၆၆၁ တွဲကို စုစုပေါင်းတန်ဖိုး ယူရိုငွေ ၇၆ ဒသမ ၀၉၂ သန်းဖြင့် ပြည်တွင်းပြည်ပရတနာကုန်သည်များက ဝယ်ယူခဲ့ခြင်း ဖြစ်သည်။

ပြပွဲဒသမနေ့သို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်းဦးရေ ၄၄၃၂ ဦးကျော် တက်ရောက်ခဲ့ကြပြီး ကျောက်မျက်၊ ကျောက်စိမ်း တန်ဖိုးမြင့် အချောထည်များနှင့် ကျောက်စိမ်းအတွဲများအား စိတ်ကြိုက် ကြည့်ရှုလေ့လာ ဝယ်ယူကြသည်။

မွန်းလွဲပိုင်းတွင် မဏိရတနာ ကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင် အဆောက်အအုံ၌ ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက် ရတနာပြပွဲဆိုင်ရာ အရောင်းစာရင်း အချက်အလက်များကို ထုတ်ပြန်ကြေညာသည်။

ရှင်းလင်း ထုတ်ပြန်ချက်နှင့် ပတ်သက်၍ တက်ရောက်လာကြသည့် မီဒီယာများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယခု ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်မျက်အတွဲ စုစုပေါင်း ၃၂ တွဲကို တန်ဖိုးငွေ ယူရိုသန်း ၀ ဒသမ ၇၆၇ သန်းဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲ စုစုပေါင်း ၅၀၅၄ တွဲကို တန်ဖိုးငွေ ယူရိုသန်း ၄၃၈ ဒသမ ၅၈၃ သန်းဖြင့် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတွင် အကြီးဆုံး ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တု တည်ဆောက်မည်

နေပြည်တော် ဒီဇင်ဘာ ၂၁

**မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်၌ မြန်မာနိုင်ငံတွင်အကြီးဆုံး ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တု တည်ဆောက်နိုင်ရန် တာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိနေရာ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။**

**မေး။ ။နေပြည်တော် သပြေကုန်းအဝိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ် တည်ဆောက်ဖို့ ဘယ်လို စိတ်ကူးတွေ စတင်ရရှိခဲ့တယ်ဆိုတာ သိပါရစေ ။**

ဖြေ။ ။ နေပြည်တော်မြို့တော်မှာ ဗိုလ်ချုပ်ကြေးရုပ် ရှိစေချင်တယ်ဆိုတဲ့ ပြည်သူတွေရဲ့ဆန္ဒကိုလည်း သိရတယ်၊ နေပြည်တော်မှာ လမ်းဆုံအဝိုင်းပေါင်း ၁၄ ဝိုင်းရှိတယ်၊ အဲဒီမှာ ပန်းနာမည်တွေနဲ့ ပန်းရုပ်တုတွေရှိကြတယ်၊ သပြေကုန်းအဝိုင်းမှာတော့ ထူးထူးခြားခြား ဘာရုပ်တုမှမရှိဘူး၊ အဲဒီမှာ ပြည်သူတွေရဲ့



**နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ**

ဆန္ဒနဲ့အတူ ကျွန်တော်တို့လည်း ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရှိရင် ဘယ်လောက်ကောင်းမလဲဆိုတဲ့ ဆန္ဒတွေ ပေါ်ပေါက်လာပါတယ်၊ ကျွန်တော်တို့ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်တွေဆိုတာကလည်း ပြည်သူကြားက ပေါက်ဖွားလာတဲ့ ပြည်သူက ရွေးချယ်ထားတဲ့ သူတွေဖြစ်ပါတယ်၊ ဒါကြောင့်ပြည်သူရဲ့ဆန္ဒနဲ့ ထပ်တူကျတဲ့ နေပြည်တော် သပြေကုန်းအဝိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တည်ဆောက်ဖို့ စိတ်ကူးတွေ စတင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

**မေး။ ။ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ တည်ဆောက်မယ်ဆိုတာကိုလည်း သိပါရစေ။**


ဖြေ။ ။ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ကို ရည်ရွယ်ချက်သုံးခုနဲ့ တည်ဆောက်သွားမှာ ဖြစ်ပါတယ်၊ ပထမရည်ရွယ်ချက်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ မြို့တော်ဖြစ်တဲ့ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေမှာ လွတ်လပ်ရေးဖခင်၊ တပ်မတော်ဖခင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုတစ်ခု ဝင့်ကြွားစွာတည်ရှိစေဖို့၊ ဒုတိယရည်ရွယ်ချက်က ဗိုလ်ချုပ်အောင်ဆန်းရဲ့ စွန့်လွှတ်စွန့်စား အနစ်နာခံမှုတွေကို နောင်လာနောက်သားတွေ အစဉ်အမြဲ အောက်မေ့သတိရ တန်ဖိုးထားစေဖို့နဲ့ လေးစားဂုဏ်ယူ အားကျအတုယူလာစေဖို့ ဖြစ်ပြီး တတိယရည်ရွယ်ချက်ကတော့ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့တဲ့ ခွင့်တူညီမျှတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အမြန်ဆုံးပေါ်ထွန်းလာနိုင်ဖို့အတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်လာစေဖို့ ဖြစ်ပါတယ်။

**မေး။ ။ဗိုလ်ချုပ်မြင်းစီးကြေးရုပ် တည်ဆောက်ဖို့ ဘယ်လိုကော်မတီတွေ ဖွဲ့စည်းထားတယ် ဆိုတာကို ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တု ဖြစ်မြောက်ရေးကော်မတီကို နာယက လေးဦးပါဝင်တဲ့ အဖွဲ့ဝင် ၂၃ ဦးနဲ့ ဖွဲ့စည်းထားပါတယ်၊ နာယကတွေက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နဲ့ ပြည်ထောင်စု လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူး ကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မတီဝင် ဦးဝင်းထိန်တို့ ဖြစ်ပါတယ်၊ ဥက္ကဋ္ဌကတော့ ကျွန်တော် ဦးမင်းသူ ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌတွေကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်၊ ဇမ္ဗူသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင် က တွဲဖက်အတွင်းရေးမှူးဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးမြင့်ဆွေ က အတွင်းရေးမှူး ဖြစ်ပါတယ်၊ နောက်ထပ် ဆပ်ကော်မတီငါးခု ဖွဲ့စည်းထားပါတယ်၊ အဲဒါတွေက တည်ဆောက်ရေးကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ စည်းရုံးလှုံ့ဆော်ရေးကော်မတီနဲ့ လုပ်ငန်းတည်ဆောက်မှုဆိုင်ရာ စစ်ဆေးရေးကော်မတီတွေ ဖြစ်ပါတယ်။

**မေး။ ။ နေပြည်တော်မှာ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ် တည်ဆောက်ဖို့ သပြေကုန်းအဝိုင်းကို ဘာကြောင့် ရွေးချယ်ရပါသလဲ ခင်ဗျာ။**

ဖြေ။ ။ နေပြည်တော်မှာရှိတဲ့ လမ်းဆုံအဝိုင်းတွေက ပန်းနာမည်တွေနဲ့ သတ်မှတ်ထားတယ်၊ သပြေကုန်းအဝိုင်းမှာတော့ ပန်းအမည်နဲ့ ကိုယ်စားပြု အကောင်အထည်ဖော်နိုင်တာ မရှိသေးပါဘူး၊ သပြေကုန်းအဝိုင်းဟာ နေပြည်တော်ရဲ့ အလယ်ဗဟိုဖြစ်ပြီး Land Mark လည်း ဖြစ်တယ်၊ သပြေကုန်းအဝိုင်းကို နိုင်ငံတကာက သံတမန်တွေ၊ ဧည့်သည်တွေအပါအဝင်



> “ဗိုလ်ချုပ်အောင်ဆန်းရဲ့ စွန့်လွှတ်စွန့်စား အနစ်နာခံမှုတွေကို နောင်လာနောက်သားတွေ အစဉ်အမြဲ အောက်မေ့သတိရ တန်ဖိုးထားစေဖို့နဲ့ လေးစားဂုဏ်ယူ အားကျအတုယူလာစေဖို့ ဖြစ်”

လွှတ်တော်ကိုယ်စားလှယ်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူတွေ အများဆုံးဖြတ်သန်းသွားလာကြတယ်၊ နောက်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ကျေးဇူးရှင် လွတ်လပ်ရေးဖခင်ကြီးရုပ်တုကို အဲဒီလို အထင်ကရနေရာမှာ တည်ဆောက်ရင်ကောင်းမယ်ဆိုတဲ့ ပြည်သူ့အသံတွေကိုလည်း ကြားရတယ်၊ ဒါကြောင့် ပြည်သူ့ဆန္ဒနဲ့ ထပ်တူဖြစ်စေမယ့် သပြေကုန်းအဝိုင်းမှာ တည်ဆောက်ဖို့ ရွေးချယ်ရခြင်း ဖြစ်ပါတယ်။

**မေး။ ။ တည်ဆောက်မယ့် ဗိုလ်ချုပ်ကြေးရုပ်ရဲ့အတိုင်းအတာတွေကို သိလိုပါတယ်။**

ဖြေ။ ။ ဗိုလ်ချုပ်ကြေးရုပ်ကို အောက်ခံအုတ်ခုံ ၁၅ ပေ၊ မြင်းစီးရုပ်တု ၁၈ ပေ စုစုပေါင်း အနိမ့်ဆုံးအမြင့် ၃၃ ပေနဲ့ တည်ဆောက်မယ်လို့ ဗိသုကာပညာရှင်တွေက တွက်ချက်ထားပါတယ်၊ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ရဲ့မြင်းခေါင်းက အရှေ့ဘက် ပျဉ်းမနားဘက်၊ မြင်းရဲ့အမြီးပိုင်းက အနောက်ဘက်တောင်ညိုဘက်ဖြစ်ပြီး ဗိုလ်ချုပ်ရဲ့မျက်နှာက တောင်ဘက်လှည့်မှာ ဖြစ်ပါတယ်၊ ကြေးပိသာချိန် ခုနစ်တန်လောက် ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ ဗိုလ်ချုပ်ကြေးရုပ်တွေထဲမှာ အကြီးဆုံးဖြစ်ပါမယ်။

**မေး။ ။ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ကို ဘယ်အချိန်ကာလမှာ စတင်တည်ဆောက်ပြီး ဘယ်ကာလမှာ ပြီးစီးမယ်လို့ ခန့်မှန်းထားပါသလဲ၊ ငွေကြေးဘယ်လောက်ထိ ကုန်ကျမယ်လို့ ခန့်မှန်းထားပါသလဲ။**

ဖြေ။ ။ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ် ပုံလောင်းတဲ့အဆင့်က ၂၀၁၈ နှစ်ဦးပိုင်းဆိုရင် စတင်ပြီလို့ ပြောလို့ရပါတယ်၊ ငွေကြေးကုန်ကျမှုနဲ့ အချိန်ကိုကန့်သတ်ချက်မထားပါဘူး၊ လျာထားချက်အရ ငွေကျပ်သိန်း ၂၀၀၀ ဝန်းကျင် ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်၊ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ဒီထက်လည်း ပိုသွားနိုင်ပါတယ်၊ ကုန်ကျစရိတ်ကို ပြည်သူတွေထည့်ဝင်ငွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ပြည်သူတွေရဲ့ဆန္ဒအတိုင်း ပြည်သူတွေပါဝင်မှုနဲ့ပဲ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တုကို တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ဗိသုကာပညာရှင်ရဲ့ အမည်ကိုလည်း သိပါရစေ။**

ဖြေ။ ။ ဗိသုကာပညာရှင်ရဲ့အမည်က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)က အငြိမ်းစား ပါမောက္ခ ဒေါက်တာဦးမြင့်စံ ဖြစ်ပါတယ်၊ သူ့ရဲ့ထင်ရှားတဲ့ လက်ရာကိုပြရရင် နေပြည်တော် စစ်ရေးပြကွင်းကြီးမှာရှိတဲ့ မင်းသုံးပါးရုပ်တုတွေ ဖြစ်ပါတယ်။

**မေး။ ။နေပြည်တော် သပြေကုန်းအဝိုင်းမှာ တည်ဆောက်မယ့် ဗိုလ်ချုပ်မြင်းစီးကြေးရုပ်အတွက် လှူဒါန်းချင်တယ်ဆိုရင် ဘယ်ကို ဘယ်လိုလှူဒါန်းရမယ်ဆိုတာကို သိပါရစေ။**

ဖြေ။ ။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေအနေနဲ့ နေပြည်တော်မှာ တည်ဆောက်မယ့် ဗိုလ်ချုပ်ကြေးရုပ်အတွက် လှူဒါန်းချင်တယ်ဆိုရင် ဘဏ္ဍာရေးဆပ်ကော်မတီက ဦးမောင်မောင်ဆွေ ဖုန်း ၀၉-၇၉၇၆၃၇၉၃၂၊ ဦးနေလင်း ဖုန်း ၀၉-၄၃၀၃၈၄၈၂၊ ဦးနေလင်းထိုက် ဖုန်း ၀၉-၅၅၈၈၄၄ တွေကို ဆက်သွယ်လှူဒါန်းနိုင်ပြီး ဘဏ်အကောင့်တွေဖြစ်တဲ့ ကမ္ဘောဇဘဏ်ရဲ့ ၀၈၄-၃၀၃-၀၈၄၀၁၀၇၈၇၀၁ KANBAWZA (NPT-2) အကောင့်၊ CB Bank ရဲ့ရာဇဌာနီဘဏ်ခွဲ ၀၀၆၄၆၀၀၁၀၀၀၀၆၅၂၇၇ အကောင့်နဲ့ မြန်မာ့စီးပွားရေးဘဏ်၊ ပျဉ်းမနားဘဏ်ခွဲရဲ့ CF.003456 အကောင့်တွေကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်၊ ပြည်သူအနေနဲ့ တစ်ဦးချင်းဖြစ်စေ၊ အစုလိုက်ဖြစ်စေ နည်းများမဆို ထည့်ဝင်လှူဒါန်းနိုင်ပါတယ်၊ လှူဒါန်းငွေတွေနဲ့ပတ်သက်လို့ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းကို တိတိကျကျ လိုက်နာကျင့်သုံးသွားပါမယ်၊ စာရင်းစစ်နဲ့တကွ တင်ပြနိုင် အစစ်ဆေးခံနိုင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မင်းမင်းဇော်၊ မွေးကြူဇင်**

## ကိုရီးယားနိုင်ငံမှ ထောက်ပံ့သည့် နေရောင်ခြည်သုံးလမ်းမီးများ တပ်ဆင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် မြန်မာဆယ်မားအူးလ်အွန်ဒုံ စီမံကိန်းအရ ကိုရီးယားသမ္မတနိုင်ငံ (Chungnam Center for Creative Economy and Innovation) မှ ထောက်ပံ့သော နေရောင်ခြည်သုံး လမ်းမီးများ (Solar Street Lamp- SSL) တပ်ဆင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀နာရီတွင် ကော့မှူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးရှေ့နှင့် ကော့မှူးမြို့နယ် ဆပုဂံကျေးရွာတို့တွင် ကျင်းပသည်။

ထို့နောက် ဆပုဂံကျေးရွာ ဆိုလာဖြင့် လမ်းမီးများ (Solar Street Lamps-SSL) တပ်ဆင်ခြင်း ဆိုင်းဘုတ်အား စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်၊ ကိုရီးယားသမ္မတနိုင်ငံ (Chungnam Center for Creative Economy and Innovation) မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် တက်ရောက်လာသူများက ဆပုဂံကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်း ပြီးစီးနေမှုနှင့် နေရောင် ခြည်သုံးလမ်းမီးများ တပ်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။ (ဓါတ်ပုံ)

**သတင်းစဉ်**



## ဆေးရုံသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ ဖလမ်း၌ ကျင်းပ

**ဖလမ်း ဒီဇင်ဘာ ၂၁**

အမေရိကန်နိုင်ငံ ဆေးရုံတစ်ခုမှ ပေးပို့လှူဒါန်းသော ဆေးရုံသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာလတတိယပတ်က ဖလမ်းမြို့ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်နှင့် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်တို့က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ဆေးရုံသုံးပစ္စည်းများအား ဦးဖိလစ်ထွန်းက လွှဲပြောင်းပေးအပ်ရာ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ မင်းဇော်အေးက လက်ခံရယူသည်။ ထို့နောက် ဖလမ်းဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများ အလှူခံရရှိနိုင်ရေးနှင့် အမေရိကန်နိုင်ငံမှ ဖလမ်းမြို့အထိ ရောက်ရှိနိုင်ရေး အဘက်ဘက်မှ ကူညီပံ့ပိုးပေးသော သူများအား မြို့မိမြို့ဖများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါပစ္စည်းများသည် အမေရိကန်ရောက် ဖလမ်းအမျိုးသားများ Lailun Project-Falam အဖွဲ့က အမေရိကန် ဆေးရုံတစ်ခုတွင် အလှူခံခြင်းမှရရှိသော ပစ္စည်းများဖြစ်ပြီး ဆေးရုံသုံးပစ္စည်းအမျိုးအစားပေါင်း ၇၀၀ ပါဝင်ကြောင်း သိရသည်။

ဆက်လက်၍ Ruby Dragon Company က ဖလမ်းမြို့အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းငါးကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၁၀၀၀ အတွက် ကျောင်းသုံးစာရေးကိရိယာနှင့် မုန့်များလှူဒါန်းရာ အဆိုပါကျောင်းမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

တတိယနေရာရရှိရန် ထိုင်းအသင်းကို ထပ်မံကျော်ဖြတ်ရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များအပြီးတွင် ယိုကိုဟားမား ယူ-၂၁ အသင်းက ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ ဗီယက်နမ် ယူ-၂၁ အသင်းက ခုနစ်မှတ်ဖြင့် ဒုတိယ၊ ထိုင်း ယူ-၂၁ အသင်းက လေးမှတ်ဖြင့် တတိယ၊ မြန်မာ ယူ-၂၁ အသင်းက လေးမှတ်ဖြင့် စတုတ္ထ၊ ဗီယက်နမ် ယူ-၁၉ အသင်းက နှစ်မှတ်ဖြင့် ပဥ္စမနေရာရခဲ့သည်။ မြန်မာအသင်းသည် ထိုင်းအသင်းနှင့် အမှတ်တူသော်လည်း ဂိုးကွာခြားချက်ဖြင့် စတုတ္ထနေရာသာရခဲ့ခြင်း ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ယင်းပြိုင်ပွဲတွင် အကြိမ်တိုင်းနီးပါး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံးအဖြစ် စတုတ္ထနေရာသာ ရရှိဖူးကာ ယခုပြိုင်ပွဲတွင် တတိယရခဲ့ပါက ပထမဆုံး အကြိမ် ရရှိမှုအဖြစ် မှတ်တမ်းဝင်မည် ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**

## လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာအဆင့် ဝယ်ယူရေး သင်တန်းဖွင့်

**ကျောက်တန်း ဒီဇင်ဘာ ၂၁** - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းကိုစတင်ရန် ကျောက်တန်းမြို့နယ် စီမံကိန်းဝင်ကျေးရွာများတွင် ဒီဇင်ဘာ ၂၁ ရက်က စီစဉ်နေကြပြီဖြစ်သည်။

အဆိုပါကျေးရွာ ၂၆ ရွာမှ ဝယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင်များအနေဖြင့် ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျနှင့် နည်းလမ်းမှန်စွာ ဝယ်ယူရာတွင် ဝယ်ယူရေးဆိုင်ရာနည်းပညာကို သိရှိရန်နှင့် အသုံးပြုရမည့်ပုံစံများကို စနစ်တကျအသုံးပြုရန်အတွက် လူထုဗဟိုပြုစီမံကိန်းနည်းပညာရေး အကြံပေးအဖွဲ့မှ ဝယ်ယူရေးအရာရှိ ဦးကြည်ခိုင်က ကျောက်တန်းမြို့နယ် ကမာကလုပ်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ရှင်းလင်းဆွေးနွေးသည်။ အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စု ၁၆ အုပ်စု၊ ကျေးရွာ ၂၆ ရွာတို့မှ လူထုဗဟိုပြုစီမံကိန်း ကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီဝင် ၇၅ ဦး တက်ရောက်ကြောင်း သိရသည်။ **စိုးဝင်း (ကျောက်တန်း)**

# ပြည်သူဗဟိုပြု ဝန်ဆောင်မှုများဆီသို့ စာအုပ်မိတ်ဆက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မျက်မှောက်ပြု ကြုံတွေ့နေရသော ဝန်ဆောင်မှုများမှ ပြည်သူဗဟိုပြု ဝန်ဆောင်မှုများ ဖြစ်မြောက်နိုင်ရေး အတွက် ကြံစည်အားထုတ်လုပ်ကိုင်ကြရာတွင် တစ်နည်းတစ်လမ်း အထောက်အကူပြုနိုင်မည့် စာရေးသူ ဆင်ဖြူကျွန်းသန်းထွန်း၏ **ပြည်သူဗဟိုပြု ဝန်ဆောင်မှုများဆီသို့** စာအုပ်ထွက်ရှိလာသည်။

ယင်းစာအုပ်တွင် နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည်ကို ပေါ်လွင်ရန် ဦးစွာရေးသားထားပြီး ပြည်သူဗဟိုပြုဝန်ဆောင်မှုများ ဖြစ်မြောက်ရေး နည်းလမ်းများအကြောင်း၊ မျက်မှောက်ကာလတွင် အပြောများနေသော တရားဥပဒေစိုးမိုးရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တာဝန်သိရေး၊ တာဝန်ခံရေး၊ ပွင့်လင်းမြင်သာမှုရှိရေး ဆိုသော ကောင်းမွန်သောအုပ်ချုပ်မှု၏ အဓိကလက္ခဏာများအကြောင်း၊ ၁၉၈၀ ပြည့်လွန်နှစ်များမှစပြီး ပြည်သူ့ဝန်ဆောင်မှုပေးရေးလုပ်ငန်းများတွင် ခေတ်စားနေသော ပြည်သူ့ရေးရာစီမံဆောင်ရွက်မှုနည်းသစ် New Public Management -NPM အကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စိတ်ဓာတ် မိုင်းဆက်ကို မည်သို့ ပြုပြင်ပြောင်းလဲပေးနိုင်သနည်း ဆိုသည့်အချက်၊ ပြည်သူဗဟိုပြု ဝန်ဆောင်မှုဟူသော သဘောထားအယူအဆကို သိမြင်နားလည်နိုင်ရေးတွင် အထောက်အကူဖြစ်စေရန် ၂၀၁၁ ခုနှစ်နောက်ပိုင်း ဆောင်ရွက်ခဲ့သည့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများတွင် ပါဝင်သော နိုင်ငံ့ဝန်ထမ်းဝန်ဆောင်မှု တိုးတက်ကောင်းမွန်ရေးလုပ်ငန်းအကြောင်း စသည်တို့ကို ထည့်သွင်းရေးသားထားပြီး လေ့လာလိုသူများအတွက် အသုံးဝင်မည်ဟု မှတ်ယူသော စာရွက်စာတမ်းများကို




ရည်ညွှန်းစာအုပ် စာတမ်းများတွင် ဖော်ပြထားသော စာအုပ်တစ်အုပ်ဖြစ်သည်။

ယင်းစာအုပ်ကို Quality Publishing House မှ ထုတ်ဝေပြီး တန်ဖိုးမှာ ၃၅၀၀ ကျပ် ဖြစ်သည်။ **သတင်းစဉ်**

## မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်သောလုပ်ငန်းများစစ်ဆေး

**သီပေါ ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ၅၁ ယူနစ်၊ ကျေးရွာ ၅၈ ရွာသို့ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ဒီဇင်ဘာ ၂၁ ရက်က သွားရောက်၍ စာရင်းဇယားများ မှန်ကန်စွာ ဖြည့်သွင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ပေးခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာ၌ အရင်းအနှီးများ ရရှိလာ၍ ကျေးလက်ဒေသခံ ပြည်သူများအနေဖြင့် မိသားစုဝင်ငွေတိုးပွားသည့်အကျိုး ရရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( ရန်ကုန်မြို့ )



၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖိတ်ခေါ်ထား

**နေပြည်တော် ဒီဇင်ဘာ ၂၁**

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ (17th Congress of Southeast Asian Librarians - CONSAL XVII) ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ ၅ ရက်အထိ နေပြည်တော် MICC 2 တွင် ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် www.consalxvii.org/registration တွင် လည်းကောင်း၊ ပြခန်းခင်းကျင်းလိုသူများသည် www.consalxvii.org/exhibition တွင် လည်းကောင်း စာရင်းပေးသွင်းနိုင်ကြပြီး ညီလာခံကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ငွေကြေးအားဖြင့်လည်းကောင်း၊ အမှတ်တရပစ္စည်းအားဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းကူညီပေးနိုင်ရန် ဖိတ်ခေါ်ထားရာ ဦးအောင်မြင့် (ညွှန်ကြားရေးမှူးချုပ် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန)ဖုန်း- ၀၆၇- ၃၄၀၈၃၈၃၊ ဒေါ်အဝင်း (ဒုတိယဥက္ကဋ္ဌ(၁) မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း)ဖုန်း-၀၉-၂၅၀၃၅၄၃၅၄၊ ဒေါ်မြဦး (ညွှန်ကြားရေးမှူး အမျိုးသားစာကြည့်တိုက် (နေပြည်တော်)) ဖုန်း-၀၉-၄၂၀၇၂၈၄၄၆ နှင့် ဒေါက်တာကေသီအေး (လက်ထောက်ညွှန်ကြားရေးမှူး အမျိုးသားစာကြည့်တိုက်(နေပြည်တော်)) ဖုန်း-၀၉-၄၃၀၆၅၂၆၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ သိရသည်။ **မြန်မာ့အလင်း**

# သတင်းမီဒီယာသမားနှစ်ဦး ဖမ်းဆီးခံရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၁

**သတင်းမီဒီယာသမားနှစ်ဦး ဖမ်းဆီးခံရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။**

**အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**သတင်းမီဒီယာသမားနှစ်ဦး ဖမ်းဆီးခံရခြင်းနှင့်ပတ်သက်၍**
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏**
**သတင်းထုတ်ပြန်ချက်**
**အမှတ်စဉ်(၁၄/၂၀၁၇)**

၁။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ရန်ကုန်မြို့တွင် ပြန်လည်အနားပေးစုဖွဲ့လျက်ရှိသော လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ဝင်များထံမှ ရရှိခဲ့သည့် လုံခြုံရေးဆိုင်ရာ အရေးကြီးစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တွေ့ရှိခဲ့သော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုသက်ဦးမောင်(ခ)ကိုဝလုံးနှင့် ကိုကျော်စိုးဦး(ခ) ကိုမိုးအောင်တို့ နှစ်ဦးအား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ ညတွင် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၌ ဖမ်းဆီးရမိကြောင်း၊ ၎င်းတို့ နှစ်ဦးအား ထောက်ကြန့်နယ်မြေရဲစခန်း(ပ)၁၂၉၈/၂၀၁၇၊ ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းများအရ သိရှိရပါသည်။

၂။ အဆိုပါ သတင်းထောက်နှစ်ဦးအား မိသားစုဝင်များနှင့် တွေ့ဆုံခွင့် မရရှိကြောင်း၊ မည်သည့်နေရာတွင် ချုပ်နှောင်ထားသည်ကို မသိရှိရကြောင်း၊ ၎င်းတို့အပေါ် စွပ်စွဲချက်များကို ခုခံချေပဖြေရှင်းနိုင်ရေးအတွက် ရှေ့နေနှင့် တွေ့ဆုံခွင့် မရရှိကြောင်း ကော်မရှင်သို့ တိုင်တန်းချက်အရ သိရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၎င်းတို့အား ဖမ်းဆီးထိန်းသိမ်းခံထားရစဉ် ညှဉ်းပန်းနှိပ်စက်မှု မခံရစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေး၊ မိသားစုဝင်များ၊ ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိရေးတို့ အပါအဝင် ၎င်းတို့ရပိုင်ခွင့်ရှိသော လူ့အခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်

## အပူပိုင်းမုန်တိုင်းငယ်သို့ အားလျော့သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “ကိုင်တက်”(Kai-Tak) သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားလျက်ရှိပြီး မလေးရှားနိုင်ငံ ဒန်ဂန်(Dungun) မြို့၏ အရှေ့-အရှေ့မြောက်ဘက် မိုင် ၃၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းသည် နောက်လေးရက်အတွင်း မလေးရှားနိုင်ငံအနီးသို့ ရောက်ရှိပြီး အပူပိုင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာလ ၇ ရက်နေ့မှ ဒီဇင်ဘာလ ၁၃ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

(၁၈-၁၂-၂၀၁၇ ရက်မှအဆက်)

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၆ | လူ့အခွင့်အရေးလား၊နိုင်ငံသားအခွင့်အရေးလား၊ ကြားအဖြေမရှိတဲ့ မောင်တောပဋိပက္ခ | သောင်းလွင်ဟိန်း | ၂၀၀၀ | DATA Publishing |
| ၂၇ | ခေတ်အဆက်ဆက်အနုပညာရှင် ဗိုလ်ကလေးတင့်အောင် | မောင်ဆွေသက် | ၆၀၀၀ | စိမ်းညက်ချမ်းသာ |
| ၂၈ | မင်းသားကြီးဝတ္ထုတိုများ | မင်းခိုက်စိုးစန် | ၃၀၀၀ | စိတ်ကူးချိုချို |
| ၂၉ | ကျွန်တော်နှင့် ကဗျာ | နေမျိုး | ၂၀၀၀ | ကျော်မွှေး |
| ၃၀ | ရေနွေးငွေ့ဂုလက်စီကဗျာများ | ကလောင်စုံ | ၁၅၀၀ | Pica media |
| ၃၁ | ခေါင်းဆောင်မှု | ညီမင်းအိမ် | ၃၅၀၀ | Global Piece Group |
| ၃၂ | ပုဂံခေတ်ယဉ်ကျေးမှု | ဦးသိမ်းမောင် | ၁၈၀၀ | စိတ်ကူးချိုချို |
| ၃၃ | ကမ္ဘာတစ်လွှားမှကံကောင်းစေမည့် အဆောင်များနှင့် အစီအရင်များ | ဟိန်းလတ် | ၂၅၀၀ | မဇ္ဈိမ |
| ၃၄ | ဘဝတစ်ပါးမှ ရပ်တန့်ငေးမောနေသော ကဗျာနှင့် အက်ဆေး | စစ်ငြိမ်း | ၂၀၀၀ | နှစ်ကာလများ |
| ၃၅ | စာရေးဆရာ၏ စာရေးဆရာ | ကလောင်စုံ | ၂၅၀၀ | စိတ်ကူးချိုချို |
| ၃၆ | ရတနာပုံ စကားဝိုင်း | မောင်ခင်မင်(ဓနုဖြူ) | ၃၀၀၀ | ခဝဲလှေမွန် |
| ၃၇ | Techonical Analysis of the financial Market | မင်းသန်းထွတ် | ၅၀၀၀ | ခဝဲလှေမွန် |
| ၃၈ | ကျွန်တော်ကြုံတွေ့ခဲ့ရသော ဇာတ်လမ်းများ | ပန်းတနော်ခင်မောင်မြင့် | ၁၅၀၀ | မျိုးဆက်သစ် |
| ၃၉ | သေမင်းစာအုပ် | ရာဇာကျော် | ၅၀၀၀ | Unity |
| ၄၀ | ဦးကုလားရာဇဝင်ချုပ်နှင့် မုံရွေးရာဇဝင်ချုပ်လင်္ကာ | | ၁၅၀၀ | စိတ်ကူးချိုချို |
| ၄၁ | ချိုးမွေးဖွားခြင်းနှင့် အခြားဝတ္ထုဆောင်းပါးများ | ခင်မောင်အေး | ၁၅၀၀ | မျိုးဆက်သစ် |
| ၄၂ | လမင်းသာချိန်ကဗျာများ | မောင်လုနိုင်(ဘုတလင်) | ၁၅၀၀ | မျိုးဆက်သစ် |
| ၄၃ | မှတ်တမ်းဝင်ပုဂ္ဂိုလ်များ၏ အမှတ်ထင်ထင် ဖြစ်ရပ်များ နှင့် မှတ်မှတ်ရရစကားများ | မောင်ခင်မင်(ဓနုဖြူ) | ၃၀၀၀ | စာပေခရီးသွား |
| ၄၄ | ဆရာဝန်မလုပ်သော ဆရာဝန်များနှင့်ဦးနှောက်ပြုန်းတီးမှု | ကလောင်စုံ | ၂၀၀၀ | လင်းသစ်ရောင်စဉ် |
| ၄၅ | ရှေ့တန်းခေါင်းဆောင်ဖြစ်လိုသော | ဦးနု | ၂၅၀၀ | စိတ်ကူးချိုချို |
| ၄၆ | ငြင်းဆိုပြီးနောက် ကဗျာကို ကောင်းကင်ပေါ် လွှင့်တင်လိုက်တယ် | ကွန်စစ်ကောင်း | ၂၀၀၀ | လင်းသစ်ရောင်စဉ် |

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၈၉) သင်တန်းဆင်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၁

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၈၉) သင်တန်းဆင်းစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲချုပ် အောင်ဝင်းဦးက ဒုတိယ ရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးသည်။ ထို့နောက် ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုပြီး ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုနှင့် အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၉) ဒုတိယရဲအုပ်လောင်း စိုင်းသူရိန်စိုး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၃) ဒုတိယရဲအုပ်လောင်း ကျော်သီဟ၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၁၇) ဒုတိယရဲအုပ်လောင်း မျိုးကိုကို၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၆၀) ဒုတိယရဲအုပ်လောင်း နွေးနွေးထူးတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

### ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေး

ထို့နောက် ရဲချုပ်က အမှာစကားပြောကြားရာတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရတော့မည်ဖြစ်သည့်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ်နှင့် ညီအောင် ကျင့်ကြံနေထိုင်၍ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ အမျိုးသမီးရဲအရာရှိများအနေဖြင့်လည်း ရဲတပ်ဖွဲ့က ဆောင်ရွက်နေသည့် အရေးကြီးလုံခြုံရေး၊ မှုခင်းဖော်ထုတ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဆိုင်ရာ ကဏ္ဍများတွင် အမျိုးသားတပ်ဖွဲ့ဝင်များနှင့်အတူ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားကြရန်၊ ပြောင်းလဲလာသည့် ခေတ်စနစ်များနှင့်အညီ ရဲတပ်ဖွဲ့၏မူဝါဒများ၊ အခြေခံဆောင်ရွက်ချက်များ၊ လုပ်ဆောင်မှုစနစ်များ၊ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ တိုးတက်အောင် ဆောင်ရွက်၍ ရဲတပ်ဖွဲ့၏ ကောင်းမွန်သည့် သမားစဉ်လုပ်ငန်းများ၊ အစဉ်လာများကို ထိန်းသိမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ညနေပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲကို ဇီးပင်ကြီး ရဲအရာရှိ လေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ် အောင်ဝင်းဦးတို့တက်ရောက် ချီးမြှင့်ခဲ့ပြီး ရဲအရာရှိကြီးများ၊ သင်တန်းဆင်းဒုတိယရဲအုပ်များ၊ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

---

*** ရှေ့ဖုံးမှ**

ခရစ်ယာန်အသင်းတော်တွေနဲ့ ပူးပေါင်းပါဝင်ဆွေးနွေးခဲ့ကြတယ်၊ အခု ကျင်းပမယ့် ခရစ္စမတ်ပွဲတော်ကြီးကို ရန်ကုန်မြို့သူ မြို့သားတွေ အပါအဝင် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေ အားလုံး အတူတကွ ပါဝင်ဆင်နွှဲနိုင်ဖို့ ရည်ရွယ်တာပါ၊ ပထမဆုံးကျင်းပမယ့် ဒီ ခရစ္စမတ်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ Cantata သီဆိုခြင်း၊ တေးသရုပ်ဖော်တင်ဆက်ခြင်း၊ ခရစ္စမတ် နိုပါတ်စဉ်ပြသခြင်း၊ ခရစ္စမတ်အကြောင်း သိကောင်းစရာများ ဝေမျှခြင်းနှင့် အမှတ်တရ Photo Booth နေရာများ ထားရှိသွားမည်ဖြစ်သည်။ ထို့အပြင် လာရောက်အားပေးသော ပြည်သူများအား အကျွေးအမွေး (စတုဒိသာ)များဖြင့် ဧည့်ခံခြင်း၊ ခရစ္စမတ်လက်ဆောင်ပစ္စည်းများ ပေးဝေခြင်းနှင့် ကျွမ်းကျင်သော အတတ်ပညာများဖြင့် ဒီပွဲကို ခရစ်ယာန်ဘာသာဝင်မှ မဟုတ်ပါဘူး ဘယ်ဘာသာဝင်၊ ဘယ်လူမျိုးပဲဖြစ်ဖြစ် ပျော်ရွှင်စွာနဲ့ လက်ဆောင်လေးတွေယူ၊ မုန့်လေးတွေစားရင်း၊ တေးသီချင်းတွေကို နားထောင်ပြီး ပါဝင်ကြဖို့ ဖိတ်ခေါ်ပါတယ်”ဟု ပြောကြားသည်။

### သီဆိုဖျော်ဖြေ

အဆိုပါ ခရစ္စမတ်ပွဲတော်၌ ပျော်ပွဲရွှင်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များပါဝင် ထည့်သွင်းသွားမည် ဖြစ်ရာ




**ရန်ကုန်မြို့၌ ပထမဆုံးအကြိမ်ကျင်းပမည့် ခရစ္စမတ်ပွဲတော်နှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းစဉ်။**

ကျင်းပနိုင်ရေး အသင်းတော်အားလုံး ညှိနှိုင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး အစိုးရကို ခွင့်ပြုချက်တောင်းခံခဲ့ပါတယ်၊ ခွင့်ပြုချက်ရလို့ ရန်ကုန်မြို့ရဲ့ ပထမဆုံးသော ခရစ္စမတ်ပွဲတော်ကြီးကို ပျော်ရွှင်စွာနဲ့ ကျင်းပခွင့်ရခဲ့တာဖြစ်ပါတယ်”ဟု ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ Rev. ဦးတိုးတိုးက ယနေ့ တော်ဝင်ဂါးဒင်း ဟိုတယ်၌ ကျင်းပသော ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

### ပူးပေါင်းပါဝင်

ပထမဆုံးအကြိမ် ရန်ကုန်မြို့၌ ကျင်းပမည့် ခရစ္စမတ်ပွဲတော်ကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ နေ့စဉ်ညနေ ၆ နာရီခွဲမှ ည ၁၀ နာရီအတွင်း ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် ပထမဆုံး ကျင်းပမည့် ခရစ္စမတ်ပွဲတော်ကို ဗိုလ်ချုပ်ဈေးရှေ့မှ သိမ်ဖြူလမ်းထောင့်အထိ၊ မောနွေလ ဘုရားကျောင်းရှေ့ (မဟာဗန္ဓုလပန်းခြံ)နှင့် သခင်မြပန်းခြံ (အလုံမြို့နယ်)တို့၌ သုံးနေရာခွဲ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်ကာလအတွင်း ကျင်းပရာ နေရာများတွင် ငြိမ်းချမ်းရေးအတွက် ဆုတောင်းပေးခြင်း၊ ခရစ္စမတ် ဓမ္မတေးသီချင်းများ သီဆိုချီးမွမ်းခြင်း၊ ခရစ္စမတ်ပူးပေါင်းပါဝင်ခြင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

### အတူယှဉ်တွဲနေထိုင်

ရန်ကုန်မြို့၌ ပထမဆုံးအကြိမ် ကျင်းပမည့် ခရစ္စမတ်ပွဲတော်နှင့် ပတ်သက်၍ တေးသံရှင် ဖြူဖြူကျော်သိန်းက “ခရစ်ယာန် ဂိုဏ်းဂဏပေါင်းစုံက ပါဝင်တဲ့ ပွဲလေးဖြစ်ပါတယ်၊ ပျော်ရွှင်ခြင်း၊ ကျေးဇူးတင်ခြင်းနဲ့ ဝမ်းမြောက်ခြင်းတို့ကို ခံစားရပါတယ်၊ ဒီပွဲဖြစ်မြောက်တဲ့အတွက် အလွန်ပဲ ဝမ်းသာပါတယ်၊ တိုင်းပြည်ရဲ့ အရွေ့လေးတစ်ခု သိသိသာသာဖြစ်တယ်လို့လည်း ခံစားရတယ်၊ မြန်မာနိုင်ငံဆိုတာ ကမ္ဘာ့နိုင်ငံအများစုက သိထားတဲ့အတိုင်း လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ နေထိုင်ကြတဲ့နိုင်ငံဖြစ်သလို မတူကွဲပြားမှုတွေနဲ့အတူ ယဉ်ယဉ်ကျေးကျေးနဲ့ ယှဉ်တွဲပြီး နေကြတယ်ဆိုတာကို သက်သေထူရာလည်းကျတယ်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိတဲ့ လူသားအချင်းချင်းဟာ တစ်ယောက်နဲ့ တစ်ယောက် လေးလေးစားစား ချစ်ချစ်ခင်ခင်နဲ့ အတူယှဉ်တွဲ နေထိုင်ကြတယ်ဆိုတာကို ဒီခရစ္စမတ်ပွဲတော်က သက်သေပြတဲ့ ပွဲဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်၊



ဖြူဖြူကျော်သိန်း
(တေးသံရှင်)

ပြည်တွင်းအဆိုတော်များ ဖြစ်သည့် ဂရေဟမ်၊ ဇော်ပိုင်၊ ချစ်စမ်းမောင်၊ L လွန်းဝါ၊ ကောင်းကောင်း၊ ငဲငယ်လေး၊ နွဲ့ယဉ်ဝင်း၊ ဟေမာနေဝင်း၊ ဖြူဖြူကျော်သိန်း၊ အိုင်းရင်းဇင်မာမြင့်၊ ချမ်းချမ်း၊ နေနေ၊ ချစ်သုဝေ၊ L ဆိုင်းဇီ၊ K. ဂျာနူး စသည့် နိုင်ငံကျော်အဆိုတော်များနှင့် အနုပညာရှင်များစွာလည်း ပါဝင်သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

---



**မွန်ပြည်နယ် မုဒုံမြို့နယ် ပိုင်ကမာရွာ ဦးနိုင်မောင်ညိမ်းနှင့် ဇနီးဒေါ်မိကင်ပန်း မိသားစုနှင့် မြေး၊ မြစ်တို့က ဒီဇင်ဘာ ၂၁ ရက်က ရွှေတိဂုံစေတီတော် ထာဝရဘက်စုံငွေပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၈၀ ကို ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော် အလှည့်ကျ ဂေါပက သူရဦးတင်လှက လက်ခံစဉ်။**

တင်စိုး(မြန်မာ့အလင်း)

---

# ၄၆ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပမည်


**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကျန်းမာရေးဆိုင်ရာ သုတေသနပညာရပ်များ အဆင့်မြင့်မားတိုးတက်လာခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်သူ့ကျန်းမာရေး အဆင့်အတန်း မြင့်မားလာစေရန်နှင့် ကျန်းမာရေးနှင့် နီးနွယ်ဆောင်ရွက်သော သုတေသီပညာရှင်များ၏ သုတေသနပြုလုပ်တွေ့ရှိချက်များကို တင်ပြခြင်းဖြင့် အသုံးပြုမည့်သူများလက်ဝယ်သို့ သုတေသနရလဒ်များရောက်ရှိစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ၄၆ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ဆေးသုတေသနဦးစီးဌာန အမှတ်-၅ ဇီဝကလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် ကျန်းမာရေးဆိုင်ရာ သုတေသနစာတမ်းအစောင် ၁၁၀ ကို တင်သွင်းဖတ်ကြား၍ ပိုစတာအစောင် ၈၀ တင်သွင်းပြသပြီး ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ၁၂ ခုနှင့် ပညာရပ် ဆိုင်ရာ ဟောပြောပွဲလေးခုတို့ကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အဆိုပါ ဟောပြောပွဲများတွင် ပြည်တွင်းမှ ပညာရှင်များအပြင် နိုင်ငံတကာမှ ပညာရှင်များလည်း လာရောက်ဟောပြောကြမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပမှ NGO အဖွဲ့အစည်းများ၊ ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာ၊ ဓာတုပစ္စည်း တင်သွင်းသည့်ကုမ္ပဏီများနှင့် ပြည်တွင်းပြည်ပပုဂ္ဂလိက ဓာတ်ခွဲခန်းများ၊ ဆေးရုံများ၊ ဆေးခန်းများမှ ဆေးပစ္စည်းကိရိယာပြခန်းများ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**



● ကျောဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မြို့တိုင်းရင်းသားများ နေထိုင်ရန် ပြန်လည်နေရာချထားပေးမည့် သစ်တုံးနားခွဆုံ ကျေးရွာနှင့် ဟိန္ဒူဘာသာဝင်များကို ပြန်လည်နေရာချထားမည့် အိုးထိန်းကျေးရွာတို့တွင် အဆောက်အအုံများ ဆောက်လုပ် ပြီးစီးမှုခြေအနေနှင့် ဒေသခံမြို့တိုင်းရင်းသားများ၏ လိုအပ်ချက်များကို တွေ့ဆုံမေးမြန်းကာ နေအိမ်များကို အရည်အသွေးပြည့်မီစွာဖြင့် အမြန်ဆုံးဆောက် လုပ်ပေးနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်သွားသူများ ရေလမ်းခရီးမှ ပြန်လည်ဝင်ရောက်လာပါက လက်ခံနိုင်ရေးအတွက် စခန်းတည်ဆောက်မည့် ငါးခူရကျေးရွာတွင် လူနေအဆောက်အအုံများ တည်ဆောက်နေမှု၊ ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်ရန်အတွက် အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် လုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိနေမှုအခြေအနေများကို ကြည့်ရှုပြီး ၎င်းမှတစ်ဆင့် ယာယီနေထိုင်ရန် ကြားစခန်းတည်ဆောက်မည့် လှဖိုးခေါင်ကျေးရွာရှိ သတ်မှတ်မြေနေရာတို့ကို ကြည့်ရှုခဲ့ကြသည်။

**တာဝန်ရှိသူများ လိုက်ပါ**

အဆိုပါခရီးစဉ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်၊ ရဲမှူးချုပ်မြဝင်း၊ UNHCR မှ လက်ထောက်ဌာနေကိုယ်စားလှယ် Ms. Cecile Srado နှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

**စတင်ဆောင်ရွက်မည်**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ နှစ်နိုင်ငံသဘောတူစာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိမ်းရှောင်သွားသူများကို စိစစ်၍ ပြန်လည်လက်ခံရေး၊ နေရာချထားရေးလုပ်ငန်းစဉ်များကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလနောက်ဆုံးပတ်မှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ဒေသခံမြို့တိုင်းရင်းသားများအား တွေ့ဆုံ၍ လိုအပ်ချက်များ မေးမြန်းစဉ်။**



## စစ်တွေမြို့၌ စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သား(သစ်လွင်) သင်တန်းဆင်း

**စစ်တွေ ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ စေတနာ့ဝန်ထမ်းလူထုကျန်းမာရေးလုပ်သား (သစ်လွင်) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် စစ်တွေမြို့နယ် ဒါးပိုင်ကျေးလက်ကျန်းမာရေးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဒုတိယ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သီဟအောင်နှင့် IRC (အပြည်ပြည်ဆိုင်ရာအကူအညီပေးရေးအဖွဲ့) Health Coordinator ဒေါက်တာ ကျော်ထွန်းနိုင်တို့က သင်တန်းဆင်း အမှာစကား ပြောကြားသည်။ (ဓါတ်ပုံ)

**ပိုမိုတိုးတက်လာစေရန်**

စစ်တွေမြို့နယ် ခက်ခဲဒေသကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများတွင် ရှိနေကြသော ပြည်သူလူထုများအား ကျန်းမာရေးအသိပညာပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းအပါအဝင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် အခြေခံကျန်းမာရေးဝန်ထမ်းများအား အထောက်အကူပြုစေရန်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**ဆုများ ပေးအပ်**

ဆက်လက်၍ သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် သင်တန်းသား သင်တန်းသူများနှင့် သင်တန်းဆင်းလက်မှတ်များကို ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သီဟအောင်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကြည်ကြည်သာနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## အာဟာရနှင့်ဆက်စပ်သော စိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်

**စစ်တွေ ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျာမနီ ပူးပေါင်းဆောင်ရွက်သော GIZ အဖွဲ့တို့ပူးပေါင်းပြီး အာဟာရဆက်စပ်သော စိုက်ပျိုးရေးနည်းပညာသင်တန်းကို ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးမှူးရုံးတွင် ဒီဇင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊မြို့နယ်များမှ ဝန်ထမ်းစုစုပေါင်း ၅၁ ဦး တက်ရောက်ခဲ့ကြပြီး ပြည်နယ်ဦးစီးမှူး ဦးတိုးဝေက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ထုတ်လုပ်သည့်စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မမက မြေဆီလွှာနှင့်သီးနှံပင်ဆက်စပ်သော အာဟာရဓာတ်ဆိုင်ရာများ ကိုလည်းကောင်း၊ ဒုတိယ ဦးစီးမှူး ဒေါ်နှင်းထက်ထက်အောင်က မိမိတို့နေ့စဉ်စားသုံးသော အစားအစာများတွင် အာဟာရဓာတ်ပါဝင်မှုနှင့် အာဟာရဓာတ်ကြွယ်ဝအောင် စားသုံးနည်းများကိုလည်းကောင်း သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့နှင့် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့တို့ စုပေါင်းသွေးလှူဒါန်း

**စစ်တွေ ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄)လုံခြုံရေးရဲတပ်ဖွဲ့မှူးရုံးနှင့် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတို့မှ တပ်ဖွဲ့ဝင်များ၏ ၄/၂၀၁၇ ကြိမ်မြောက် ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် စစ်တွေမြို့ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က အဖွင့်အမှာစကား ပြောကြားကာ တပ်ဖွဲ့အလိုက် သွေးလှူရှင်တပ်ဖွဲ့ဝင် ၁၁၅ ဦးအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များပေးအပ်ပြီး ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာ ခင်မောင်သန်းက သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များကို ကြည့်ရှုအားပေးစကားပြောကြားကာ အင်အားဖြည့်အစားအစာနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**

**မွေးမြူစွမ်းအား ပြည်ထွန်းကားဖို့ ကောင်းရေစာရင်း ကောက်ကြစို့**



## လူသားချင်းစာနာထောက်ထားမှု အကူအညီ အထောက်အပံ့များပေးအပ်ရန် တတိယအသုတ် စေတနာ့ဝန်ထမ်းလူငယ်များ စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) လုပ်ငန်းစဉ်များအနက် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ ထိထိရောက်ရောက် ပေးအပ် ဆောင်ရွက်နိုင်ရေးအတွက် စေတနာ့ဝန်ထမ်းလူငယ်များသည် ယနေ့ ၁၀ နာရီခွဲတွင် ကစ္ဆပမော်တော်ယာဉ်များဖြင့် စစ်တွေမြို့သို့ ရောက်ရှိလာသည်။ **(အပေါ်ပုံ)**

စေတနာ့ဝန်ထမ်း လူငယ်များအဖွဲ့တွင် အမျိုးသား ၃၀၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၄၆ ဦးပါဝင်ပြီး ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရွှေပြည်တန်အမြန်ရေယာဉ်ဖြင့် မောင်တောဒေသသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စေတနာ့ဝန်ထမ်းလူငယ်များသည် မောင်တောမြို့နယ်နှင့် ဘူးသီးတောင် မြို့နယ်များသို့ ကွင်းဆင်းကာ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံပြီး လူသားချင်း စာနာမှုထောက်ပံ့ပေးရေး အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေး

**စစ်တွေ ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ အတွင်းဝန် Mr. Yusuke.Matsuoka နှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**



**ပါဝင်ကူညီ**

တွေ့ဆုံစဉ် ဂျပန်သံရုံးမှ အတွင်းဝန် Mr. Yusuke.Matsuoka က ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်း၊ အဆောက်အအုံ၊ လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်များ ကူညီဆောင်ရွက်ပေးနေမှုကို ဆွေးနွေးပြီး ရခိုင်ပြည်နယ် မောင်တောဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များအား အစိုးရကတိုက်ရိုက်ဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တစ်ဆင့်ဖြစ်စေ ဆက်သွယ်ပြီး ပါဝင်ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင် ဂျပန်နိုင်ငံ၏ အကူအညီနှင့် ကျောင်းပေါင်း ၈၀ ဆောက်လုပ်လှူဒါန်းရန် လျာထားပြီး လက်ရှိတွင် ၁၆ ကျောင်းကို ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် ၅၀၀ လေးထပ် တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းနှင့် ဆတ်ရိုးကျတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် ၅၀၀၊ လေးထပ် တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းနှင့်ဆတ်ရိုးကျတံတား တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် ၅၀၀ လေးထပ်တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

**တာဝန်ယူ ဆောင်ရွက်**

ယင်းနောက် ဒုတိယဝန်ကြီးသည် တံတားဦးစီးဌာန တည်ဆောက်ရေး-၂၊ တံတားအထူးအဖွဲ့-၈ မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဆတ်ရိုးကျတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ စစ်တွေမြို့ လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် အဆောက်အအုံဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဌာနမှဆောင်ရွက်လျက်ရှိသော ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဝန်ထမ်းများ၏ တင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ကန်သာယာ(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ရှိ ရန်အောင်မြေ(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်နှင့် ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော)ကျေးရွာတွင် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်းစခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာများတွင် နွားတစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၄၆ ကောင်တို့ကို ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၇၀၇ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းကို စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံး၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရ၊ အင်းဒင်၊ သဘော်ကွေ့၊ ကညင်တန်း၊ ညောင်ချောင်း၊ နတ်ချောင်း၊ သက်ကိုင်ညာ၊ ပညောင်ပင်ကြီး၊ ပန်းတောပြင်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၀ ရက်ထိ စုစုပေါင်း ၈၀၄၃ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၅၂၂ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

**မြောက်ဦးမြို့နယ်**

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလု၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရုတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညို၊ ကန်စောက်ကျေးရွာများတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၈၀၁ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

**မင်းပြားမြို့နယ်**

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်ပေါက်ကွ၊ ဝင်းဇား၊ နရမ်း၊ နားပွဲချောင်းကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၅၀၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ် အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ဧက ၆၁၀ ရိတ်သိမ်းပြီးဖြစ်သည်။



မောင်တောမြို့နယ် ပညောင်ပင်ကြီးကျေးရွာတွင် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းဆောင်ရွက်ပေးစဉ်။

**ရသေ့တောင်မြို့နယ်**

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၂၉၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

**ဘူးသီးတောင်မြို့နယ်**

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီး ဖြစ်ကြောင်း သိရသည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ၄/ပြောက်ဆည်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ စုစုပေါင်း ဧက ၂၀ ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

ကျောက်ဖြူမြို့နယ် အတွင်းရှိ လောင်းချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ စုစုပေါင်း ရှစ်ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပင်လယ်ပြင်တွင် ကျားဖောင် ၁၃ ဖောင်နှင့် အလုပ်သမား ၃၉ ဦး ပျောက်ဆုံးနေ



**အမာ ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး အမာမြို့ခါးပြတ်ကျေးရွာတွင် ဒီဇင်ဘာ ၂၁ ရက် ညနေပိုင်းက ပင်လယ်ပြင်တွင် ငါးပုစွန်ဖမ်းဆီးသည့် ကျားဖောင် ၁၃ ဖောင်နှင့် အလုပ်သမား ၃၉ ဦး ပင်လယ်ထဲ မျောပါပျောက်ဆုံးနေကြောင်း သိရသည်။

ဒီဇင်ဘာ ၂၀ရက် နံနက်ပိုင်းတွင် ဦးအောင်ခင် ပိုင်ဆိုင်သည့် ကျားဖောင် ခြောက်ဖောင် လေပြင်းတိုက်ခတ်မှုကြောင့် ကြိုးပြတ်ပြီး မျောပါသွား၍ ကျားဖောင်တစ်ဖောင်လျှင် အလုပ်သမား သုံးဦးစီ ပါရှိသောကြောင့် လူ ၁၈ ဦး ပျောက်ဆုံးနေကြောင်း၊ ထပ်မံ၍ ယင်းနေ့ညနေပိုင်းတွင် ကျားဖောင်ခုနစ်ဖောင် ပျောက်ဆုံးသွားရာ စုစုပေါင်း ကျားဖောင် ၁၃ ဖောင်နှင့် အလုပ်သမား ၃၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ခါးပြတ်ကျေးရွာ နယ်မြေမှူး ဦးဌေးဝင်းထံမှ သိရသည်။

နှစ်စဉ်အရှေ့ဘက်မှ လေပြင်းတိုက်ခတ်ချိန်များတွင် ကျားဖောင်များ ကြိုးပြတ်ပြီး မျောပါတတ်ကြောင်း၊ ကမ်းစပ်သို့ ပြန်လည်ဆိုက်ကပ်တတ်ကြောင်းနှင့် ကမ်းကပ်ချိန်တွေ့ရှိပါက သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ဖောင်နှင့် အလုပ်သမားများကို ဆယ်ထားပေးစေလိုကြောင်း၊ ယခုမျောပါနေသောဖောင်များတွင် ရွှေစင်ဖြိုးအလုပ်ရုံ အမှတ်အသားဖြစ်သော (SZP)စာသားကို ဖောင်အတွင်း အလုပ်သမားများ နေထိုင်သည့် အိမ်ငယ်လေးများ နံရံမြင်သာသည့်နေရာတွင် ရေးထားကြောင်း သိရသည်။ **ဝင်းမြင့်အောင်(မြန်/ဆက်)**

---

# မြစ်ကြီးနားမြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိ ဘိန်းဆီခဲများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြစ်ကြီးနား-မိုးကောင်းသွား ကားလမ်းပေါ် ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဒီဇင်ဘာ ၂၁ ရက်က မြစ်ကြီးနားဘက်မှ မိုးကောင်းဘက်သို့သွားသည့် ယာဉ်ပေါ်တွင် ငွေကျပ်သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိ ဘိန်းဆီခဲများ သိမ်းဆည်းရမိခဲ့ကြောင်း မူးယစ်တပ်ဖွဲ့စု-၂ မြစ်ကြီးနားမှ သိရသည်။

ဒီဇင်ဘာ၂၀ ရက် နံနက် ၁၁ နာရီက ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဒုရဲအုပ် အောင်ကိုကိုနှင့် စစ်ဆေးရေးဂိတ်မှ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် သတင်းအရ စောင့်ဆိုင်းနေစဉ် ဦးရန်လီဆော့ မောင်းနှင်လာသော FORTUNER ယာဉ်အား ရှာဖွေရာမှ ဘိန်းဆီခဲ ၂၄ ထုပ် (စုစုပေါင်း အလေးချိန် ၂၅ ဒသမ ၂၅ ကီလိုဂရမ်) ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၀၆၀ ကျော်ခန့်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း မြစ်ကြီးနားမူးယစ်တပ်ဖွဲ့စု-၂ မှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးရန်လီဆော့ (၃၀ နှစ်) အမှတ်-၁၄ အောင်မေတ္တာရပ်ကွက် နမ့်ခမ်းမြို့နေသူအား မြစ်ကြီးနားနယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ည ၁၀ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု-၂၅တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မှန်လုံယာဉ်ကို ရှာဖွေရာ ခရီးသည် စိုင်းတင်ညီညီအေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မင်းမင်းဦး**



---

# စဉ့်ကိုင်မြို့နယ်၌ ပိတောက်သစ်ခွဲသားများ ဖမ်းဆီးရမိ

**စဉ့်ကိုင် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တဘက်ဆွဲကျေးရွာအနီးတွင် ဒီဇင်ဘာ ၁၉ ရက် ည ၉ နာရီက ပိတောက်သစ်ခွဲသား ၁၃ တန်ကျော် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တဘက်ဆွဲကျေးရွာ၏ တောင်ဘက် မီးရထားလမ်းနှင့် လေးဖာလုံခန့်အကွာ လှည်းလမ်းဘေးတွင် ရပ်ထားသော ယာဉ်အမှတ် 8H/---- ၁၂ ဘီး ယာဉ်ပေါ်မှ ပိတောက်သစ်ခွဲသားများကို တံတားဦးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးပြည်စိုးကိုကိုနှင့်အဖွဲ့၊ ပလိပ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်လှညွန့်နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယာဉ်ပိုင်ရှင်အား မတွေ့ရဘဲ အဆိုပါယာဉ်ပေါ်မှ ၁၃ ဒသမ ၃၆၅၄ တန်ရှိ ပိတောက်သစ်ခွဲသား ၈၈ ချောင်း (ကာလတန်ဖိုးငွေကျပ် သိန်း ၄၀ ကျော်) အား တွေ့ရှိသိမ်းဆည်းခဲ့ပြီး ယာဉ်ပိုင်ရှင်နှင့် သစ်ပိုင်ရှင်တို့အား ပလိပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ဖမ်းဆီးနိုင်ရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်**

---

# ဇနီးအား မကျေနပ်၍ ခင်ပွန်းဖြစ်သူက နေအိမ် မီးရှို့ရာမှ မီးလောင်မှုဖြစ်ပွား

**မိုင်းဖြတ် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် ဈေးတန်းရပ်ကွက် ကွက်သစ်ရပ်တွင် ဒီဇင်ဘာ ၂၀ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်က လင်မယားချင်းရန်ဖြစ်ရာမှ နေအိမ်ကိုဓာတ်ဆီလောင်း မီးရှို့ခဲ့ရာ နေအိမ်တစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဈေးတန်းရပ်ကွက် ကွက်သစ်ရပ်ရှိ အိမ်ရှင် ဦးသန်းနိုင် (၃၄ နှစ်)သည် ဇနီးဖြစ်သူနှင့် အိမ်ထောင်ရေး အဆင်မပြေဖြစ်ပြီး ဇနီးဖြစ်သူ အိမ်ပေါ်မှ ဆင်းသွားသည်ကို မကျေနပ်၍ ၎င်းတို့မိသားစုနေထိုင်သည့် သွပ်မိုး၊ ဝါးခြမ်းကာနေအိမ်အား ဓာတ်ဆီလောင်း၍ မီးရှို့ခဲ့ရာ နေအိမ်မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မိုင်းဖြတ်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းနေလှိုင်နှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေယာဉ်တစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ နေအိမ်အား မီးရှို့ဖျက်ဆီးသူ ဦးသန်းနိုင်အား မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (မြန်/ဆက်)**

---

# ဩဂုတ်လအတွင်းဖြစ်ပွားခဲ့သည့် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

**စစ်ကိုင်း ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဆားတောင်မြို့နယ် ညောင်ပင်ရှည်ကျေးရွာ၌ ဩဂုတ် ၁၉ ရက်က ဖြစ်ပွားခဲ့သည့် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူအား လေးလကျော်အကြာ ဒီဇင်ဘာလပထမပတ်က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ တရားလို ဒေါ်ခင်လှိုင်သည် နေအိမ်၌ရှိနေစဉ် အစ်မဖြစ်သူ ဒေါ်လှပိုင်သည် ၎င်းနေထိုင်ရာ ညောင်ပင်ရှည်ရွာ၏ အရှေ့ဘက် ဦးသန်းမြင့်၏ ယာခင်းထဲတွင် ဓားဒဏ်ရာများနှင့် လဲကျနေကြောင်း သိရှိရသဖြင့် သွားရောက်ကြည့်ရှုရာ ဒေါ်လှပိုင်သည် ရရှိထားသော ဒဏ်ရာများဖြင့် ယင်းနေရာတွင် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် ဩဂုတ် ၁၉ ရက်က တိုင်တန်းခဲ့ရာ ဆားတောင်နယ်မြေရဲစခန်းက အမှုဖွင့်ထားသည့်အမှုဖြစ်ကြောင်း သိရသည်။

ယင်းအမှုနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူဟုယူဆရသူ ဝင်းဆောင်ကို ရဲတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် လိုက်လံရှာဖွေရာ ဒီဇင်ဘာ ၇ ရက်က ပုသိမ်ကြီးမြို့နယ် သပြေသာကျေးရွာတွင် တွေ့ရှိသဖြင့် ဖမ်းဆီးခေါ်ဆောင်၍ ဒီဇင်ဘာ ၁၃ ရက် ညပိုင်းကစစ်ဆေးခဲ့ရာ ၎င်းသတ်ခဲ့သည်ဟု ဝန်ခံခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယင်းအမှုနှင့်ပတ်သက်၍ ဝင်းဆောင်ကို စစ်ကိုင်းမြို့နယ် ဆားတောင်နယ်မြေရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ခိုင်ဇေယျ**

---

# မောင်တောမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ ဖမ်းဆီးရမိ



**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့ မြို့မတောင်ရပ်ကွက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့ မြို့မတောင်ရပ်ကွက် မီးစက်ကြီးရှေ့လမ်းမပေါ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ရှာဖွေစစ်ဆေးစဉ် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် မောင်နီရွာဘက်မှ အဖြူရောင်အိတ်တစ်လုံးထမ်းလာသူ အာမီနူရ်နှင့် ဇာဖော့အာမက် (မောင်နီကျေးရွာနေသူ) တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀ စီပါ အထုပ် ၂၃ ထုပ် စုစုပေါင်းဆေးပြား ၁၁၅၀၊ ခန့်မှန်း ကာလတန်ဖိုးငွေကျပ် ၂၃ သိန်းခန့်အား ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ပျဉ်းမနားမြို့နယ်၌ တားမြစ်နယ်မြေအတွင်း ရွှေခိုးတူးရာမှ မြေပိ၍ တစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိ

**ပျဉ်းမနား ဒီဇင်ဘာ ၂၁**

နေပြည်တော် ပျဉ်းမနားမြို့မရဲစခန်းနယ်မြေ၌ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က တားမြစ်မိန့်ထုတ်ပြန်ထားသော နယ်မြေအတွင်း ရွှေခိုးတူးရာမှ အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသားသုံးဦး ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့နယ် ဝဲကြီးကျေးရွာ ဆင်ဖြူတောင် တောင်ဘက် အုန်းတော ဘုန်းကြီးကျောင်းအနီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တားမြစ်မိန့်ထုတ်ပြန်ထားသည့်နေရာ၌ ဒေါ်မမလေး (၅၇ နှစ်)ပါ လေးဦးတို့ ရွှေခိုးတူးရာမှ မြေပြိုကျ၍ ဒေါ်မမလေးတွင် ဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ဦးမောင်မောင် (၄၀ နှစ်)ပါ အမျိုးသားသုံးဦးတွင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့၍ ပျဉ်းမနား ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဖြစ်စဉ်တွင် ဒေါ်မမလေး သေဆုံးမှုအား ပျဉ်းမနားမြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဒဏ်ရာရရှိသူ ဦးမောင်မောင်ပါ သုံးဦးကို အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

---

# ဆိုင်ကယ်နှင့် ခရီးသည်တင်မှန်လုံယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာက သုံးဦး သေဆုံး

**ရေစကြို ဒီဇင်ဘာ ၂၁**

ရေစကြိုမြို့နယ် ကျောက်ဖူးကျေးရွာအနီး မန္တလေး-ပခုက္ကူ-မုံရွာသွားကားလမ်းပေါ်တွင် ဒီဇင်ဘာ ၂၀ ရက် ညနေ ၄ နာရီခွဲခန့်က ဆိုင်ကယ်နှင့် ခရီးသည်တင်မှန်လုံယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ အခင်းဖြစ်နေရာတွင် လူသုံးဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေစကြိုမြို့နယ် ကျောက်ဖူးကျေးရွာအနီး မန္တလေး-ပခုက္ကူ-မုံရွာသွားကားလမ်း မိုင်တိုင်အမှတ်- ၃၂ တွင် အောင်မိုးလမ်းခွဲဘက်မှ နိပဆေးတောရွာဘက်သို့ ရေစကြိုမြို့နယ် ဆင်ခြေယာကျေးရွာနေ ဇော်မျိုးဝင်း (၃၂နှစ်) မောင်းနှင်ပြီး နောက်တွင် မလင်း (၂၉ နှစ်)၊ သားဖြစ်သူ တစ်နှစ်ရှစ်လသားအရွယ်ရှိ မောင်ကောင်းခန့်ကျော်တို့ စီးနင်းလိုက်ပါလာ သော ၄ဃ/-----ဆိုင်ကယ်နှင့် မြိုင်မြို့မှ မန္တလေးမြို့သို့ ယာဉ်မောင်း ဇော်မင်းသန့် (၃၉ နှစ်) သီရိရပ်ကွက် ဆောမြို့နေသူ မောင်းနှင်လာသော Toyota Hiace Minibus ခရီးသည်တင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်စီးနင်းလာသူသုံးဦး နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ် မဆင်မခြင်မောင်းနှင်သူ ဇော်မျိုးဝင်းနှင့် ခရီးသည်တင် ယာဉ်မောင်း ဇော်မင်းသန့်တို့ကို ရေစကြိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# အောင်ပွဲရသေနတ်ပစ်အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်၊ အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့်(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော သေနတ်ပစ်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၀ ရက် ည ၇ နာရီက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အောင်ပွဲများ ကြိုးစားဆောင်ရွက်ခဲ့မှုများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်သို့ အလှူငွေများပေးအပ်လှူဒါန်းရာ ကမ္ဘောဇကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ငွေကျပ်သိန်း ၂၀၀၊ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ငွေကျပ်သိန်း ၃၀၊ နေကြယ်ဦးဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးခွန်ရဲမင်းကိုကိုက ငွေကျပ်သိန်း ၃၀၊ ရှမ်းယူနိုက်တက်အသင်းနှင့် ဝမင်းကုမ္ပဏီဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက ငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်က ငွေကျပ် ၂၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျန်အလှူရှင်များ လှူဒါန်းသည့် ငွေကျပ် ၉၇ သိန်းကို အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လက်ခံရယူသည်။

ယင်းနောက် မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ပစ္စတိုနည်းပြများအား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမျိုးသမီး ပစ္စတိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မေပိုးဝါအား ငွေကျပ်သိန်း ၁၀၀၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက မီတာ ၅၀ စိတ်ကြိုက် ပစ္စတိုနှင့် ၁၀မီတာ အမျိုးသားလေပစ္စတိုပြိုင်ပွဲတွင် ကြေးနှစ်ခုရရှိသည့် ကျော်စွာဝင်းအား ငွေကျပ်သိန်း ၅၀၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်က အမျိုးသား မီတာ ၅၀ ဝမ်းလျားမှောက်ရိုင်ဖယ်ပြိုင်ပွဲတွင် ကြေးဆုရ ကောင်းထိုက်အား ငွေကျပ် ၂၅ သိန်းနှင့် ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**

# မြို့နယ်ဘောလုံးအဖွဲ့ချုပ်များဖွဲ့စည်းရန် ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များဖွဲ့စည်းရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းနိုင်မည့်အခြေအနေများ၊ လိုအပ်ချက်များ၊ ပြိုင်ပွဲများကျင်းပနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကိုယ်စားလှယ်များ၏ တင်ပြမှုများအား ပြန်လည်ဆွေးနွေးကြသည်။ ယင်းနောက် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းမည့် အစီအစဉ်များနှင့်ပတ်သက်၍ မီဒီယာများအား သတင်းစာရှင်းလင်းပွဲကျင်းပကာ ဆောင်ရွက်မည့်အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင် ၆၇ ခုမှ မြို့နယ်များအား မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဖွဲ့စည်းနိုင်ရန် ညွှန်ကြားထားပြီး သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့် ကိုက်ညီသည့် မြို့နယ်များအား ဖွဲ့စည်းခွင့်ပြုမည်ဖြစ်သည်။ ဖွဲ့စည်းလိုသည့် မြို့နယ်ဘောလုံး အဖွဲ့ချုပ်များသည် မတ်လအကုန် နောက်ဆုံးထား၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ စာရင်းတင်သွင်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လူငယ်ဘောလုံးသမားများ ထွက်ပေါ်လာရန်နှင့် မြို့နယ်အသီးသီးတွင် ဘောလုံးပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပနိုင်ရန် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းခြင်းဖြစ်ပြီး မြန်မာ့ဘောလုံးတိုးတက်အောင်မြင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# နိုင်ငံတကာ ဘောလုံးသတင်းတိုများ

- ဆွမ်ဆီးအသင်းသည် ယခုနှစ်ရာသီတွင် ပရီမီယာလိဂ်၌ သုံးပွဲသာ နိုင်ပွဲရအောင်စွမ်းဆောင်ပေးထားနိုင်ကာ တန်းဆင်းဇုန်အောက်ဆုံးတွင် ရောက်ရှိနေပြီး ရလဒ်များ ဆိုးရွားလာမှုကြောင့် နည်းပြ ပေါလ်ကလီးမန့်ကို အသင်းမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်အရ သိရသည်။ စတုတ်၊ ဝက်စ်ဘရွန်းနှင့် ခရစ္စတယ်ပဲလေ့စ်နည်းပြဟောင်း တိုနီပူးလစ်သည် ပေါလ်ကလီးမန့်၏ နေရာကို အစားထိုးခန့်အပ်ရန် ရေပန်းစားနေကြောင်း ဒေးလီးမေး၏ အဆိုအရ သိရသည်။
- ဘာစီလိုနာအသင်းသည် လီဗာပူးကွင်းလယ်ကစားသမား ကော်တင်ဟို (၂၅နှစ်) အတွက် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပေါင် ၁၃၂ သန်းအထိ ပေးချေရန် ဆန္ဒရှိနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။
- အာဆင်နယ်နှင့် လီဗာပူးအသင်းသည် ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ဒန်နီစီဘယ်လော့စ် (၂၁ နှစ်) ကို ခေါ်ယူရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဒေးလီးစတားအရ သိရသည်။
- ဝက်စ်ဘရွန်းအသင်းသည် နောက်တန်းကစားသမား ဂျွန်နီ အီဗန့်စ် (၂၉နှစ်) ကို ရောင်းထုတ်ခဲ့ပါက မစ်ဒယ်ဘရော့ နောက်တန်းကစားသမား ဘင်ဂစ်ဆန်ကို ခေါ်ယူရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- ဗလင်စီယာအသင်းသည် ပီအက်စ်ဂျီတောင်ပံကစားသမား ဂွီဒက်စ်ကို ပေါင် ၃၀ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။ အာဆင်နယ်နှင့် မန်ယူအသင်းတို့က စိတ်ဝင်စားလျက်ရှိသော အသက် ၂၁ နှစ်အရွယ် အဆိုပါ ကစားသမားသည် လက်ရှိတွင် စပိန်ကလပ် ဗလင်စီယာ အသင်းတွင် အငှားဖြင့် ကစားနေကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် ပြိုင်ဘက် ဟော့ဖန်ဟိန်းအသင်းမှ ဆန်ဒရိုဝက်ဂ်နာကို နှစ်နှစ်ခွဲစာချုပ်တစ်ရပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ ရှိမည်ဖြစ်သော စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး နံပါတ် (၂) ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။




**ဇော်ဇော်**


**ပြင်ဆင်ဖတ်ရှုပါရန်**

၂၁-၁၂-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၅) ပါ မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာကြော်ငြာတွင် အထက (၁၁)တောင်ဥက္ကလာအစား အထက(၁) တောင်ဥက္ကလာဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ကားငှားမည်**

7I/xxxx Honda Fit 2010 Model, Pearl White, Smart Key အိမ်စီးကားသန့်ပစ္စည်းစုံ
3H/xxxx Toyota Belta 2010 Model, Pearl White, Push start, Digital Aircon, အိမ်စီးကားသန့်ပစ္စည်းစုံ
ဆက်သွယ်ရန်-09-253221025

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9H/5006,Toyota Probox NCP50, S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းဝင်း ၁၂/ကမရ(နိုင်)၀၅၄၈၈၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၁-၁၂-၂၀၁၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၃)တွင် အဆင့်မြင့်ပညာဦးစီးဌာန B.Tech မှ B.E ပေါင်းကူးဝင်ခွင့် စာမေးပွဲ ကျင်းပမည့် အစီအစဉ်ကြေညာခြင်း ကြော်ငြာတွင် အင်္ဂလိပ်စာ ဖြေဆိုရမည့်နေ့ရက်မှာ ၂၁-၁-၂၀၁၈ရက် (စနေနေ့)အစား ၂၀-၁-၂၀၁၈ရက် (စနေနေ့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2E/9600 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဘဏ်ပိတ်ရက်ကြော်ငြာ**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက် (တနင်္လာနေ့) " ခရစ္စမတ်နေ့ " သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

ချောင်းသာကမ်းခြေ ရောက်ပြီဆို ချောင်းသာယာကို စီးဖို့လို...
အေးမြသာယာ ချောင်းကျယ်နံဘေး တောတောင်ရှုခင်း နှလုံးအေး..

**ချောင်းသာယာ အပျော်စီးသင်္ဘော**

ချောင်းသာယာဆိပ်ကမ်း (ဥတိုတံတားထိပ်)၊ ချောင်းသာကမ်းခြေ။
ဆက်သွယ်ရန်-09 452 955 661 မှ (5) အထိ။


**မြန်မာနိုင်ငံစာရင်းကောင်စီ**

**လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ်-၄၄ သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း**

၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ်-၄၄ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ်၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ပါမည်။

၂။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံစာရင်းကောင်စီက အသိအမှတ်ပြုဖွင့်လှစ်ခွင့်ပြုထားသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင်လည်း တက်ရောက်နိုင်ပါသည်။

၃။ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းဆိုင်ရာ သတ်မှတ်ချက်များကို မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ၅-၁-၂၀၁၇ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ဖြင့် ထုတ်ပြန်ထားပါသည်။ ထိုအမိန့်ကြော်ငြာစာကို www.oagmac.gov.mm/my/new-activities/924 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ကောင်စီက ဖွင့်လှစ်သည့် သင်တန်းကျောင်းသို့ တက်ရောက်ခွင့်လျှောက်ထားသူများအား သင်တန်းကျောင်း၏ လက်ခံနိုင်သည့် ပမာဏပေါ်အခြေခံ၍ အောက်ပါဦးစားပေးအစီအစဉ်အတိုင်း လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်-

(က) သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့် တက်ရောက်မည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း အစိုးရဌာနအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများ
(ခ) ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးရရှိခဲ့သူများ
(ဂ) တိုက်ရိုက်တက်ရောက်ခွင့်ရရှိသူများအနက် အဆင့်မြင့်အောင်မြင်သူများ
(ဃ) ဝင်ခွင့်စာမေးပွဲတွင် အဆင့်မြင့်အောင်မြင်သူများ

၅။ ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်းတွင် တက်ရောက်မည့်သူများသည် ရုံးဖွင့်ရက်များတွင် ၇နာရီမှ ၈း၅၀နာရီအထိလည်းကောင်း၊ (စနေနေ့)တွင် ၇နာရီမှ ၁၁း၅၀နာရီအထိလည်းကောင်း သင်တန်းတက်ရောက်ရမည်။

၆။ သင်တန်းသို့ အောက်ပါပုဂ္ဂိုလ်များအား တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်-

(က) စီးပွားရေးတက္ကသိုလ်များက ကျင်းပခဲ့သည့် B.Com, B.Act, B.B.A ဘွဲ့ စာမေးပွဲအောင်မြင်သူများ(သို့မဟုတ်)
(ခ) မြန်မာနိုင်ငံစာရင်းကောင်စီက ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများ(သို့မဟုတ်)
(ဂ) ဘွဲ့တစ်ခုခုရရှိပြီး ACCA Fundamentals Skills Level ပြီးစီးသူများ (သို့မဟုတ်)
(ဃ) ဘွဲ့တစ်ခုခုရရှိပြီး CIMA Diploma in Management Accounting ရရှိပြီးသူများ

၇။ အသိအမှတ်ပြုဘွဲ့တစ်ခုခုရသူ နိုင်ငံသားများကို ဝင်ခွင့်စာမေးပွဲကျင်းပ၍ သင်တန်းသားအဖြစ် ရွေးချယ်မည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲကို ၄-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ရန်ကုန်မြို့၌ ကျင်းပပါမည်။ စာမေးပွဲကျင်းပမည့်နေရာကို အပိုဒ်-၁၂ပါ ဖြေဆိုခွင့်ကတ်ပြားတွင် ဖော်ပြထားပါမည်။

၉။ ဝင်ခွင့်စာမေးပွဲတွင် Financial Accounting, Cost & Management Accountingနှင့် Auditing ဘာသာရပ်များပါဝင်သည့် နှစ်နာရီမေးခွန်းလွှာတစ်ခုကို ဖြေဆိုရပါမည်။

၁၀။ သင်တန်းတက်ရောက်လိုသည့် တိုက်ရိုက်တက်ရောက်ခွင့်ရရှိသူများနှင့် ဝင်ခွင့်စာမေးပွဲဖြေဆို ရမည့်သူများသည် အထက်အပိုဒ် ၁ပါ လိပ်စာတွင် ၂၇-၁၂-၂၀၁၇ရက်မှ ၁၀-၁-၂၀၁၈ရက်အတွင်း ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း လျှောက်ထားသူကိုယ်တိုင် လျှောက်လွှာကို ကျပ် ၁၀၀၀ဖြင့် ဝယ်ယူ၍ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြလျှောက်ထားရပါမည်-

(က) စာမေးပွဲကြေး ကျပ် ၅၀၀၀ ပေးသွင်းထားသည့်ငွေရပြေစာ (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်သူများ)
(ခ) ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာ(မူရင်းနှင့်မိတ္တူ)နှင့် အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)
(ဂ) ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)စာမေးပွဲအောင်လက်မှတ်(မူရင်းနှင့်မိတ္တူ)
(ဃ) ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးရရှိခဲ့သည့်အထောက်အထား (မူရင်းနှင့်မိတ္တူ)
(င) အထက်အပိုဒ် ၆(ဂ)နှင့်(ဃ)ပါ ပုဂ္ဂိုလ်များအတွက် ဆိုင်ရာပညာအရည်အချင်းအောင်လက်မှတ်(မူရင်းနှင့်မိတ္တူ)
(စ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)
(ဆ) တစ်လအတွင်း ရိုက်ထားသည့် ၁"×၁"အရွယ် ဓာတ်ပုံသုံးပုံ
(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)နှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်

၁၁။ ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာပါ(အမည်၊ ဖခင်အမည်၊ နိုင်ငံသား စိစစ်ရေးကတ်အမှတ်)များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားပါ ဖော်ပြချက်များနှင့် ကွဲလွဲနေပါက ထိုသူများ၏ လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည် မဟုတ်ပါ။ ဘွဲ့နှင်းသဘင်မကျင်းပရသေးသဖြင့် ဘွဲ့လက်မှတ်မရရှိသေးသူများမှအပ ကျန်လျှောက်ထားသူများသည် ဘွဲ့လက်မှတ်ကို မပျက်မကွက်တင်ပြရမည်။

၁၂။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရှိသူများစာရင်းကို ၂၅-၁-၂၀၁၈ရက်တွင် အပိုဒ် ၁ပါ လိပ်စာတွင် ကြေညာထားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၂၉-၁-၂၀၁၈ရက်မှ ၂-၂-၂၀၁၈ရက်အတွင်း ရုံးဖွင့်ရက်များတွင် ထုတ်ပေးပါမည်။ စာမေးပွဲဖြေဆိုသည့်ရက်တွင် လုံးဝထုတ်ပေးမည်မဟုတ်ပါ။

၁၃။ တက်ရောက်ခွင့်ရသူများ၏အမည်စာရင်းကို ၂၈-၃-၂၀၁၈ရက်မတိုင်မီ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းရှိ ကြော်ငြာသင်ပုန်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး website www.oagmac.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၁၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံစာရင်းကောင်စီရုံး ဖုန်းအမှတ်-၀၁-၂၂၇၂၄၆၊ ၀၁-၂၂၃၁၄၃တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

**အများသိစေရန်ကြေညာခြင်း**

ကျွန်တော် ဦးထွန်းထွန်း ၉/မခန(နိုင်)၁၅၃၃၈၆နှင့် ဒေါ်မြင့်မြင့်ခင် ၉/မခန(နိုင်)၁၅၁၉၉၆တို့သည် မြင်းခြံမြို့နယ်၊ သဲဖြူဝကျေးရွာတွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာသည်မှာ အိမ်ထောင်သက် ၁၈ နှစ်ရှိပြီးသားသမီး သုံးဦးထွန်းကားခဲ့ပါသည်။

ဒေါ်မြင့်မြင့်ခင်မှာ ရွှေငွေများနှင့် လက်ဝတ်လက်စားများယူဆောင်၍ ၈-၁၂-၂၀၁၇ ရက်တွင် နေအိမ်မှ မိမိသဘောဆန္ဒအလျောက်ဆင်းသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်မြင့်မြင့်ခင်နှင့် ပတ်သက်သောကိစ္စအဝဝမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးထွန်းထွန်း ၉/မခန(နိုင်)၁၅၃၃၈၆**
**သဲဖြူဝကျေးရွာ၊ မြင်းခြံမြို့နယ်**


**Air-Con အဟောင်း၊ အပျက်များ**

ဈေးကောင်း ပေးဝယ်သည်။
ကိုမောင်မောင်တင်
ဖုန်း-၀၉-၇၃၀၉၅၉၅၀
၀၉-၇၆၅၀၈၅၈၅၀

# ဒေသဆိုင်ရာ ရွေးကောက်ပွဲအတွက် ကတ်တလိုနီးယားပြည်သူများမဲပေး

**ကတ်တလိုနီးယား ဒီဇင်ဘာ ၂၁**

ကတ်တလိုနီးယားပြည်သူများသည် စပိန်မှခွဲထွက်ကာ လွတ်လပ်ရေးရရှိရန်အတွက် ဟူသော အဓိကရည်ရွယ်ချက်ဖြင့် ဒေသဆိုင်ရာပါလီမန်လွှတ်တော်သစ်တစ်ရပ်ကို ရွေးချယ်ရန် ကြာသပတေးနေ့တွင် မဲပေးခဲ့ကြကြောင်း သိရသည်။

စပိန်အစိုးရသည် ကတ်တလိုနီးယားက ပြီးခဲ့သည့်အောက်တိုဘာလအတွင်းက လွတ်လပ်ရေးကြေညာခဲ့ပြီးနောက်တွင် ကတ်တလိုနီးယားအစည်းအဝေးကို ဖျက်သိမ်းခဲ့သည်။ ပြည်နှင်ခံထားရသည့် ကတ်တလိုနီးယားခေါင်းဆောင် Carles Puidgemont ဦးဆောင်သည့် ခွဲထွက်ရေးပါတီများသည် ဗဟိုအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကို ကြေညာခဲ့သည်။

သို့သော် ပေါင်းစည်းညီညွတ်ရေးပါတီများက လွတ်လပ်ရေးလှုပ်ရှားမှုသည် ဒေသတွင်းစီးပွားရေးကို ထိခိုက်စေပြီး လူမှုရေးဆိုင်ရာ အရှုပ်အထွေးများကို ပေါ်ပေါက်လာစေနိုင်ကြောင်း ပြောကြားခဲ့သည်။။

မဲပေးသူအရေအတွက်သည် ၈၀ ရာခိုင်နှုန်းနှင့်အထက်ရှိလိမ့်မည်ဟု မျှော်လင့်ရသည်။ မြို့တော်ဘာစီလိုနာတွင် ဒေသခံတစ်ဦးက ရွေးကောက်ပွဲသည်မည်သည့် ဘက်ကမဲအများစုဖြင့် အနိုင်ရလိမ့်မည်ကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်မည်ဖြစ်ပြီး ကသောင်းကနင်းဖြစ်ပွားမှုများကို အဆုံးသတ်စေလိမ့်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ကတ်တလိုနီးယားပြည်သူများ မဲပေးနေကြသည်ကို တွေ့ရစဉ်။

# အီရန်နိုင်ငံ တီဟီရန်တွင် ငလျင်တစ်ခုလှုပ်ခတ်ရာ အဆောက်အအုံများပြိုကျ

**တီဟီရန် ဒီဇင်ဘာ ၂၁**

ယမန်နေ့က အီရန်နိုင်ငံ တီဟီရန်ပြည်နယ် မာလာ့ဒ်မြို့တွင် ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူတစ်ဦးဒဏ်ရာရရှိပြီး အဆောက်အအုံအတော်များများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း အီရန်မြေငလျင်စင်တာ (အိုင်အက်စ်စီ) က ပြောကြားခဲ့သည်။



ပြင်းအား အတန်အသင့်ရှိ အဆိုပါငလျင်သည် အီရန်နိုင်ငံ မြို့တော် တီဟီရန် အရှေ့ပိုင်း ၅၀ ကီလိုမီတာခန့်အကွာ မြေအောက်အနက် ၇ ကီလိုမီတာကို ဗဟိုပြုကာ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

တီဟီရန်နှင့် အနီးတစ်ဝိုက်ရှိ အယ်ဘော့ဇ်၊ ကွက်ဇ်ဗင်၊ ဂီလန်နှင့် ကွမ်စသည့်ပြည်နယ်များလည်း ငလျင်လှုပ်ခတ်သည့်ဒဏ် ခံစားခဲ့ရကြောင်း သိရသည်။

ငလျင်ကြောင့် တီဟီရန်ပြည်နယ်ရှိ တချို့ မြို့များတွင် လျှပ်စစ်လိုင်းများ ပြတ်တောက်ပြီး ဆက်သွယ်ရေးနှင့် အင်တာနက်စနစ်များ ပျက်စီးခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ခဲ့သည့် နေရာသို့ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များအား စေလွှတ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတွင် လမ်းမပေါ်သွားလာနေသည့် လူအုပ်ထဲသို့ ကားဖြင့် ဝင်တိုက်မှုဖြစ်ပွား

**မဲလ်ဘုန်း ဒီဇင်ဘာ ၂၁**

ဩစတြေးလျမြို့တော် မဲလ်ဘုန်းတွင် ကြာသပတေးနေ့က လူသူထူထပ်သည့် လမ်းဆုံလမ်းခွနေရာတွင် သွားလာနေကြသည့် လူအုပ်ထဲသို့ ကားတစ်စီးဖြင့် အတင်းဝင်တိုက်ခဲ့ရာ လူ ၁၄ ဦးဒဏ်ရာများရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့က ကားမောင်းသူနှင့် နောက်တစ်ဦးကိုဖမ်းဆီးထားကြောင်း ပြောကြားခဲ့သည်။ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက ယခုဖြစ်ပွားခဲ့သည့်နေရာမှ မီတာအနည်းငယ်ခန့်တွင် အမျိုးသားတစ်ဦးက လူအုပ်ထဲသို့ကားဖြင့်အတင်းမောင်းဝင်တိုက်ခိုက်ခဲ့မှုကြောင့် လူလေးဦးသေဆုံးခဲ့ပြီး ၂၀ကျော်ဒဏ်ရာရရှိခဲ့သည်။

သို့သော်လည်း ယင်းတိုက်ခိုက်မှုသည် အကြမ်းဖက်ဖြစ်ရပ်နှင့် ဆက်နွှယ်ခဲ့ခြင်း မရှိပေ။

လူအုပ်ထဲသို့ဝင်တိုက်ခဲ့သည့်ယာဉ်သည် တစ်နာရီလျှင် ၈၀ကီလိုမီတာမှ ၁၀၀ကီလိုမီတာ(မိုင် ၅၀မှ ၆၂မိုင်) နှုန်းဖြင့်မောင်းလာခဲ့သည်ဟု မျက်မြင်သက်သေတစ်ဦးက ဩစတြေးလျရုပ်သံသို့ ပြောကြားခဲ့သည်။

ကားသည်အရှိန်လျှော့မောင်းနှင်ခဲ့ခြင်းနှင့် ဘရိတ်အုပ်ခြင်းလုံးဝမရှိခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောသည်။

ဒဏ်ရာရရှိသူ ၁၃ ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း ဗစ်တိုးရီးယားဒေသ လူနာတင်ယာဉ် ဝန်ဆောင်မှုအဖွဲ့က ပြောကြားခဲ့သည်။ ဒဏ်ရာရရှိသူများတွင် မူကြိုအရွယ် ကလေးငယ်တစ်ဦးပါဝင်ပြီး ဦးခေါင်းတွင် ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိထားကြောင်း သိရသည်။

**ရိုက်တာ**

# နောက်ထပ် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်တစ်ဦး တောင်ကိုရီးယားသို့ ကူးပြောင်းလာ

**ပြုံယမ်း ဒီဇင်ဘာ ၂၁**

မြောက်ကိုရီးယားတစ်ဖွဲ့ဝင် နောက်ထပ်တစ်ဦးသည် ကြာသပတေးနေ့နံနက်ခင်းတွင် နှစ်နိုင်ငံကိုစည်းခြားထားသည့် စစ်မဲ့ဇုန်နယ်စပ်ကိုဖြတ်ကျော်လျက် တောင်ကိုရီးယားသို့ ထွက်ပြေးရောက်ရှိလာခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က ပြောကြားခဲ့သည်။

ပူးတွဲစစ်ဦးစီးချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ ရိုဂျယ်ချွန်းသည် ကြာသပတေးနေ့ နှောင်းပိုင်းတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မြောက်ကိုရီးယားတပ်ဖွဲ့ဝင် ကူးပြောင်းရောက်ရှိလာကြောင်းကို ကြေညာခဲ့သည်။

နံနက် ၈ နာရီ ၄ မိနစ်ခန့်တွင် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်သည် တောင် ကိုရီးယား နယ်စပ်ဘက်အခြမ်းသို့ ရောက်ရှိလာခဲ့ကြောင်း ရိုကပြောသည်။ ထိုသို့ ဖြတ်ကျော်လာချိန်တွင် တောင်နှင့်မြောက်နှစ်ဖက်တို့အကြား အပြန်အလှန်သေနတ်ပစ်ခတ်မှုများ မရှိခဲ့ကြောင်း ၎င်းကပြောခဲ့သည်။

တောင်ကိုရီးယားတပ်မတော်သတင်းရင်းမြစ်များ၏ပြောပြချက်အရ နှင်းများ ထူထပ်စွာကျဆင်းနေချိန်တွင် အဆိုပါဒေသအတွင်း မီတာ ၁၀၀ ခန့်အထိသာ မြင်နိုင်သည်ဟု သိရသည်။ မြောက်ကိုရီးယားနယ်ခြားစောင့်တပ်ဖွဲ့များသည် ယင်းတပ်ဖွဲ့ဝင်အားရှာဖွေနေခဲ့ကြဟန်တူကြောင်း၊ တပ်ဖွဲ့ဝင်ကူးပြောင်းရောက်ရှိလာခဲ့ပြီး နာရီဝက်ခန့်အကြာတွင် ၎င်းတို့သည်နယ်စပ်စည်းမျဉ်းအနီးသို့ ချဉ်းကပ်လာခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားနိုင်ငံမြောက်ပိုင်းတွင် လေယာဉ်ပျက်ကျရာ အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးသေဆုံး

**မော်စကို ဒီဇင်ဘာ ၂၁**

ရုရှားနိုင်ငံမြောက်ပိုင်း နီတက်စ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေယာဉ်တစ်စင်း မကြာသေးမီက ပျက်ကျခဲ့ရာ အမျိုးသမီးတစ်ဦးနှင့် အသက်လေးနှစ်အရွယ်ကလေးတစ်ဦး သေဆုံးခဲ့ပြီး အခြား ၁၀ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။



လေယာဉ်ဝန်ထမ်းနှစ်ဦးနှင့် ခရီးသည် ၁၁ဦးလိုက်ပါလာခဲ့သည့် ခေတ်မမီတော့သည့် အန်တိုနော့ဗ် အန်-၂ လေယာဉ်သည် နီတက်ပြည်နယ်မြို့တော် နာရန်-မာလေဆိပ်မှ ထွက်ခွာလာခဲ့ကြောင်းသိရပြီး ဆင်းသက်စဉ် မတော်တဆဖြစ်ခဲ့ကြောင်း သိရသည်။

လတ်တလောတွင် လူရှစ်ဦးကို ဒေသတွင်းဆေးရုံအရေးပေါ်ဌာနတွင် တင်ထားဆဲဖြစ်ပြီး အခြားသူ နှစ်ဦးမှာ ခွဲစိတ်မှုခံယူနေဆဲဖြစ်ကြောင်း၊ တစ်ဦးမှာ လှုပ်ရှားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရာသီဥတုဆိုးရွားမှုလား၊ လေယာဉ်မှူး၏ ဆုံးဖြတ်ချက်မှားယွင်းမှုကြောင့်လား၊ နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ကြောင့်လားဆိုသည့် လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းများကို စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## မက္ကဆီကို ခရီးသွားယာဉ် တိမ်းမှောက်မှုတွင် သေဆုံးသူအရေအတွက် ၁၂ ဦး အထိ မြင့်တက်

**မက္ကဆီကို ဒီဇင်ဘာ ၂၁**

မက္ကဆီကိုတောင်ပိုင်းတွင် ခရီးသွားယာဉ်တစ်စီးသည် မာယန်သို့ ထွက်ခွာလာစဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူအရေအတွက် ၁၂ ဦးအထိ မြင့်တက်လာခဲ့ကြောင်း သတ္တုတွင်းလုပ်သားတစ်ဦးနှင့် ဒေသအာဏာပိုင်များ၏ ပြောပြချက်အရ သိရသည်။

ယာဉ်မတော်တဆ တိမ်းမှောက်မှုသည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘတ်စ်ကားသည် မက္ကဆီကိုရှိ ကာရစ်ဘီယံကမ်းခြေတစ်လျှောက် မဟာဟောလ် အပန်းဖြေစခန်းအနီး ခရီးထွက်ခွာလာခဲ့ချိန်တွင် မတော်တဆဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အခင်းဖြစ်ပွားချိန်တွင် ဘတ်စ်ကားပေါ်စီးနင်းလိုက်ပါလာသူ ၃၁ ဦးရှိပြီး ၎င်းတို့အနက် အများစုမှာ Royal Caribbean ပင်လယ်အပျော်ခရီးထွက်ခွာသည့် သင်္ဘောပေါ်မှာ လိုက်ပါလာခဲ့ကြသူများဖြစ်သည်။

ယာဉ်မတော်တဆ တိမ်းမှောက်မှုတွင် ခရီးသည် ၁၈ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ၎င်းတို့ကို ဒေသဆေးရုံများသို့ ပို့ဆောင်ကာ ဆေးကုသမှု ခံယူစေခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## သြစတြေးလျ၌ လေအေးပေးစက်အတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် သုံးစွဲနေ

**ဆစ်ဒနီ ဒီဇင်ဘာ ၂၁**

သြစတြေးလျနိုင်ငံတစ်လွှားတွင် ယခုနှစ်အတွင်း အပူလှိုင်းဝင်ရောက်မှုများ ဆက်တိုက်ဖြစ်ပွားနေပြီး စစ်တမ်းကောက်ယူမှုအသစ်အရ လေအေးပေးစက်သုံးစွဲမှုအတွက် အသုံးစရိတ်မှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ ဘီလီယံတန်ဖိုး ကုန်ကျမှုရှိနေကြောင်း သိရသည်။

The finder. Com.au စစ်တမ်းကောက်ယူမှုက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြခဲ့သည်မှာ ယခုနှစ်အတွက် အထောက်အထားများအရ သြစတြေးလျရှိ လူငါးဦးလျှင် တစ်ဦးမှာ ၎င်းတို့အိမ်မှထွက်ခွာသွားသည့် အချိန်၌ပင် အအေးယူနစ်ကို လျှော့ချခဲ့ခြင်း မရှိကြောင်း ဖွင့်ဟဝန်ခံထားသည်ဟု သိရသည်။

ပျမ်းမျှအားဖြင့် သြစတြေးလျနိုင်ငံသားများသည် နေ့စဉ်နေ့တိုင်း စွမ်းအင်ကို ၄ နာရီကျော်ခန့် အလဟဿဖြုန်းတီးနေကြောင်း၊ မိသားစုဝင်တိုင်း၏ နေ့စဉ်စွမ်းအင်သုံးစွဲမှု ကုန်ကျစရိတ်မှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၄၀ နှင့်အထက် ပိုမိုကုန်ကျနေကြောင်း သိရသည်။

**ဆင်ဟွာ**

# အများနဲ့တစ်ယောက် ဖြစ်လာတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ရပ်တည်မှု

**ကလျာမိုးမြင့်**




ဂျေရုဆလင်အရေးနဲ့ ပတ်သက်ပြီး လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၄ နိုင်ငံက အတည်ပြုထောက်ခံခဲ့တဲ့ ဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်က တနင်္လာနေ့မှာ ဗီတိုအာဏာနဲ့ ပယ်ချခဲ့ပါတယ်။ အီဂျစ်နိုင်ငံက မူကြမ်းရေးဆွဲခဲ့တဲ့ အဲဒီဆုံးဖြတ်ချက်ဟာ ဂျေရုဆလင်မြို့ဟောင်းရဲ့ ထူးခြားတဲ့ ဝိသေသလက္ခဏာများနဲ့ လူဦးရေစာရင်းကောက်ယူမှုဆိုင်ရာ ဖွဲ့စည်းပုံတွေကို ပြောင်းလဲဖို့ ကြိုးစားမှုမှန်သမျှ လုံးဝသက်ရောက်မှုမရှိကြောင်း သေချာစေဖို့ ရေးဆွဲခဲ့တာဖြစ်ပြီး ဒီအချက်တွေကို အမေရိကန်က ပယ်ချလိုက်ပါတယ်။

အီဂျစ်နိုင်ငံက ဂျေရုဆလင်မှာ သံတမန်ရေးရာမစ်ရှင်ထူထောင်မှုတွေ မလုပ်ကြဖို့လည်း အဖွဲ့ဝင်တွေကို တိုက်တွန်းထားပါသေးတယ်။ မဲမပေးမီနဲ့ မဲပေးပြီးချိန်အထိ အမေရိကန်ရဲ့ အဓိက မဟာမိတ်တွေဖြစ်ကြတဲ့ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂျပန်နဲ့ ကာတာနိုင်ငံတွေဟာ အမေရိကန်နဲ့ သဘောထားကွဲလွဲကြောင်း ဖော်ပြခဲ့ကြပြီး ဂျေရုဆလင်ကို အစ္စရေးနိုင်ငံသားတွေရော ပါလက်စတိုင်းနိုင်ငံသားတွေနဲ့ပါ သက်ဆိုင်တဲ့ မြို့တော်ဖြစ်တယ်လို့ အခိုင်အမာ ပြောဆိုခဲ့ကြပါတယ်။

**ပါလက်စတိုင်းရဲ့ တုံ့ပြန်မှု**

ပါလက်စတိုင်း အာဏာပိုင်တွေဟာ အမေရိကန်ပြည်ထောင်စုက ဗီတိုအာဏာနဲ့ ပယ်ချခဲ့တဲ့အတွက် အပြစ်ဆိုခဲ့ကြပြီး နိုင်ငံတကာရဲ့ ဘုံသဘောတူညီမှုတွေကို ကန့်လန့်တိုက်နေတဲ့သူလို့ ခေါ်ဆိုခဲ့ကြပါတယ်။ တနင်္လာနေ့ ညနေခင်းက ပါလက်စတိုင်းခေါင်းဆောင်များ အစည်းအဝေးမှာ အဖွင့်မိန့်ခွန်းပြောကြားခဲ့စဉ်မှာ ပါလက်စတိုင်းသမ္မတ မာမွတ် အာဘတ်စ်က ပါလက်စတိုင်းပြည်သူတွေဟာ အမေရိကန်ရဲ့အပြုအမူတွေကို ထိပ်တိုက်ရင်ဆိုင်တဲ့ အရေးယူဆောင်ရွက်မှုတွေကို ကြေညာသွားမှာဖြစ်သလို တစ်ချိန်တည်းမှာပဲ ပါလက်စတိုင်းအတွက် အပြည့်အဝရပ်တည်မယ့် ကုလသမဂ္ဂအဖွဲ့ဝင်တွေကို ရရှိအောင်လည်း ကြိုးပမ်းသွားမယ်လို့ ပြောကြားခဲ့ပါတယ်။

ကျွန်ုပ်တို့အနေနဲ့ အမေရိကန်ကို ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်းပါ ကြားဝင်ဆောင်ရွက်မယ့်သူတစ်ဦးအဖြစ် လက်မခံတော့ဘူး။ အမေရိကန်ရဲ့ခုလိုရပ်တည်မှုဟာ အရေးယူဆောင်ရွက်မှုတွေ အများအပြားနဲ့ ရင်ဆိုင်ရမယ်လို့ အာဘတ်စ်က ပြောခဲ့ပါတယ်။ သက်ဆိုင်ရာကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေကို စုံစမ်းစစ်ဆေးဖို့ အထူးကော်မတီတစ်ရပ်ကို ဖွဲ့စည်းသွားပြီး အရေးယူဆောင်ရွက်မှုအသစ်တွေကို တင်ပြသွားမယ်ဆိုတဲ့အကြောင်း ၎င်းက အလေးပေးပြောကြားခဲ့ပါတယ်။

အာဘတ်စ်ဟာ ပါလက်စတိုင်းနိုင်ငံရဲ့ တရားဝင်ဂုဏ်အင်္ဂါအဆင့်အတန်းကို ခိုင်မာစေဖို့ နိုင်ငံတကာ သဘောတူစာချုပ်တွေနဲ့ သဘောတူစာချုပ် ၂၂ ခုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ အာဘတ်စ်ရဲ့ ပြောရေးဆိုခွင့်ရှိသူ နာဘီလ် အဘူရူဒိန်နက်က အမေရိကန်ရဲ့ဗီတိုအာဏာဟာ နိုင်ငံတကာစည်းမျဉ်းတွေနဲ့ လုံခြုံရေးကောင်စီရဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို ချိုးဖောက်နေတယ်လို့ ပြောခဲ့ပါတယ်။ ဒီလိုချိုးဖောက်မှုက သိမ်းပိုက်ခြင်းနဲ့ ကျူးကျော်ရန်စခြင်းတွေ ဖြစ်လာအောင် အားပေးနေတဲ့ ဘက်လိုက်မှုပဲလို့ ၎င်းက ဆိုပါတယ်။

အဲဒီဗီတိုအာဏာကြောင့်ပဲ အမေရိကန်ဟာ ပိုပြီးသီးခြားဆန်လာတော့မှာဖြစ်သလို နိုင်ငံတကာအဖွဲ့အစည်းတွေကိုလည်း ရန်စရာရောက်နေတယ်။ ကျွန်ုပ်တို့အနေနဲ့ ကိုယ့်နိုင်ငံသားတွေရဲ့ အခွင့်အရေးကို ခုခံကာကွယ်ဖို့ ကုလသမဂ္ဂအတွင်းမှာရော တခြားသော နိုင်ငံတကာအေဂျင်စီတွေ အတွင်းမှာပါ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆက်လက်လှုပ်ရှားသွားရလိမ့်မယ်လို့ နာဘီလ်က ပြောပါတယ်။ ပါလက်စတိုင်း နိုင်ငံခြားရေးဝန်ကြီး ရိတ်မယ်လ်ကီက ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ဟာ အမေရိကန်ရဲ့ လုပ်ဆောင်ချက်ကို ကန့်ကွက်တဲ့အနေနဲ့ ဆုံးဖြတ်ချက်မူကြမ်းအသစ်တစ်ရပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံသို့ အစီရင်ခံ တင်ပြသွားမယ်လို့ ဖွင့်ဟခဲ့ပါတယ်။

**နိုင်ငံတကာရဲ့ တုံ့ပြန်မှု**

အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက တနင်္လာနေ့မှာ ရလဒ်နဲ့ပတ်သက်ပြီး စိတ်မကောင်းကြောင်း ဖော်ပြခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာမက်အဘူဇိဒ်က ဆုံးဖြတ်ချက်ဟာ ဂျေရုဆလင်ရဲ့ ဂုဏ်အင်္ဂါကို ပြောင်းလဲပစ်ဖို့ ရည်ရွယ်တဲ့ ထရန့်ရဲ့ ဆုံးဖြတ်ချက်ကို နိုင်ငံတကာအဖွဲ့အစည်းတွေက လက်မခံမှုကို ထင်ဟပ်စေတဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ဂျေရုဆလင်နဲ့ပတ်သက်ပြီး ဆယ်စုနှစ်တွေများစွာကြာအောင် ထားရှိခဲ့တဲ့ အမေရိကန်ရဲ့ မူဝါဒကို ချိုးဖျက်လိုက်တဲ့ ထရန့်ဟာ ဒီဇင်ဘာ ၆ ရက်နေ့မှာ အမေရိကန်သံရုံးကို တဲလ်အဗစ်ကနေ အငြင်းပွားနေတဲ့ ဂျေရုဆလင်သို့ ပြောင်းရွှေ့ရုံးစိုက်မယ်လို့ ကြေညာခဲ့ပြီး ဒီအချက်က ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်လိုက်တာပဲဆိုတာကို ထုတ်ဖော်ပြောနေစရာတောင် မလိုဘဲ သိသာစေခဲ့ပါတယ်။

ဒီကြေညာချက်ကြောင့်ပဲ နိုင်ငံတကာအဖွဲ့အစည်းတွေကို တုန်လှုပ်သွားစေခဲ့ပြီး ဆန္ဒပြပွဲတွေ အကြီးအကျယ် ပေါ်ထွက်လာတာပါ။ မဲခွဲဆုံးဖြတ်မှုမလုပ်ခင်မှာ အမေရိကန်နိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ် မက်သူးရိုင်ခရော့ဖ်က ဂျေရုဆလင်အရေးနဲ့ပတ်သက်ပြီး ဗြိတိန်ရဲ့ ကာလရှည်ကြာရပ်တည်လာမှုဟာ လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်တွေနဲ့ ကိုက်ညီနေတဲ့အတွက် ဗြိတိန်အနေနဲ့ ထောက်ခံမဲ ထည့်နိုင်ဖွယ်ရှိတယ်လို့ သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။ ဗြိတိန်အနေနဲ့ ဂျေရုဆလင်မြို့ဟာ အစ္စရေးနိုင်ငံသားတွေနဲ့ရော ပါလက်စတိုင်းနိုင်ငံသားတွေနဲ့ပါ သက်ဆိုင်တဲ့ မြို့တစ်မြို့ဖြစ်သင့်တယ်ဆိုတာကို ယုံကြည်တယ်။ အစ္စရေးမှာ ရုံးစိုက်ထားတဲ့ ဗြိတိန်သံရုံးဟာလည်း တဲလ်အဗစ်မှာပဲ ဆက်လက်ရှိနေဦးမယ်လို့ ရိုင်ခရော့ဖ်က ထပ်မံပြောခဲ့ပါသေးတယ်။

**တရုတ်နိုင်ငံရဲ့ သဘောထား**

မဲခွဲဆုံးဖြတ်မှုအပြီးမှာ ကုလသမဂ္ဂဆိုင်ရာ တရုတ်အမြဲတမ်းမစ်ရှင်အဖွဲ့ရဲ့ လက်ထောက်သံအမတ် ဝူဟေတိုက ဂျေရုဆလင်အရေးနဲ့ပတ်သက်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ စုစည်းညီညွတ်ကြဖို့ တောင်းဆိုခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အင်အားစိုက်ထုတ်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။ ပါလက်စတိုင်းအရေးဟာ အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးရဲ့မဏ္ဍိုင်ပဲဖြစ်ပြီး တရုတ်နိုင်ငံက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ရှေ့ဆက်အောင်အထည်ဖော်သွားဖို့ အမြဲအားပေးထောက်ခံခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။

ပါလက်စတိုင်းပြည်သူတွေရဲ့ တရားဥပဒေနဲ့ ညီညွတ်တဲ့ နိုင်ငံသားအခွင့်အရေး ပြန်လည်ရရှိရေးဆောင်ရွက်ဖို့ကို တရုတ်နိုင်ငံက ထောက်ခံတယ်။ အချုပ်အခြာအာဏာအပြည့်အဝရရှိရေး ထူထောင်မှုကို အားပေးထောက်ခံတယ်။ တရုတ်နိုင်ငံရဲ့အဲဒီရပ်တည်ချက် သဘောထားဟာ ပြောင်းလဲသွားဖို့ မရှိဘူးလို့ ၎င်းက ပြောကြားခဲ့ပါတယ်။

တရုတ်နိုင်ငံဟာ ဂျေရုဆလင်ရဲ့ နိုင်ငံရေးဆိုင်ရာ အခြေချမှုကို နှစ်နိုင်ငံဖြေရှင်းမှုတွေအပေါ်မှာ အခြေခံပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကို ဆက်လက်လုပ်ဆောင်သွားမယ်လို့ ဝူဟေတိုက ပြောခဲ့ပါတယ်။

နှစ်နိုင်ငံဆုံးဖြတ်ချက်ကို အခြေခံတဲ့ အစ္စရေး-ပါလက်စတိုင်း နိုင်ငံရေးဆိုင်ရာ အခြေချမှုကို တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ဖို့ တောင်းဆိုကမ်းလှမ်းချက်တွေဟာ အများနဲ့သက်ဆိုင်သော၊ ကျယ်ပြန့်နက်နဲသော ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပြီး ရှည်ကြာခိုင်မာတဲ့ လုံခြုံရေးဆိုင်ရာ အယူအဆ သဘောထားတွေကို ထောက်ခံနေပြီး ငြိမ်းချမ်းရေးအတွက် အင်အားစိုက်ထုတ်မှုတွေကို ပိုမိုခိုင်မာစေအောင်လုပ်ဖို့ လိုအပ်သလို ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ ငြိမ်းချမ်းရေးကို မြှင့်တင်သွားဖို့ လိုအပ်နေပါတယ်။ ။

**ကိုးကား - ဆင်ဟွာ**

> **"အမေရိကန်ရဲ့ ဗီတိုအာဏာဟာ နိုင်ငံတကာစည်းမျဉ်းတွေနဲ့ လုံခြုံရေးကောင်စီရဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို ချိုးဖောက်နေတယ်လို့ ပြောခဲ့ပါတယ်။ ဒီလိုချိုးဖောက်မှုက သိမ်းပိုက်ခြင်းနဲ့ ကျူးကျော်ရန်စခြင်းတွေ ဖြစ်လာအောင် အားပေးနေတဲ့ ဘက်လိုက်မှုပဲ"**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(၂) အစည်းအဝေးကျင်းပနေစဉ် ကာလတစ်လျှောက် ကုမ္ပဏီတွင်ပါဝင်သူ အနည်းဆုံးနှစ်ဦး သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့် ပိုမိုများပြားသည့်အရေအတွက်ရှိမှသာ အစည်းအဝေးအထမြောက်စေရမည်။

(၃) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာများက ရွေးချယ်ထားသော ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ သို့ရာတွင် အစည်းအဝေးသို့ ထိုပုဂ္ဂိုလ်မတက်ရောက်နိုင်ပါက အစည်းအဝေးတက်ရောက်သူများက ဥက္ကဋ္ဌကို ရွေးချယ်ရမည်။

(၄) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစည်းအဝေးတွင် မဲအရေအတွက်အများစုပိုင်ဆိုင်ကြသည့် တက်ရောက်သူများက ဥက္ကဋ္ဌအား အစည်းအဝေးရွှေ့ဆိုင်းပေးစေရန် သဘောတူညီလျှင် သို့မဟုတ် ညွှန်ကြားလျှင် အစည်းအဝေးအား ရွှေ့ဆိုင်းရမည်။

(၅) ကုမ္ပဏီ၏ စာရင်းစစ်သည်တက်ရောက်နိုင်၍ ထိုစာရင်းစစ်သည် အစည်းအဝေးအကြောင်းကြားစာများအားလုံးကို လက်ခံနိုင်ပြီး၊ အစည်းအဝေးတွင် စာရင်းစစ်နှင့် သက်ဆိုင်သည့် အစည်းအဝေးလုပ်ငန်းအစိတ်အပိုင်းအားလုံးနှင့်စပ်လျဉ်း၍ ပါဝင်ဆွေးနွေးခွင့်ရှိသည်။

(၆) ဒါရိုက်တာအဖွဲ့၏ဥက္ကဋ္ဌသည် အခါအားလျော်စွာ ခေါ်ယူကျင်းပနိုင်သည်။

(၇) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာတစ်ဦးဦးက သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသည့် အခြားသူတစ်ဦးဦးက ခေါ်ယူနိုင်သည်။

(၈) ပုဒ်မခွဲ (ခ) နှင့်အညီ ကုမ္ပဏီတွင် ပါဝင်သူများက တရားဝင်စာဖြင့် ရေးသားတောင်းဆိုလျှင် ဒါရိုက်တာများက ခေါ်ယူကျင်းပရမည်။

(၉) ကုမ္ပဏီ၏အစည်းအဝေး၌ အဆုံးအဖြတ်မဲအဖြစ် ဆောင်ရွက်နိုင်မည့် တစ်ဆယ်ပုံတစ်ပုံအောက်မနည်းသည့် ဆန္ဒမဲများကို ပိုင်ဆိုင်ထားသော ကုမ္ပဏီတွင်ပါဝင်သူများက ခေါ်ယူကျင်းပဆောင်ရွက်နိုင်သည်။ သို့ရာတွင် အဆိုပါကုမ္ပဏီတွင် ပါဝင်သူများသည် အစည်းအဝေးခေါ်ယူကျင်းပသည့်စရိတ်များကို ကျခံရမည်ဖြစ်ပြီး ဒါရိုက်တာများမှ ခေါ်ယူကျင်းပသည့် ကုမ္ပဏီ၏အစည်းအဝေးများတွင် ဆောင်ရွက်သည့် နည်းလမ်းများအတိုင်း ဖြစ်နိုင်သမျှ လိုက်နာဆောင်ရွက်ကျင်းပရမည်။ ၎င်းအပြင်

(၁၀) ကုမ္ပဏီ၏ အစည်းအဝေး၌ အခြားနည်းဖြင့် ခေါ်ယူကျင်းပရန် မသင့်လျော်၍ ဖြစ်စေ၊ ထိုသို့ဆောင်ရွက်ရန် သင့်လျော်မှုတမူမရှိသည်ဟု တွေ့ရှိလျှင်ဖြစ်စေ တရားရုံးသည် အမိန့်တစ်ရပ်ရပ်ချမှတ်၍ အစည်းအဝေးအား ခေါ်ယူကျင်းပနိုင်သည်။ အစည်းအဝေးတွင် မဲပေးခွင့်ရှိသော ဒါရိုက်တာ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း အစည်းအဝေး ခေါ်ယူကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များကို ပြုလုပ်နိုင်သည်။

(ခ) ကုမ္ပဏီ၏အစည်းအဝေး၌ အဆုံးအဖြတ်မဲအဖြစ်ဆောင်ရွက်နိုင်မည့် တစ်ဆယ်ပုံ တစ်ပုံအောက်မနည်းသည့် ဆန္ဒမဲများကို ပိုင်ဆိုင်ထားသော အစုရှယ်ယာရှင်များကဖြစ်စေ သို့မဟုတ် အစည်းအဝေး၌ဆန္ဒမဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူ အနည်းဆုံးဦးရေ ၁၀၀ ကဖြစ်စေ စာဖြင့်ရေးသားတောင်းဆိုသည့်အခါ အဆိုပြုထားသော ဆောင်ရွက်မည့်လုပ်ငန်းသည် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်ဖြစ်ခဲ့လျှင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့်စည်းကမ်းချက် မရှိစေကာမူ အစုရှယ်ယာမတည်ငွေရင်းပါရှိသော ကုမ္ပဏီ၏ဒါရိုက်တာများသည် ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရန် ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) လျှောက်ထားတောင်းဆိုမှုကို စာဖြင့်ရေးသား ပြုလုပ်ရမည်ဖြစ်ပြီး အစည်းအဝေး၏ ရည်ရွယ်ချက်များနှင့် အဆိုပြုလိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်တို့ကို ဖော်ပြပါရှိစေရမည်။ ၎င်းအားလျှောက်ထားသူများက လက်မှတ်ရေးထိုး၍ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းသို့ပေးပို့ရမည်။ ထိုလျှောက်ထားမှုတွင် အလားတူ စာရွက်စာတမ်းများစွာပါရှိနိုင်ပြီး ထိုစာရွက်စာတမ်းတစ်ခုစီတွင် လျှောက်ထားသူတစ်ဦးကဖြစ်စေ၊ အများကဖြစ်စေ လက်မှတ်ရေးထိုးထားရမည်။

(ဃ) သို့ရာတွင် အစည်းအဝေးမှာ ပုဒ်မခွဲ (ခ) အရ ခေါ်ယူကျင်းပခြင်းမပြုသင့်ကြောင်း ဒါရိုက်တာများက ဆုံးဖြတ်ခဲ့ပြီး ထိုအကြောင်းအရာအား လျှောက်ထားသူများသို့ အကြောင်းကြားခဲ့ခြင်းမှအပ ဒါရိုက်တာများသည် အစည်းအဝေးအား ခေါ်ယူကျင်းပမည်ဖြစ်ကြောင်း လျှောက်ထားတင်ပြအကြောင်းကြားသည့်နေ့မှစ၍ ၂၁ ရက်အတွင်း ဆောင်ရွက်ခြင်းမပြုခဲ့လျှင် လျှောက်ထားသူများကဖြစ်စေ၊ ၎င်းတို့အနက်မှ မဲအများစုပေးခွင့်ရှိသူမှဖြစ်စေ ၎င်းတို့ကိုယ်တိုင် အစည်းအဝေးအားခေါ်ယူကျင်းပနိုင်သည်။ သို့သော် ထိုသို့ခေါ်ယူကျင်းပသည့်အစည်းအဝေးသည် လျှောက်ထားတင်ပြအကြောင်းကြားသည့် နေ့မှစ၍သုံးလအတွင်း ကျင်းပရမည်။

(င) လျှောက်ထားသူများက ဤပုဒ်မအရ ခေါ်ယူကျင်းပသည့်အစည်းအဝေးကို ဒါရိုက်တာများက ခေါ်ယူကျင်းပသည့် အစည်းအဝေးများတွင် ဆောင်ရွက်သည့်နည်းလမ်းများအတိုင်း ဖြစ်နိုင်သမျှ လိုက်နာဆောင်ရွက်ကျင်းပရမည်။ လျှောက်ထားသူများက ဤကိစ္စရပ်အတွက် မှတ်ပုံတင်စာရင်း၏ မိတ္တူတစ်ရပ်ရပ်ကိုတောင်းဆိုလျှင် ကုမ္ပဏီသည် အဆိုပါ မိတ္တူကို ၎င်းတို့ထံတင်ပြရမည်။

(စ) ဒါရိုက်တာများက အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရန် ပျက်ကွက်ခဲ့သည့်အတွက် လျှောက်ထားသူများက ကျခံခဲ့ရသည့် ထိုက်သင့်သည့်ကုန်ကျစရိတ်များကို ကုမ္ပဏီက လျှောက်ထားသူများထံ ပြန်လည်ပေးချေရမည်။ ထိုသို့ ပြန်လည်ပေးချေခဲ့သည့် ငွေပမာဏကို ကုမ္ပဏီသည်ပျက်ကွက်ခဲ့သည့် ဒါရိုက်တာများသို့ ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုအတွက် ကုမ္ပဏီမှပေးချေရမည့် အဖိုးအခ သို့မဟုတ် အခြားအခကြေးငွေတို့မှ ထုတ်နုတ်၍ ပြန်လည်ရယူရမည်။

(ဆ) ကုမ္ပဏီ၏အစည်းအဝေး၌ အဆုံးအဖြတ်မဲအဖြစ် ဆောင်ရွက်နိုင်မည့် တစ်ဆယ်ပုံတစ်ပုံအောက်မနည်းသည့် ဆန္ဒမဲများကို ပိုင်ဆိုင်ရရှိထားသော အစုရှယ်ယာရှင်များမှဖြစ်စေ သို့မဟုတ် အစည်းအဝေး၌ ဆန္ဒမဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူ အနည်းဆုံး ဦးရေ ၁၀၀ ကဖြစ်စေ ကုမ္ပဏီ၏အစည်းအဝေး၌ ပြောင်းလဲရမည့် အဆိုပြုထားသော ဆုံးဖြတ်ချက်အတွက် ကုမ္ပဏီသို့ အကြောင်းကြားစာ ပေးပို့နိုင်သည်။

(ဇ) ပုဒ်မခွဲ (ဆ) အရ ပေးပို့သည့်အကြောင်းကြားစာအား စာဖြင့်ရေးသားဆောင်ရွက်မည်ဖြစ်ပြီး အဆိုပြုသည့် ဆုံးဖြတ်ချက်ကို ရေးသားဖော်ပြပါရှိစေရမည်။ ထိုအကြောင်းကြားစာအား ယင်းသို့ဆောင်ရွက်ရန်အဆိုပြုသည့် ကုမ္ပဏီတွင် ပါဝင်သူများမှလက်မှတ်ရေးထိုးရမည်။ အကြောင်းကြားစာတွင် အကျဉ်းချုပ် ရှင်းလင်းဖော်ပြချက်ကို ပူးတွဲ၍ တင်ပြနိုင်သည်။

(ဈ) ပုဒ်မခွဲ(ဆ)တွင် ဖော်ပြထားသည့် အဆိုပြုထားသော ဆုံးဖြတ်ချက်သည် အစည်းအဝေး၌တင်ပြရမည့် အဆိုပြုထားသောဆုံးဖြတ်ချက်ဖြစ်ပြီး ဆုံးဖြတ်ချက်သည်လည်းကောင်း၊ ပူးတွဲတင်ပြသည့် ရှင်းလင်းဖော်ပြချက်သည်လည်းကောင်း အလွန်ရှည်လျားခြင်း သို့မဟုတ် တစ်စုံတစ်ဦးကို ထိခိုက်နစ်နာစေခြင်း မရှိလျှင် ကုမ္ပဏီသည် အဆိုပါအကြောင်းကြားစာနှင့် ရှင်းလင်းဖော်ပြချက်များကို ကုမ္ပဏီသို့ပေးပို့သော နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ သို့ရာတွင် နောက်တစ်ကြိမ် ကျင်းပမည့် အစည်းအဝေးသည် ဆုံးဖြတ်ချက်ဆိုင်ရာ အကြောင်းကြားစာအား လက်ခံရရှိသည့်နေ့မှ နှစ်လအတွင်း၌ ကျင်းပမည်ဆိုလျှင် အဆိုပါအကြောင်းကြားစာကို ပေးပို့ရန်မလို။ သို့သော် အကြောင်းကြားစာကို ပေးပို့၍ အစည်းအဝေးအား လက်ခံရရှိသည့်နေ့မှ ၁၂ လအတွင်း ကျင်းပရမည်။

(ည) ဤဥပဒေအရ သတ်မှတ်ထားသော အစည်းအဝေးအကြောင်းကြားချက်များနှင့် မဲပေးခြင်းဆိုင်ရာများအတွက် သတ်မှတ်ချက်များကို လိုက်နာလျက် ကုမ္ပဏီတွင်ပါဝင်သူများက အစည်းအဝေးကိုသင့်လျော်စွာ ကျင်းပဆောင်ရွက်ပြီး ပါဝင်နိုင်ကြမည့်နည်းလမ်းတစ်ရပ်ဖြင့် အစည်းအဝေးများ ကျင်းပနိုင်စေရန် ကုမ္ပဏီသည် ယင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အစည်းအဝေးခေါ်ယူကျင်းပခြင်းအတွက် ကုမ္ပဏီတွင်ပါဝင်သူများ ဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်နိုင်စေရန် သတ်မှတ်ထည့်သွင်း ဖော်ပြနိုင်သည်။

**အစည်းအဝေးများအတွက် အကြောင်းကြားခြင်းနှင့် မဲပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၁၅၂။ (က) အောက်ပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏အစည်းအဝေးများခေါ်ယူခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် အကျိုးသက်ရောက်စေရမည် -

(၁) ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ကို စာဖြင့်ရေးသား၍၂၁ ရက်ထက်မနည်းသော သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသော ပိုမိုကြာမြင့်သည့်ကာလအတွင်း ကြိုတင်အကြောင်းကြားစာ သို့မဟုတ် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီဖြစ်ခဲ့လျှင် စာဖြင့်ရေးသား၍၂၈ ရက်အတွင်း ကြိုတင်အကြောင်းကြားစာဖြင့် ခေါ်ယူကျင်းပနိုင်သည်။ သို့သော် အစည်းအဝေးတစ်ရပ်ရပ်အတွက် အကြောင်းကြားစာကို လက်ခံရရှိနိုင်သည့် ကုမ္ပဏီတွင်ပါဝင်သူများအားလုံး၏သဘောတူညီချက်ဖြင့် အစည်းအဝေးကို ပိုမိုတိုတောင်းသည့် ကာလအတွင်း ပေးပို့သည့် အကြောင်းကြားစာဖြင့်ခေါ်ယူနိုင်ပြီး ကုမ္ပဏီတွင်ပါဝင်သူများက သင့်သည်ထင်မြင်သော နည်းလမ်းများဖြင့် ကျင်းပနိုင်သည်။

(၂) ကုမ္ပဏီ၏အစည်းအဝေးအတွက် စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာကို အစည်းအဝေးတွင်မဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူများအားလုံး၊ ဒါရိုက်တာအားလုံးနှင့် စာရင်းစစ်များထံသို့ပေးပို့ရမည်။ အကြောင်းကြားစာကို အောက်ပါနည်းလမ်းများဖြင့် ပေးပို့နိုင်သည် -

(ကက) လူကိုယ်တိုင်သော်လည်းကောင်း၊

(ခခ) ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ဖော်ပြပါရှိသော ၎င်းတို့၏လိပ်စာများ သို့မဟုတ် ဤကိစ္စရပ်အလို့ငှာ ကုမ္ပဏီတွင်ပါဝင်သူများက သတ်မှတ်ဖော်ပြထားသည့် အခြားလိပ်စာများသို့ စာတိုက်မှဖြစ်စေ၊ အခြားတိုက်ရိုက်ပေးပို့သည့် နည်းလမ်းဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊

(ဂဂ) ဤကိစ္စရပ်အလို့ငှာ ကုမ္ပဏီတွင်ပါဝင်သူများက သတ်မှတ်ဖော်ပြထားသည့် ဖက်(စ်)နံပါတ် သို့မဟုတ် အီလက်ထရွန်နစ်လိပ်စာသို့ အီလက်ထရွန်နစ်နည်းဖြင့်လည်းကောင်း၊

(ဃဃ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်လည်းကောင်း၊ သို့ရာတွင် ကုမ္ပဏီတွင်ပါဝင်သူများထံသို့ အကြောင်းကြားစာ ပေးပို့ရာတွင် မတော်တဆကျန်ရစ်ခဲ့ခြင်း သို့မဟုတ် အကြောင်းကြားစာ မရရှိခြင်းတို့သည် အစည်းအဝေးတစ်ရပ်ရပ်၏ ဆောင်ရွက်ရမည့် လုပ်ငန်းများကို တရားမဝင်ခြင်း မရှိစေရ။

(၃) အစည်းအဝေးအကြောင်းကြားစာတွင် အောက်ပါတို့ကို ဖော်ပြပါရှိစေရမည်-

(ကက) အစည်းအဝေးကျင်းပမည့် နေရာ၊ နေ့ရက်နှင့် အချိန်၊

(ခခ) အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာ အထွေထွေဖော်ပြချက်များ၊

(ဂဂ) အစည်းအဝေးသည် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၊ ဥပဒေအရ လိုက်နာကျင်းပရသည့်အစည်းအဝေး သို့မဟုတ် အထူးကျင်းပသည့် အထွေထွေအစည်းအဝေးတစ်ရပ်ရပ်ဖြစ်ကြောင်း ဖော်ပြချက်များ၊

(ဃဃ) ကုမ္ပဏီတွင်ပါဝင်သူများက အဆိုပြုသည့် ဆုံးဖြတ်ချက်များ သို့မဟုတ် အထူးဆုံးဖြတ်ချက်များပါရှိခြင်း သို့မဟုတ် မပါရှိခြင်းဆိုသော အချက်များအပါအဝင် လိုအပ်သောရှင်းလင်းတင်ပြချက်များနှင့်တကွ အစည်းအဝေးတွင် အဆိုပြုမည့် ဆုံးဖြတ်ချက်များ၊

(ငင) ကိုယ်စားလှယ်များ သို့မဟုတ် ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်ခန့်အပ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် လမ်းညွှန်ချက်များ၊ ယင်းတို့တွင် အဆိုပါခန့်အပ်မှုများအတွက် အကြောင်းကြားစာများ လက်ခံရရှိနိုင်သည့် အချိန်၊ အဆိုပါခန့်အပ်မှုများအားပေးပို့ရမည့် နည်းလမ်းများပါဝင်ရမည်၊ ၎င်းအပြင်

(စစ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ၊ ဤဥပဒေတွင်ဖြစ်စေ သတ်မှတ်ဖော်ပြထားသော လိုအပ်သည့် အခြားအချက်အလက်များ။

(၄) ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၏ မှတ်ပုံတင်စာရင်းတွင် အမည်စာရင်းဖော်ပြပါရှိသော အစုရှယ်ယာပိုင်ရှင်တစ်ဦးဦးသည် တူညီသော အစုရှယ်ယာအမျိုးအစားကို ပိုင်ဆိုင်ကြသော အခြားအစုရှယ်ယာရှင်များကဲ့သို့ တူညီသည့်အခွင့်အရေးများရရှိခံစားနိုင်ပြီး တူညီသော တာဝန်ရှိမှုများနှင့်လည်း သက်ဆိုင်စေရမည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏အစည်းအဝေးများ၌ မဲပေးခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် အကျိုးသက်ရောက်စေရမည် -

(၁) အစုရှယ်ယာအမျိုးအစားတစ်ရပ်ရပ်နှင့်အတူ ဆက်စပ်ပါရှိသော အခွင့်အရေးများ သို့မဟုတ် ကန့်သတ်ချက်များနှင့်အညီ ကုမ္ပဏီ၏ အစည်းအဝေး၌ -

(ကက) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးစီက လက်ပြ၍ ဆန္ဒမဲတစ်မဲ ပေးခွင့်ရှိသည်။

(ခခ) ဆန္ဒမဲပေးရာတွင် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးစီသည် ၎င်းတို့ပိုင်ဆိုင်သော အစုရှယ်ယာတစ်ခုစီအတွက် ဆန္ဒမဲတစ်မဲ ပေးခွင့်ရှိသည်။

(ဂဂ) အစုရှယ်ယာတစ်ခုအား ပူးတွဲပိုင်ဆိုင်ကြလျှင် အမည်စာရင်းတင်သွင်းထားသော အစုရှယ်ယာပိုင်သူများအနက်မှ တစ်ဦးက မဲပေးခွင့်ရှိသည်။ ၎င်းအပြင်

(ဃဃ) ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲတစ်မဲ ပေးခွင့်ရှိသည်၊

(၂) မဲပေးနိုင်သည့် အခွင့်အရေးတစ်စုံတစ်ရာအပေါ် ဆန့်ကျင်တင်ပြလိုလျှင် အစည်းအဝေး၌သာပြုလုပ်နိုင်ပြီး ယင်းနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌ၏အဆုံးအဖြတ်သည် အပြီးသတ်ဖြစ်စေရမည်။

(၃) အစည်းအဝေးတွင် မဲခွဲဆောင်ရွက်ရန်တင်ပြသည့် ဆုံးဖြတ်ချက်ကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်းမရှိလျှင် လက်ပြ၍ ဆန္ဒပြုခြင်းဖြင့် ဆုံးဖြတ်ရမည်။

(၄) ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆန္ဒမဲပေးရန် အောက်ပါပုဂ္ဂိုလ်များက တောင်းဆိုဆောင်ရွက်နိုင်သည် -

(ကက) ဥက္ကဋ္ဌ သို့မဟုတ်

(ခခ) ကုမ္ပဏီတွင်ပါဝင်သူများမှ အနည်းဆုံး ငါးဦး သို့မဟုတ်

(ဂဂ) ဆန္ဒမဲပေးရာတွင် အဆုံးအဖြတ်ပေးနိုင်သည့် မဲအရေအတွက် အနည်းဆုံး ၁၀ ရာခိုင်နှုန်းကို ရရှိထားသည့် ကုမ္ပဏီတွင်ပါဝင်သူများ။

(၅) လက်ပြ၍ ဆန္ဒမဲပေးခြင်း မပြုမီအချိန်တွင်သော်လည်းကောင်း၊ လက်ပြ၍ဆန္ဒမဲပေးသည့်ရလဒ်များကို ကြေညာခြင်းမပြုမီ သို့မဟုတ် ကြေညာပြီးနောက် ချက်ချင်းအချိန်တွင်လည်းကောင်း ဆန္ဒမဲပေးခြင်းကို ပြုလုပ်ရန် တောင်းဆိုနိုင်သည်။

(၆) ဆန္ဒမဲပေးခြင်းကို ဥက္ကဋ္ဌက ညွှန်ကြားသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်။

(၇) လက်ပြ၍ဖြစ်စေ၊ ဆန္ဒမဲဖြင့်ဖြစ်စေ ဆန္ဒမဲပေးခြင်းမပြုလုပ်မီအချိန်တွင် ဥက္ကဋ္ဌသည် လက်ခံရရှိထားသော ကိုယ်စားလှယ်ဖြင့်ပေးသည့်မဲများနှင့် အဆိုပါမဲများကို မည်သို့အဆုံးအဖြတ် ပြုစေမည်ဆိုသည်ကို အစည်းအဝေးသို့ အသိပေးပြောကြားရမည်။ ၎င်းအပြင်

(၈) လက်ပြ၍ ဆန္ဒမဲပေးရာတွင် ဥက္ကဋ္ဌ၏ကြေညာချက်သည် အဆုံးအဖြတ်ရလဒ်အတွက် ပြည့်စုံခိုင်လုံသော သက်သေခံချက်ဖြစ်စေရမည်။ သို့ရာတွင် အဆိုပါကြေညာချက်သည် လက်ပြ၍ဆန္ဒပြုမှုများနှင့် လက်ခံရရှိထားသော ကိုယ်စားလှယ်များ၏ ဆန္ဒပြုမှုများကို အခြေခံရမည်။

(ဂ) ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ရပ်ကို ခေါ်ယူကျင်းပနိုင်မည့် နည်းလမ်းတစ်ရပ်ရပ်အရအစည်းအဝေးအား ခေါ်ယူကျင်းပရန်အတွက်ဖြစ်စေ၊ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ထားသည့် နည်းလမ်းဖြင့် ကုမ္ပဏီ၏အစည်းအဝေးအား ကျင်းပရန်အတွက်ဖြစ်စေ အကြောင်းတစ်စုံတစ်ရာကြောင့် မပြုလုပ်နိုင်ခဲ့လျှင် တရားရုံးသည် ကိုယ်တိုင်အရေးယူဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ အစည်းအဝေးတွင်မဲပေးခွင့်ရရှိသော ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရဖြစ်စေ ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ကို တရားရုံးမှ သင့်သည်ထင်မြင်သည့်နည်းလမ်းဖြင့် ခေါ်ယူကျင်းပစေရန် အမိန့်ချမှတ်နိုင်သည်။ အဆိုပါ အမိန့်တစ်ရပ်ကို ချမှတ်သည့်အခါ တရားရုံးသည် လိုအပ်မည် ထင်သောအထောက်အပံ့ဖြစ်စေမည့် ညွှန်ကြားချက်များကို ချမှတ်နိုင်သည်။ ဖော်ပြပါအမိန့် တစ်ရပ်ရပ်နှင့်အညီ ခေါ်ယူကျင်းပသည့် အစည်းအဝေးတစ်ရပ်ရပ်ကို ကုမ္ပဏီ၏ နည်းလမ်းတကျ ခေါ်ယူကျင်းပသော အစည်းအဝေးတစ်ရပ်အဖြစ် မှတ်ယူရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၁၀၀)

# အိန္ဒိယမြန်မာ ချစ်ကြည်စွာ



ဦးဟန်ညွှန့် (ဥပဒေ)

**ပြီးခဲ့သော တစ်ပတ်**

ပြီးခဲ့သော တစ်ပတ်က "အိန္ဒိယ မြန်မာသတင်းမီဒီယာ" အကြောင်း ရေးခဲ့သည်။ ယခုတစ်ပတ်တွင် "အိန္ဒိယ မြန်မာချစ်ကြည်စွာ" ဟု အမည်ပေး၍ ဆက်ရေးပါရစေ။

**အိန္ဒိယ**

အိန္ဒိယနိုင်ငံသည် တောင်အာရှ၌ တည်ရှိသည်။ နိုင်ငံအကျယ်အဝန်းမှာ ၁၂၆၆၅၉၅ စတုရန်းမိုင်ကျယ်သည်။ တစ်စတုရန်းမိုင်မှာ လူဦးရေ ၆၅၈ ယောက်နေထိုင်သည်။ ၈၃ ရာခိုင်နှုန်းသော လူဦးရေမှာ ဟိန္ဒူများ ဖြစ်သည်။ ၁၁ ရာခိုင်နှုန်းမှာ မူဆလင်များ ဖြစ်ကြသည်။ သုံးရာခိုင်နှုန်းမှာ ခရစ်ယာန်ဖြစ်သည်။ နှစ်ရာခိုင်နှုန်းမှာ ဆစ်ခ်ဘာသာဝင်များဖြစ်သည်။ ၁ ဒသမ ၀၁ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သည်ဟု သိရသည်။

**အိန္ဒိယဂိတ်** (INDIA GATE)

ကျွန်တော် အိန္ဒိယရောက်တော့ ထူးထူးခြားခြား သတိပြုမြင်ရသည့် မြင်ကွင်းမှာ အိန္ဒိယဂိတ် (India gate)များ ဖြစ်ပေသည်။ အိန္ဒိယပြည်သူပြည်သားများ အောက်မေ့ဖွယ် အထိမ်းအမှတ် တစ်ခုအနေဖြင့် တည်ဆောက်ထားသော ကျောက်တိုင်ဖြစ်ပေသည်။ ထိုဂိတ်များကို SIR EDWINLUTYENS က တည်ဆောက်ပေးခဲ့သည်။

ပထမကမ္ဘာစစ်ပွဲတွင် ဗြိတိသျှအစိုးရ၏ လက်အောက်ဝင်ရောက်တိုက်ခိုက်ပြီး အသက်ပေးခဲ့ရသော စစ်သည်တော်ပေါင်း ခုနစ်သောင်းအတွက်လည်းကောင်း၊ ၁၉၁၉ ခုနှစ်တွင် အာဖဂန်စစ်ပွဲတွင် သေဆုံးခဲ့ကြသော စစ်သည်တော် ၁၃၅၆ ယောက်တို့၏ အမည်နာမများကို ရေးထိုးကာ ဂုဏ်ပြုတည်ဆောက်ထားသော အိန္ဒိယဂိတ်များ ဖြစ်ကြောင်း သိရသည်။ ဂိတ်များသည် အမြင့်ပေအားဖြင့် ၄၂ မီတာအမြင့်ရှိပေသည်။

BAHAI TEMPLE

Bahai Temple (House of Worship) ဘုရားရှိခိုးကျောင်းသည် ကြာပွင့်ပုံသဏ္ဌာန်ထုလုပ်ထားသည်။ ကြည့်ရသည်မှာ ပသာဒရှိသည်။ နယူးဒေလီမြို့တော်အတွင်းရှိ လူအများစိတ်အဝင်စားဆုံးလာရောက်လည်ပတ်သည့်နေရာလည်း ဖြစ်ပေသည်။ ထိုဘုရားကျောင်းသည် LOTUS TEMPLE ဟုခေါ်သည်။ ဘုရားကျောင်းထဲတွင် လေအေးစက်များ လွှတ်ထားသည်။ တိတ်ဆိတ်ငြိမ်သက်သည့် အရသာကို ခံစားရစေသည်။

**တရားလွှတ်တော်ချုပ်**

စာရေးသူသည် တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်သည်။ နိုတြီပဗ္ဗလစ်တစ်ဦးလည်း ဖြစ်သည်။ မြန်မာတရားစီရင်ရေးစနစ်နှင့် အိန္ဒိယတရားစီရင်ရေးစနစ်ကို



အမြဲယှဉ်တွဲလေ့လာချင်သည်။ မှတ်စုတွေလည်း ကြိုတင်ရေးမှတ်ထားသည်။ အိန္ဒိယရှိ ရှေ့နေများ၊ တရားသူကြီးများနှင့်ပါ မိတ်ဆွေဖွဲ့မည်။ အလုပ်အကြောင်း၊ ဥပဒေအကြောင်း ဆွေးနွေးမည်ဟု စီမံ၊ စဉ်းစားခဲ့သည်။ အိန္ဒိယတရားလွှတ်တော်ချုပ်ကြီး ထဲဝင်ပြီး အမှုစစ်ဆေးပုံတွေ၊ လေ့လာမည်။ တရားလွှတ်တော်ချုပ်ပြတိုက်ကြီးကိုလည်း ဝင်ရောက်လေ့လာမည်။ ဓာတ်ပုံရိုက်ခွင့်ပြုလျှင် ရိုက်မည်။ သို့သော်လည်း အချိန်မရ။ မြန်မာပြည်သို့ ပြန်ရမည့်ရက် ကပ်နေပြီ။ အခြားလုပ်စရာတွေလည်း ဒုနှင့်ဒေး။ ထို့ကြောင့် အိန္ဒိယတရားလွှတ်တော်ချုပ်သို့ လေ့လာရေးအစီအစဉ် မအောင်မြင်ခဲ့ပါ။ အဓိကလာသည့် ခရီးကလည်း သတင်းမီဒီယာခရီး။ ဥပဒေခရီး မဟုတ်။ ထို့ကြောင့် စိတ်လျှော့ရသည်။

**စိတ်ဝင်စားဖွယ် အင်ဒီရာဂန္ဒီပြတိုက်**

အင်ဒီရာဂန္ဒီသည် ပဏ္ဍိတ်ဂျဝါဟာလာနေရူး၏ သမီးဖြစ်သည်။ နေရူး၏ **သမီးထံသို့ ပေးစာများ** စာအုပ်သည် ကမ္ဘာကျော်သည်။ ကျွန်တော်တို့ စွဲလမ်းခဲ့သော စာအုပ်လည်း ဖြစ်သည်။ နေရူးနှင့် ကမလာနေရူးတို့၏ သမီးဖြစ်သည်။

အင်ဒီရာဂန္ဒီသည် ၁၉၁၇ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် မွေးသည်။ ၁၉၆၆ မှ ၁၉၇၇ အထိ အိန္ဒိယနိုင်ငံ စတုတ္ထမြောက်(ပထမဆုံး) အမျိုးသမီးဝန်ကြီးချုပ်ဖြစ်သည်။ ဝန်ကြီးချုပ်တာဝန်(နှစ်ကြိမ်) အရွေးခံရသည်။

သူမ မကွယ်လွန်မီ **"ကျွန်မအသက်ရှင်နေတဲ့ နောက်ဆုံးထွက်သက်အထိ အိန္ဒိယနိုင်ငံအတွက် အမှုတော်ထမ်းနေဦးမှာဖြစ်သည်၊ ကျွန်မ၏ သွေးသားအားလုံးသည် အိန္ဒိယအတွက် ခွန်အားတစ်ခု ဖြစ်နေလိမ့်မည်"** ဟု နောက်ဆုံးမိန့်ခွန်းပြောကြားခဲ့ပေသည်။

**သွေးကွက်များ**

သူမလုပ်ကြံခံရချိန်တွင် ဝတ်ခဲ့သော အဝတ်အစားများ၊ စာကြည့်ခန်းများ နောက်ဆုံးလမ်းလျှောက်ခဲ့သည့် လမ်းနှင့် ထိုလမ်းပေါ်တွင် ရှိနေဆဲဖြစ်သော သွေးကွက်များ မပျက်စီးစေရန် မှန်အထူကြီးများဖြင့် ပြုလုပ်ထားသော နေရာများကို ပြတိုက်၌ ပြသထားပေသည်။

**တပ်ချ်မဟာကိုလွမ်း**

ကျွန်တော်၏ စိတ်ကူးအိပ်မက်တွင် ကမ္ဘာကျော် တပ်ချ်မဟာ (TAJMAHAL) သို့ မရောက်ရောက်အောင် သွားမည်ဟု စိတ်ကူးခဲ့သည်။ ကိုယ်ရောက်နေသည့်နေရာနှင့် အနည်းငယ်ဝေးနေသည်ဟု လိုက်ပို့သူက ပြောသည်။ အချိန်နည်းသည်ဟု ဆိုသည်။ ထို့ကြောင့် အတင်းမပူဆာတော့ပါ။ တပ်ချ်မဟာကို အဝေးကပဲ လွမ်းခဲ့သည်။

**မဟတ္တမဂန္ဒီကြီးအိမ်**

မဟတ္တမ ဂန္ဒီကြီး၏အိမ်ကို ပြတိုက်လုပ်ထားသော ပြတိုက်ကိုလည်း သွားချင်သေးသည်။ အချိန်မရတော့ပါတဲ့။ ကျွန်တော် အလွန်ကြည်ညိုသော နိုင်ငံ့ခေါင်းဆောင်ကြီး ဂန္ဒီအကြောင်း(စာအုပ်တွေထဲမှာသာ) ဖတ်ဖူး၍၊ လက်တွေ့ လေ့လာမှတ်သားချင်ခဲ့တာပါ။ တစ်နေ့ကြုံဦးမှာပါဟု ဖြေသိမ့်ခဲ့ပါသည်။

**ဥပဒေရေးရာ လေ့လာစရာ**

အိန္ဒိယရောက်ခိုက် မိမိ၏ အဓိကအလုပ်ဖြစ်သော (ဥပဒေရေးရာ) အကြောင်းလည်း သိချင်သေးသည်။ မေးချင်သေးသည်။ မှတ်သားချင်သေးသည်။ ဥပဒေစာအုပ်တွေ ဝယ်ချင်သေးသည်။ နောက်ဆုံးပေါ် စီရင်ထုံးတွေလည်း သုတေသနပြုချင်သေးသည်။ ဘားကောင်စီသို့လည်း သွားချင်သေးသည်။ အားလုံးထဲမှာ အရေးကြီးသော **ဥပဒေစာအုပ်ဝယ်ခြင်း**ကိုသာ ဆောင်ရွက်နိုင်ခဲ့သည်။

အိန္ဒိယအခြေခံဥပဒေနှင့် အခြားဥပဒေသုတအထွေထွေများအကြောင်း ရေးချင်ပါသေးသည်။

**စေတနာ**

(၁) အိန္ဒိယ မြန်မာချစ်ကြည်စွာပါ။

(၂) ဥပဒေလေ့လာမှုတွင် အိန္ဒိယသည် အလွန်နာမည်ကြီးသည်။ စေ့စပ်သေချာလွန်းသည်။

(၃) ရှေ့နေလောကမှာ အိန္ဒိယရှေ့နေကြီးများ၏ ဂုဏ်သတင်းက သင်းပျံ့သည်။ **ဆရာတစ်ဆူ** ဂုဏ်မြောက်သည်။

(၄) ထို့ကြောင့် **သတင်းခရီး**သွားရင်း **ဥပဒေခရီး**ပမာ ပူးတွဲလေ့လာစီစဉ်ခဲ့ခြင်းဖြစ်ပါသည်။

(၅) အလျဉ်းသင့်သည့်အခါ အိန္ဒိယမြန်မာချစ်ကြည်စွာဖြင့် ဥပဒေရေးရာများအကြောင်း ရေးသားဦးမည်ဟု တွေးမိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

**" ပထမကမ္ဘာစစ်ပွဲတွင် ဗြိတိသျှအစိုးရ၏ လက်အောက်ဝင်ရောက်တိုက်ခိုက်ပြီး အသက်ပေးခဲ့ရသော စစ်သည်တော်ပေါင်း ခုနစ်သောင်းအတွက်လည်းကောင်း၊ ၁၉၁၉ ခုနှစ်တွင် အာဖဂန်စစ်ပွဲတွင် သေဆုံးခဲ့ကြသော စစ်သည်တော် ၁၃၅၆ ယောက်တို့၏ အမည်နာမများကိုရေးထိုးကာ ဂုဏ်ပြုတည်ဆောက်ထားသော အိန္ဒိယဂိတ်များ ဖြစ်ကြောင်း သိရသည် "**

## နန်းတွင်းပန်းချီကျော်ဆရာချို ရေးဆွဲခဲ့သော ပန်းချီကားလေးချပ်ကို ထိန်းသိမ်းထား

**အင်းတော် ဒီဇင်ဘာ ၂၁**

ကုန်းဘောင်ခေတ် သီပေါမင်းလက်ထက်တွင် နန်းတွင်းပန်းချီကျော်အဖြစ် ခန့်အပ်ခံရသည့် ပန်းချီကျော်ဆရာချို ရေးဆွဲခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ပန်းချီကားလေးချပ်ကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မန်လည်တောင်ရွာရှိ ပထမမန်လည်ဆရာတော်ဘုရားကြီးသီတင်းသုံးခဲ့ရာ မန်လည်ကျောင်းကြီးအတွင်းတွင် ယနေ့ထက်တိုင် ကောင်းမွန်စွာ ဆက်လက်ထိန်းသိမ်းထားရှိကြောင်း သိရသည်။

နန်းတွင်းပန်းချီကျော် ဆရာချိုကို မြင်ကွန်းအရေးတော်ပုံအပြီး သက္ကရာဇ် ၁၂၂၈ ခုနှစ် ပထမဝါဆိုလဆန်း ၇ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပေါက်တောကြီးကျေးရွာ၌ မွေးဖွားခဲ့ပြီး သက္ကရာဇ် ၁၂၇၈ ခုနှစ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။ မောင်ချိုသည် ငယ်စဉ်ကတည်းက ပန်းချီကို အားသန်ခဲ့ပြီး အသက် ၁၄ နှစ်သားအရွယ်တွင် မင်းတုန်းမင်းနှင့် သီပေါမင်းမင်းနှစ်ပါးလက်ထက် ပန်းချီကျော်ဖြစ်သည့် ဦးကြာညွှန့်၏သား ဆရာစာထံ၌ တပည့်ခံကာ ပန်းချီပညာကို လေ့လာခဲ့သည်။ မင်းတုန်းမင်းလက်ထက်တွင် အမှုထမ်းခဲ့သော ပန်းချီကျော်ဦးကြာညွှန့်သည် သီပေါမင်းနန်းတက်ပြီး နှစ်နှစ်ခန့်အကြာတွင် ကွယ်လွန်သောအခါ သီပေါမင်းက ဦးကြာညွှန့်၏သားဖြစ်သူ ဆရာစာကို ပန်းချီတော်အဖြစ် ဆက်လက်ခန့်အပ်ခဲ့သည်။ ဆရာစာ မျက်စိကွယ်ပြီး အနားယူရသည့်အခါတွင် ဆရာချိုက ပန်းချီကျော်အဖြစ် ခန့်အပ်ခြင်း ခံခဲ့ရခြင်းဖြစ်သည်။

သီပေါမင်းလက်ထက်တွင် နန်းတွင်းပန်းချီကျော်အဖြစ် ခန့်အပ်ခံရသော ပန်းချီဆရာ ဆရာချိုသည် သက္ကရာဇ် ၁၂၇၈ ခုနှစ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ရာ ယခုဆိုလျှင် ဆရာချို ကွယ်လွန်ခဲ့သည်မှာ ၁၀၁ နှစ်ရှိပြီဖြစ်သည်။ ထို့ကြောင့် အဆိုပါ ပန်းချီကား လေးချပ်မှာ ဆရာချိုမကွယ်လွန်မီလွန်ခဲ့သော နှစ်ပေါင်း ၁၀၁ နှစ်ကျော်ကာလခန့်က ရေးဆွဲခဲ့သော ပုံများဖြစ်၍ အလွန်တန်ဖိုးရှိပြီး ရှားပါးသည့် ပန်းချီကားများဖြစ်ကြသည်။

လက်ရှိအချိန်တွင် အဆိုပါ ပန်းချီကားလေးချပ်ကို အင်းတော်မြို့နယ် မန်လည်တောင်ရွာရှိ ပထမမန်လည်ဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့ရာ ကျောင်းတော်ကြီးအတွင်း မြောက်ဘက်ခေါင်းရင်းနံရံ၌ ဂေါပကလူကြီးအဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိရာ ယနေ့အချိန်အထိ မပုပ်မသိုး ကြွင်းကျန်တည်ရှိသည့် ပထမမန်လည်ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား လာရောက်ဖူးမြော်ကြသော မြန်မာပြည်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများအနေဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ကာလက နန်းတွင်းပန်းချီကျော်ဆရာချိုရေးဆွဲခဲ့သော လက်ရာမြောက် ပန်းချီကားလေးချပ်ကိုလည်း လာရောက်လေ့လာကြည့်ရှုနိုင်ကြသည်။

**ကိုမင်း(အင်းတော်)**



မန်လည်ကျောင်းကြီးအတွင်းမှ ဆရာချို၏လက်ရာ ပန်းချီကားတစ်ကား

## လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်၍ ဆွေးနွေး

**ထီးလင်း ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခင်နှစ်မှ စတင်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများက ဒီဇင်ဘာတတိယပတ်အတွင်း စီမံကိန်းအကောင်အထည် ဖော်နေသည့် ကျေးရွာများသို့ ကွင်းဆင်းလျက် ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကွင်းဆင်းရာတွင် ထီးလင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ Cardno အဖွဲ့မှ နိုင်ငံတကာလူထုဗဟိုပြုစီမံကိန်း ကျွမ်းကျင်ပညာရှင် Mr.Paul Geard M Boon တို့က အုံးနှောက်ကျေးရွာ၊ ဆင်းစွယ်ကျေးရွာ၊ မြောင်းကြီးကျေးရွာ၊ ရေမျက်နီကျေးရွာနှင့် တောမ၊ ညောင်စင်ကျေးရွာများသို့ ကွင်းဆင်းကြပြီး ကျေးရွာလူထုက ရွေးချယ်တင်မြှောက်ထားသော ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌများ၊ ဘဏ္ဍာရေးအဖွဲ့ဝင်များ၊ ဝယ်ယူရေးအဖွဲ့ဝင်များ၊ စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လည်ပတ်ထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ ဝေဖန်အကြံပြု တိုင်ကြားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ကဏ္ဍအလိုက် လုပ်ငန်းအတွေ့အကြုံများ၊ အခက်အခဲများ၊ ပြဿနာဖြေရှင်းခဲ့ပုံများနှင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတကာ လူထုဗဟိုပြုစီမံကိန်း ကျွမ်းကျင်ပညာရှင်နှင့်အဖွဲ့သည် မြို့နယ် လူထုဗဟိုပြုစီမံကိန်း ရုံးခန်းမ၌ နည်းပညာအကြံပေးအဖွဲ့ဝင်များ၊ လက်ထောက် နည်းပညာမှူးများ၊ လူထုစည်းရုံးရေးမှူးများအား တွေ့ဆုံပြီး ကွင်းဆင်းမှု အတွေ့အကြုံများကို ရှင်းလင်းကာ ပိုမိုကောင်းမွန်သည့် နည်းပညာများ၊ လုပ်ငန်းများဖြင့် စီမံကိန်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**၁၀၁**

မန်ယူအသင်းဟာ ယခုနှစ်ရာသီမှာတော့ ပရီမီယာလိဂ် အမှတ်ပေးဇယားမှာအဆင့် ၂ နေရာမှာရှိနေပြီး ထိပ်ဆုံးမှာရှိနေတဲ့ မန်စီးတီးအသင်းကို မမီနိုင်သေးဘူး။ မန်စီးတီးအသင်းနဲ့ တွေ့ဆုံခဲ့ရတဲ့ မန်ချက်စတာဒါဘီမှာ ဆိုရင်လည်း မန်ယူအသင်းဟာ မန်စီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တယ်။ လက်ရှိအချိန်မှာ မန်ယူအသင်းဟာ မန်စီးတီးအသင်းနဲ့ရမှတ်ကွာခြားမှုက ၁၁ မှတ်တောင်ရှိတယ်။ ဒါကြောင့် မန်ယူအသင်းဟာ လာမယ့်ဇန်နဝါရီဈေးကွက်မှာ အသင်းအတွက် အင်အားဖြည့်တင်းမှုတွေ ထပ်မံလုပ်သွားဖို့ ပြင်ဆင်နေတယ်။ ဒါပေမယ့် မန်ယူအသင်းအနေနဲ့ အခုလိုအင်အားဖြည့်တင်းမှုတွေ လုပ်တဲ့နေရာမှာတော့ အသင်းရဲ့ ကစားသမားတွေကို ထွက်ခွာစေဖို့ရှိနေတယ်လို့ ပြောရမယ်။ ဒါကြောင့် လာမယ့်ဇန်နဝါရီဈေးကွက်မှာ မန်ယူအသင်းကနေ စွန့်ခွာဖွယ်ရှိနေတဲ့ အဓိက ကစားသမားတွေကို ကောက်နုတ်တင်ပြလိုက်ပါတယ်။



● အောင်က

# ဇန်နဝါရီအရွှေ့နဲ့ သရဲနီကိုစွန့်ခွာမယ့်သူများ

### မီခီတာရန်

အာမေးနီးယားကွင်းလယ် တိုက်စစ်မှူးမီခီတာရန်ဟာ မန်နေဂျာမော်ရင်ညိုရဲ့ ချောင်ထိုးခြင်းကိုခံထားရတဲ့ ကစားသမားတစ်ဦးလို့ ပြောရမယ်။ မန်ယူအသင်းနဲ့ ယခုနှစ်ရာသီအစမှာ မီခီတာရန်ရဲ့ခြေစွမ်းက အကောင်းဆုံးရှိခဲ့တယ်။ အသင်းအတွက် ဂိုးရဖို့ကိုလည်း ပံ့ပိုးမှုတွေ အများကြီးလုပ်ပေးခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ခြေစွမ်းဟာ တစ်ချက်ကလေး ညံ့သွားချိန်မှာတော့ ချောင်ထိုးခံလိုက်ရတယ်။ မီခီတာရန်ဟာ ကြံ့ခိုင်မှုအပြည့်ရှိပေမယ့် လွန်ခဲ့တဲ့ တစ်လကျော်လောက်ကတည်းက အသင်းမှာ ပွဲထွက်ကစားခွင့်တွေ ပျောက်ဆုံးခဲ့ရတယ်။ အရန်ခုံမှာထိုင်ပြီးမော်ရင်ညို လူစားလဲမယ့်အချိန်ကိုသာ စောင့်ကစားနေရတဲ့ကစားသမားအဖြစ် ရောက်ရှိသွားခဲ့တယ်။ ဒ့ါအပြင် လင်ဂတ်ရဲ့ ခြေစွမ်းကလည်းအသင်းအတွက် အကျိုးသက်ရောက်မှု ရှိနေပြန်တော့ မီခီတာရန်အတွက် ပွဲထွက်ကစားခွင့်ရရှိရေးက ပိုမိုခက်ခဲသွားတယ်။ မီခီတာရန်ဟာ အသင်းကို ရောက်လာတာ မကြာသေးတာကြောင့် ရောင်းထုတ်ဖို့အကြောင်း မရှိနိုင်ပေမယ့် ဇန်နဝါရီမှာ တော့အငှားနဲ့ ထွက်ခွာဖို့တော့ရှိ နိုင်တယ်။ အသက် ၂၈ နှစ်အရွယ်ရှိ တဲ့မီခီတာရန်အတွက် လာမယ့်ရာသီမှာ ယုံကြည်မှုအပြည့်နဲ့ ကစားနိုင်ဖို့ဆိုရင် အသင်းကနေ ဇန်နဝါရီလမှာအငှားနဲ့ ထွက်ခွာရမယ်လို့လည်း ပြောရမှာဖြစ်ပါတယ်။

### လုခ်ရှော

အင်္ဂလန်ခံစစ်မှူးလုခ်ရှောအနေနဲ့ ပြီးခဲ့တဲ့အပတ်တွေကမှ အသင်းမှာပါဝင်ကစားခွင့် ရရှိထားခဲ့တယ်။ ဒါပေမယ့် အဲဒါဟာသူ့အနေနဲ့ အသင်းမှာ ဆက်လက်ရှိနေဖို့အတွက် အာမခံချက်တွေတော့ မဟုတ်ဘူးလို့ပြောရမယ်။ မော်ရင်ညိုဟာ တစ်ချိန်ကလည်း လုခ်ရှောနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေလုပ်ထားခဲ့တယ်။ ဒါကြောင့် နောက်ထပ် အမှားနည်းနည်းသာ ထပ်လုပ်လိုက်မယ်ဆိုရင် လုခ်ရှောရဲ့အနာဂတ်တွေက မန်ယူအသင်းကနေ လွင့်ထွက်သွားရမယ်ဆိုတာဟာ သေချာသလောက်ရှိနေပြီလို့ ပြောရမယ်။ ဒဏ်ရာပြဿနာတွေနဲ့ ရုန်းကန်နေခဲ့ရတာကြောင့် သူ့အနေနဲ့ မိနစ် ၉၀ ပွဲချိန်ပြည့်ပါဝင်ကစားဖို့ဟာ အခုအချိန်အထိ အာမခံချက်မပေးနိုင်သေးဘူးလို့ ပြောရမယ်။ မန်ယူအသင်းအနေနဲ့ကလည်း ဇန်နဝါရီလမှာအသင်းရဲ့ခံစစ်အင်အားကို အကောင်းဆုံးထပ်မံဖြည့်တင်းဖို့ရှိနေတယ်။ ဒါကြောင့် ဇန်နဝါရီလမှာသာ ခံစစ်ကစားသမားသစ် ခေါ်ယူခဲ့မယ်ဆိုရင် လုခ်ရှောကိုအသင်းကနေ ရောင်းထုတ်မှာက သေချာနေပြီလို့လည်းပြောရမှာ ဖြစ်ပါတယ်။


### ဖယ်လိုင်နီ

ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဖယ်လိုင်နီဟာ အသင်းရဲ့ယုံကြည်မှုနဲ့ ပရိသတ်တွေရဲ့နှစ်သက်မှုတွေကြားမှာ တည်ရှိနေတဲ့ကစားတစ်ဦးလို့ ပြောရမယ်။ ပြီးခဲ့တဲ့ပွဲတွေအတွင်း သူ့ရဲ့အခြေအနေကိုကြည့်မယ်ဆိုရင်လည်း အကောင်းတွေရှိသလို အဆိုးတွေလည်း ရှိတယ်။ ဒါပေမယ့် သူ့ရဲ့စဉ်ဆက်မပြတ် တိုးတက်မှုမရှိခြင်းက မန်ယူအသင်းမှာ ဆက်လက်ရှိနေဖို့အတွက် မေးခွန်းထုတ်စရာတွေလည်း ဖြစ်တယ်။ သူ့ရဲ့ဘောလုံးပေးပို့နိုင်မှုစွမ်းရည် အသင်းနဲ့အချိတ်အဆက်မိမိ ကစားနိုင်မှုတွေမှာတော့ တစ်ခါတစ်ရံသိပ်မကောင်းတာကို တွေ့ရတယ်။ မန်ယူအသင်းအနေနဲ့ ဖယ်လိုင်နီကိုအကောင်းဆုံး အသုံးပြုနိုင်သေးတယ်ဆိုရင်တောင် သူ့ရဲ့အသက်က ၃၀ ရှိပြီဖြစ်တာကြောင့် အသင်းမှာ ဆက်လက်ရှိနေဖို့ကတော့မေးခွန်း ထုတ်စရာလို့ ပြောရမယ်။ ဖယ်လိုင်နီရဲ့စာချုပ်သက်တမ်းကလည်း နွေရာသီမှာကုန်ဆုံးမှာဖြစ်တာကြောင့် မန်ယူအသင်းအနေနဲ့ကတော့အလွတ်နဲ့ မထွက်ခွာဖို့အတွက် ဇန်နဝါရီမှာတော့ ရောင်းထုတ်ဖို့ရှိနေတယ်လို့သာပြောရမှာ ဖြစ်ပါတယ်။

### ဒါမီယန်

မန်ယူအသင်းကို မန်နေဂျာဗန်ဟားလ်ကိုင်တွယ်ခဲ့စဉ်က တိုရီနိုအသင်းကနေ ပေါင် ၁၂ ဒသမ ၇ သန်းနဲ့ ဒါမီယန်ကို ခေါ်ယူခဲ့တယ်။ သူဟာစွယ်စုံရခံစစ်မှူး တစ်ဦးဖြစ်တာကြောင့် အနာဂတ်မှာတော့ မန်ယူအသင်းရဲ့ အားထားရတဲ့ ကစားသမား တစ်ဦးဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ကြတယ်။ ဒါပေမယ့် နှစ်နှစ်ခွဲကြာခဲ့တဲ့ အချိန်မှာတော့ ဒါမီယန်ဟာ အသင်းကနေထွက်ခွာဖို့ရှိနေခဲ့ပြီ။ ဒါမီယန်ဟာ မန်ယူအသင်းကို ရောက်ရှိခဲ့စဉ်ကတော့ ပထမဦးဆုံး နှစ်လလောက်မှာ ပုံမှန်ပွဲထွက်ခွင့်ရပြီး ခြေစွမ်းပြပြီးကစားနိုင်ခဲ့တယ်။ ဒါပေမယ့် ဒဏ်ရာတစ်ကြိမ်ရပြီးနောက်ပိုင်းမှာတော့ သူ့ရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံး ဖြစ်မလာတော့ဘူး။ အဲဒီကတည်းက သူဟာ အသင်းရဲ့အရန်ကစားသမားအနေဖြင့်သာ ရှိနေခဲ့ရတယ်။ ဒီနှစ်ရာသီမှာဆိုရင်လည်း ဒါမီယန်ဟာ အက်ရှ်လေယန်း၊ ဒါလေဗလင်းတို့ပြီးမှသာ ပွဲထွက်ကစားခွင့်ရတယ်။ ဒါမီယန်ရဲ့ လက်ရှိစာချုပ်သက်တမ်းကလည်း နောက်နှစ်ရာသီကုန်မှာကုန်ဆုံးမယ်။ ဒါကြောင့် မန်ယူအသင်းအနေနဲ့ အသက် (၂၈နှစ်)အရွယ် ဒါမီယန်ကို ရောင်းထုတ်သွားဖို့ရှိနေပြီး လို့ဆိုရမယ်။ သူ့ကို ခေါ်ယူဖို့တော့ အီတလီအသင်းတွေက စိတ်ဝင်စားနေကြတယ်။

## ဂရစ်ဇ်မန်းနှင့်ပတ်သက်၍ အက်သလက်တီကိုအသင်းက ဘာစီလိုနာအသင်းအား ဖီဖာသို့ တိုင်ကြား



စပိန်လာလီဂါကလပ် အက်သလက်တီကို အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းအား ဘာစီလိုနာအသင်းက တရားမဝင် ဆက်သွယ်ခဲ့မှုအတွက် အက်သလက်တီကို အသင်းက ဘာစီလိုနာအသင်းအား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) သို့ တိုင်ကြားခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် အက်သလက်တီကိုအသင်းနှင့် ၂၀၂၂ ခုနှစ် နွေရာသီအထိ စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။

ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမြူသည် တိုက်စစ်မှူး ဂရစ်ဇ်မန်းအား ခေါ်ယူရေးနှင့်ပတ်သက်၍ မကြာသေးမီက ဂရစ်ဇ်မန်း၏ မိသားစုဝင်များနှင့် သွားရောက်တွေ့ဆုံခဲ့သည်ဟု ဘာစီလိုနာမြို့အခြေစိုက် Mundo Deportivo သတင်းစာက ရေးသားဖော်ပြခဲ့သည်။ ဘာစီလိုနာအသင်း၏ လုပ်ရပ်သည် ဖီဖာ၏ စည်းမျဉ်းကို ချိုးဖောက်ရုံသာမက စပိန်လာလီဂါပြိုင်ပွဲ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်လုပ်ရပ်ဟု အက်သလက်တီကိုအသင်းက ယူဆထားသည်။

ဘာစီလိုနာအသင်းသည် တိုက်စစ်မှူး ဂရစ်ဇ်မန်း၏ ပြောင်းရွှေ့ကြေးအဖြစ် အက်သလက်တီကိုအသင်းက သတ်မှတ်ထားသော ယူရိုသန်း ၁၀၀ ဖြင့် ခေါ်ယူသွားရန် ရည်မှန်းထားသည့်အသင်း ဖြစ်သည်။ ထို့အပြင် တိုက်စစ်မှူး ဂရစ်ဇ်မန်းအား မန်ယူအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေသည်။ **ထက်အောင်**

................................

## ဒီဘရိုင်းနှင့် မန်စီးတီးအသင်းတို့ စာချုပ်သစ် ချုပ်ဆိုမည်



မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းသည် မန်စီးတီးအသင်းနှင့် ခြောက်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုရန် သဘောတူညီမှု ရရှိသွားပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ အဆိုပါ စာချုပ်သစ်အရ ဘယ်လ်ဂျီယံကစားသမား ဒီဘရိုင်းသည် တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၂၀၀၀၀၀အထိ တိုးမြှင့်ရရှိမည် ဖြစ်သည်။


အသက် ၂၆ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒီဘရိုင်းနှင့် မန်စီးတီးအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ်အထိ ဖြစ်ပြီး အဆိုပါစာချုပ်အရ ဒီဘရိုင်းသည် တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၁၁၅၀၀၀ သာ ရရှိနေသူဖြစ်သည်။ စာချုပ်သစ် ချုပ်ဆိုဖြစ်ခဲ့ပါက ဒီဘရိုင်းသည် မန်စီးတီးအသင်းတွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ ရှိနေမည် ဖြစ်သည်။

ဒီဘရိုင်းက “ကျွန်တော်ဟာ မန်စီးတီးအသင်းမှာ ပျော်ရွှင်နေပါတယ်၊ ဒါကို အသင်းက လူတွေအားလုံးလည်း သိကြပါတယ်၊ အခြားအသင်းတစ်သင်းကို ပြောင်းရွှေ့လိုတဲ့ဆန္ဒ မရှိပါဘူး၊ မန်စီးတီးအသင်းရဲ့ အစိတ်အပိုင်းတစ်ခု အဖြစ် ပါဝင်ခွင့်ရနေတာကို ကျေနပ်မိပါတယ်”ဟု ပြောဆိုခဲ့သည်။

မန်စီးတီးအသင်းနှင့် ဒီဘရိုင်းတို့၏ စာချုပ်သစ်အား ၂၀၁၈ ခုနှစ် အစောပိုင်းတွင် ချုပ်ဆိုနိုင်ဖွယ်ရှိနေပြီး စာချုပ်သစ်အရ ဒီဘရိုင်းသည် ဆာဂျီယိုအဂွေရို၊ ဒေးဗစ်ဆေးလ်ဗားတို့ကဲ့သို့ မန်စီးတီးအသင်း၏ လုပ်ခအများဆုံး ရရှိသည့် ကစားသမားများအနက်မှ တစ်ဦးဖြစ်လာမည် ဖြစ်သည်။ **ထက်အောင်**

................................

## ချယ်လ်ဆီးကစားသမား ဟာဇက်အား ခေါ်ယူရန် မန်ယူမန်နေဂျာ မော်ရင်ညို ရည်မှန်းထား



ပရီမီယာလိဂ်ကလပ် မန်ယူအသင်း မန်နေဂျာ မော်ရင်ညိုသည် ချယ်လ်ဆီး အသင်း တောင်ပံတိုက်စစ် ကစားသမား အီဒင်ဟာဇက်အား ဗြိတိသျှ စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် သန်း ၉၀ ဖြင့် ခေါ်ယူသွားရန် စီစဉ်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဘယ်ဂျီယံကစားသမား ဟာဇက် ၂၆နှစ် အား ရီးရဲမက်ဒရစ်နှင့် ပီအက်စ်ဂျီ အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း မော်ရင်ညိုက ဟာဇက်အား ခေါ်ယူနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်ဟုဆိုသည်။ လာမည့် ၂၀၁၈ ခုနှစ် ဖီဖာ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ဟာဇက်သည် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လိမ့်မည်ဟု စပိန်မီဒီယာများက သတင်းများ ရေးသားဖော်ပြလျက် ရှိသည်။

တောင်ပံတိုက်စစ်ကစားသမားဟာဇက်နှင့် ချယ်လ်ဆီးအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ကုန်ဆုံးမည် ဖြစ်သည်။ ဟာဇက်သည် ချယ်လ်ဆီး အသင်းက တစ်ပတ်လုပ်ခငွေ ပေါင် ၃၀၀၀၀၀ ဖြင့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကို ငြင်းဆိုထားသူ ဖြစ်သည်။

လက်ရှိအချိန်တွင် ဗြိတိသျှစံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လာသူအဖြစ် စံချိန်တင်ထားသူမှာ ဂျူဗင်တပ်အသင်းမှ မန်ယူသို့ ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းဖြင့် ပြောင်းရွှေ့လာသူ ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာဖြစ်သည်။

ဟာဇက်သည် ၂၀၁၂ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်းတွင် လိုင်လီအသင်းမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကြေး ပေါင် ၃၂ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်ကာ ယခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း ၂၂ ပွဲ ပါဝင်ကစားထားကာ ရှစ်ဂိုး သွင်းယူထားသူဖြစ်သည်။ **ထက်အောင်**

ပရီမီယာလိဂ်ပွဲစဉ် ၁၉ ကို လာမယ့်ဒီဇင်ဘာ ၂၃ ရက်၊ ၂၄ ရက်တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာအသင်းကြီးနှစ်သင်းဖြစ်တဲ့ အာဆင်နယ်နဲ့ လီဗာပူးတို့ဆုံတဲ့ပွဲ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေသလို ဒီပွဲစဉ်မတိုင်ခင် ရှေ့ကြားရက်မှာလည်း အသင်းအချို့အနေနဲ့ လိဂ်ဖလားကွာတား ပွဲကစားခဲ့ကြရမှာဖြစ်တာကြောင့် ပွဲဆက်တွေများနေကာ ပြိုင်ပွဲဝင်အသင်းတွေအနေနဲ့ ပွဲပန်းမှုတွေ ရှိလာနိုင်တာကို သတိပြုပြီးအားပေးရဖို့ရှိနေပါတယ်။

## ပရီမီယာလိဂ်ပွဲစဉ်(၁၉)

| သောကြာနေ့ | | | ၂၂-၁၂-၁၇ |
|---|---|---|---|
| အာဆင်နယ် | - | လီဗာပူး | နံနက် ၂း၁၅ |
| **စနေနေ့** | | | **၂၃-၁၂-၁၇** |
| အဲဗာတန် | - | ချယ်လ်ဆီး | ည ၇း၀၀ |
| ဘရိုက်တန် | - | ဝက်ဖို့ဒ် | ည ၉း၃၀ |
| မန်စီးတီး | - | ဘုန်းမောက် | ည ၉း၃၀ |
| ဆောက်သမ်တန် | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| စတုတ် | - | ဝက်စ်ဘရွန်း | ည ၉း၃၀ |
| ဆွမ်ဆီး | - | ပဲလေ့စ် | ည ၉း၃၀ |
| ဝက်စ်ဟမ်း | - | ကာဆယ် | ည ၉း၃၀ |
| ဘန်လေ | - | စပါး | နံနက် ၀၀း၀၀ |
| လက်စတာ | - | မန်ယူ | နံနက် ၂း၁၅ |

## စပိန်လာလီဂါပွဲစဉ်(၁၇)

| သောကြာနေ့ | | | ၂၂-၁၂-၁၇ |
|---|---|---|---|
| ဘက်တစ် | - | ဘီဘာအို | နံနက် ၁း၀၀ |
| အက်စ်ပန်ညို | - | အက်သလက် | နံနက် ၃း၀၀ |
| **စနေနေ့** | | | **၂၃-၁၂-၁၇** |
| ရီးရဲ | - | ဘာစီလိုနာ | ည ၆း၃၀ |
| ဗလင်စီယာ | - | ဗီလာရီးရဲ | ည ၉း၄၅ |
| ဒီပို့တီဗို | - | ဆဲလ်တာဗီဂို | နံနက် ၀၀း၀၀ |

## စီးရီးအေပွဲစဉ်(၁၈)

| သောကြာနေ့ | | | ၂၂-၁၂-၁၇ |
|---|---|---|---|
| ချီယေဗို | - | ဘိုလော့ဂ်နာ | ည ၁၁း၃၀ |
| ကယ်ဂလီယာရီ | - | ဖီအိုရင်တီးနား | နံနက် ၂း၁၅ |
| **စနေနေ့** | | | **၂၃-၁၂-၁၇** |
| လာဇီယို | - | ခရိုတိုနီ | ည ၆း၀၀ |
| ဂျီနိုအာ | - | ဘီနီဗန်တို | ည ၈း၃၀ |
| နာပိုလီ | - | ဆမ့်ဒိုးရီးယား | ည ၈း၃၀ |
| ဆက်ဆူအိုလို | - | အင်တာ | ည ၈း၃၀ |
| SPAL | - | တိုရီနို | ည ၈း၃၀ |
| အူဒီးနိစ် | - | ဗီရိုနာ | ည ၈း၃၀ |
| အေစီမီလန် | - | အတ္တလန္တာ | ည ၁၁း၃၀ |
| ဂျူဗင်တပ်စ် | - | ရိုးမား | နံနက် ၂း၁၅ |

## ပရီမီယာလိဂ်ပွဲစဉ်(၂၀)

| အင်္ဂါနေ့ | | | ၂၆-၁၂-၁၇ |
|---|---|---|---|
| စပါး | - | ဆောက်သမ်တန် | ည ၇း၀၀ |
| ဘုန်းမောက် | - | ဝက်စ်ဟမ်း | ည ၉း၃၀ |
| ချယ်လ်ဆီး | - | ဘရိုက်တန် | ည ၉း၃၀ |
| ဟတ်ဒါဖီးလ် | - | စတုတ် | ည ၉း၃၀ |
| မန်ယူ | - | ဘန်လေ | ည ၉း၃၀ |
| ဝက်ဖို့ဒ် | - | လက်စတာ | ည ၉း၃၀ |
| ဝက်စ်ဘရွန်း | - | အဲဗာတန် | ည ၉း၃၀ |
| လီဗာပူး | - | ဆွမ်ဆီး | နံနက် ၀၀း၀၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၂၇-၁၂-၁၇** |
| ကာဆယ် | - | မန်စီးတီး | နံနက် ၂း၁၅ |
| **ကြာသပတေးနေ့** | | | **၂၈-၁၂-၁၇** |
| ပဲလေ့စ် | - | အာဆင်နယ် | နံနက် ၂း၃၀ |



# အီမရိတ်မှာ ပထမအကျေ့ ရှုံးကြွေးကို အာဆင်နယ် ပြန်ဆပ်နိုင်မလား

....... ဝေမိုးဆက် .......

## အာဆင်နယ် VS လီဗာပူး

| ပကျော့ | လီဗာပူး | ၄ | - | ၀ | အာဆင်နယ် |
|---|---|---|---|---|---|
| သောကြာနေ့ | ၂၂-၁၂-၁၇ | နံနက် ၂း၁၅ | | | |

လီဗာပူးအနေနဲ့ နိုင်ပွဲဆက်နိုင်ဖို့အတွက် အားစိုက်ကစားမှာဖြစ်ပေမယ့် အာဆင်နယ်က လည်းပထမအကျော့ ဂိုးပြတ်အရေးနိမ့်ခဲ့မှုကို ချေပနိုင်ဖို့အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ အဆင့် ၄ နေရာအတွက်အရေးပါတဲ့ဆုံတွေ့မှုတာကြောင့် ဒီပွဲစဉ်မှာ နှစ်သင်းစလုံးအားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ အာဆင်နယ်တို့ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ဒီပွဲစဉ်မှာတော့ လီဗာပူးရဲ့ကစားအားကို အသာရဖို့ခက်ပြီး သရေလောက်ပဲ ကစားနိုင်ဖို့ရှိပါတယ်။

## ဘရိုက်တန် vs ဝက်ဖို့ဒ်

| ပကျော့ | ဝက်ဖို့ဒ် | ၀ | ၀ | ဘရိုက်တန် |
|---|---|---|---|---|

နိုင်ပွဲပျောက်ဆုံးမှုတွေများခဲ့လို့ ဒီပွဲစဉ်မှာ ဝက်ဖို့ဒ်တို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းအရ ဝက်ဖို့ဒ်ရဲ့ စွမ်းဆောင်ရည် အားနည်းနေတာကို သတိပြုရမှာ ဖြစ်ပါတယ်။ ဘရိုက်တန်ကတော့ အိမ်ကွင်းမှာနိုင်ပွဲရ ယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ဘရိုက်တန်ခြေက ပိုမိုကောင်းမွန်တတ်ပါတယ်။ လက်ရှိအချိန်မှာ ဝက်ဖို့ဒ်ရဲ့ခံစစ်ကစားပုံလည်း အားနည်းနေတာကြောင့် ဒီပွဲစဉ်မှာတော့ ဘရိုက်တန်ကသာနိုင် ပွဲရသွားဖို့ရှိပါတယ်။

## အဲဗာတန် vs ချယ်လ်ဆီး

| ပကျော့ | ချယ်လ်ဆီး | ၂ | ၀ | အဲဗာတန် |
|---|---|---|---|---|

ချယ်လ်ဆီးခြေစွမ်းကောင်းမွန်နေတာမှန်ပေမယ့် တိုက်စစ်ပိုင်းကတော့ဂိုးသွင်းခြေတည်ငြိမ်မှုမရှိဘူး။ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ချယ်လ်ဆီးရဲ့တိုက်စစ်ပိုင်းက ပိုမိုအားနည်းတတ်တာကို တွေ့ရပါတယ်။ အဲဗာတန်ကတော့ အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာဖို့ရှိနေသလို ဆမ်အလာဒိုက်စ်လက်ထက်မှာ ခံစစ်ကစားပုံလည်း ကောင်းမွန်လာတယ်။ အိမ်ကွင်းပွဲစဉ်တွေမှာ ဆိုရင်လည်း အဲဗာတန်ရဲ့ရှုန်းအားက ပိုမိုကောင်းမွန်တတ်လို့ ချယ်လ်ဆီး နိုင်ရင်တောင် ဂိုးမပြတ်ဘူး။

## မန်စီးတီး vs ဘုန်းမောက်

| ပကျော့ | ဘုန်းမောက် | ၁ | ၂ | မန်စီးတီး |
|---|---|---|---|---|

မန်စီးတီးအနေနဲ့ လိဂ်ဖလားပွဲကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်တယ်ဆိုပေမယ့် အိမ်ကွင်းဖြစ်သလို ခြေစွမ်းကောင်းမွန်နေတဲ့အပြင် ကစားသမားအင်အားကလည်း တောင့်တင်းပါတယ်။ ဘုန်းမောက်ကအဝေးကွင်းတွေမှာ ခြေစွမ်းပိုင်းအရ အားနည်းတတ်သလို လိဂ်ဖလားပွဲကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်လို့ ကစားသမားအင်အားလည်း မန်စီးတီးလောက် တောင့်တင်းမှုမရှိပါဘူး။ မန်စီးတီးတို့အိမ်ကွင်းမှာဘုန်းမောက်ကို ဂိုးပြတ်အနိုင်ရဖို့ဆိုတာ ခက်ခဲမှု မရှိနိုင်ပါဘူး။

## ဘန်လေ vs စပါး

| ပကျော့ | စပါး | ၁ | ၁ | ဘန်လေ |
|---|---|---|---|---|

စပါးတို့ မန်စီးတီးကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတာကြောင့် အားစိုက်ကစားလာမှာဖြစ်ပြီး နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အမှားခံမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဘန်လေရဲ့ အိမ်ကွင်းခြေစွမ်းကလည်း အခုချိန်ထိ ကောင်းမွန်မှုရှိနေကာခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုရှိနေတာကို တွေ့ရပါတယ်။ စပါးတို့နိုင်ပွဲရယူသွားနိုင်မှာ ဖြစ်ပေမယ့် ဂိုးပြတ်ဖို့တော့ ခက်ပါတယ်။

## လက်စတာ vs မန်ယူ

| ပကျော့ | မန်ယူ | ၂ | ၀ | လက်စတာ |
|---|---|---|---|---|

မန်ယူတို့ရှေ့ပွဲတွေမှာ နိုင်ပွဲရခဲ့တယ်ဆိုပေမယ့် ဂိုးပြတ်နိုင်ပွဲ ရယူနိုင်မှုမရှိခဲ့ပါဘူး။ လက်ရှိအချိန်မှာ လက်စတာကလည်း ခြေစွမ်းကျဆင်းနေကာ ပဲလေ့စ်ကိုတောင် ဂိုးပြတ်အရေး နိမ့်ခဲ့ရသလို လိဂ်ဖလားပွဲမှာလည်း ရင်ဆိုင်ခဲ့ရမယ့် အသင်းတွေရဲ့ အခြေအနေအရ မန်ယူက ပွဲပန်းမှုကို ပိုမိုပြီးရှောင်လွှဲနိုင်ခဲ့ မယ့်အခြေအနေမှာ ရှိနေပါတယ်။ မန်ယူတို့ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

## ဆွမ်ဆီး vs ပဲလေ့စ်

| ပကျော့ | ပဲလေ့စ် | ၀ | ၂ | ဆွမ်ဆီး |
|---|---|---|---|---|

ဆွမ်ဆီးခြေက အားနည်းမှုတွေများနေပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် တန်းမဆင်းရဖို့ရုန်းကန်နေတဲ့ ပဲလေ့စ်ခြေစွမ်းကလည်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် ဆွမ်ဆီးအနေနဲ့ ဒီအိမ်ကွင်းပွဲမှာမှ နိုင်ပွဲရအောင်မယူနိုင်ရင် တန်းဆင်းရဖို့ ပိုမိုနီးစပ်သွားနိုင်တာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို သရေလောက် ကစားနိုင်ဖို့ရှိပါတယ်။

## စတုတ် vs ဝက်စ်ဘရွန်း

| ပကျော့ | ဝက်စ်ဘရွန်း | ၁ | ၁ | စတုတ် |
|---|---|---|---|---|

စတုတ်တို့ရလဒ်တွေ ဆက်တိုက်ဆိုးနေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်ပေမယ့် အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်း ကျဆင်းနေပါတယ်။ ဝက်စ်ဘရွန်းက မန်ယူနဲ့ပွဲမှာ တုံ့ပြန်ကစားပုံကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း အမှတ်လိုနေတဲ့ ဝက်စ်ဘရွန်းတို့ အားစိုက်ကစားလာမှာဖြစ်သလို သရေလောက် ကစားသွားနိုင်ဖို့ရှိပါတယ်။

## ဆောက်သမ်တန် vs ဟက်ဒါဖီးလ်

| ပကျော့ | ဟက်ဒါဖီးလ် | ၀ | ၀ | ဆောက်သမ်တန် |
|---|---|---|---|---|

ဆောက်သမ်တန်တို့ အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာနှစ်ပွဲဆက်အရေးနိမ့်ခဲ့မှုကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာ ဖြစ်ပါတယ်။ လိဂ်ဖလားပွဲလည်း မကစားခဲ့ရတာကြောင့် ဆောက်သမ်တန်တို့ ခြေကုန်ထုတ်နိုင်မှာဖြစ်တာကို သတိပြုရမယ့်အပြင် ဟက်ဒါဖီးလ်ခြေစွမ်းကလည်း သာမန်သာရှိတာကြောင့် ဒီပွဲမှာ ဆောက်သမ်တန်ကသာ ဖိအားပေးနိုင်ဖို့ရှိနေပြီး နိုင်ပွဲလည်း ရသွားနိုင်ပါတယ်။

## ဝက်စ်ဟမ်း vs ကာဆယ်

| ပကျော့ | ကာဆယ် | ၃ | ၀ | ဝက်စ်ဟမ်း |
|---|---|---|---|---|

ကာဆယ်ခြေစွမ်းက ကျဆင်းနေပါတယ်။ တိုက်စစ်ပိုင်းက အဆုံးသတ် အားနည်းမှုတွေရှိနေတာကို တွေ့ရပါတယ်။ ဒီပွဲမှာလည်း တန်းဆင်းဇုန်ထဲရောက်နေတာကြောင့် အားစိုက်ကစားလာမှာ ဖြစ်ပေမယ့် လက်ရှိအချိန်မှာ ဝက်စ်ဟမ်းရဲ့ခြေကလည်း ကောင်းမွန်နေပါတယ်။ အိမ်ကွင်းလည်း ဖြစ်နေတာကြောင့် ဝက်စ်ဟမ်းတို့ အားစိုက်ကစားလာမှာ ဖြစ်သလို အိမ်ကွင်းနိုင်ပွဲလည်း ရသွားနိုင်ပါတယ်။

# ဆယ်အိမ်တန်းကမ်းခြေ အပန်းဖြေကြရအောင်

**ဖျာပုံ ဒီဇင်ဘာ ၂၁**

ဆယ်အိမ်တန်းကမ်းခြေ အပန်းဖြေစခန်းသည် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်အတွင်း တည်ရှိကာ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ပင်လယ်ရေအတက်အကျကို အခြေခံပြီး သဘာဝအလျောက် ဖြစ်ပေါ်လာသည့် ကမ်းခြေတစ်ခုဖြစ်သည်။ ကမ်းခြေ၏ သဲသောင်ပြင် ကျယ်ပြန့်မှုနှင့် ပင်လယ်ပြင်၏ရှုမောဖွယ်ရာ မြင်ကွင်းတို့၏ ဆွဲဆောင်မှုတို့ကြောင့် တွံတေး၊ ကော့မှူးနှင့်ကွမ်းခြံကုန်းမြို့နယ်ရှိ ပြည်သူများ နေ့ချင်းပြန် သွားရောက်လည်ပတ် အပန်းဖြေကြရာမှတဖြည်းဖြည်း လူသိများ ထင်ရှားလာသော ကမ်းခြေစခန်းတစ်ခုဖြစ်သည်။



တစ်နှစ်ထက်တစ်နှစ် လူသိများ ထင်ရှားလာ၍ ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့မှ ဆယ်အိမ်တန်းကျေးရွာကမ်းခြေအပန်းဖြေစခန်းသို့အရောက် ကားများ လွယ်လင့်တကူသွားလာနိုင်ရန် ကွန်ကရစ်ကားလမ်းများ ဖောက်လုပ်ပေးထားရာ ရန်ကုန်(ဒလ)ဘက်နှင့် လှိုင်သာယာအဝေးပြေး ကားဂိတ်တို့မှ ကားဖြင့်လာပါက ကွမ်းခြံကုန်းမြို့မှ မိုင် ၂၀ခန့်အကွာတွင် တည်ရှိနေသော ဆယ်အိမ်တန်းကမ်းခြေ အပန်းဖြေစခန်းသို့ အချိန် နှစ်နာရီခွဲနှင့် ရောက်ရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆယ်အိမ်တန်းကမ်းခြေ၌ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ နေ့ချင်းပြန် အပန်းဖြေလာရောက်သူများဖြင့် စည်ကားလျက်ရှိနေပြီး ရုံးပိတ် ဈေးပိတ်ရက်များတွင် အပန်းဖြေလာရောက်သူများ အလွန်များပြားလျက်ရှိကြောင်း ဒေသခံများကပြောသည်။ အပန်းဖြေစခန်း ပေါ်ပေါက်လာမှုကြောင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာကြကာ ယခင်အချိန်များကထက် လူမှုရေး၊ စီးပွားရေး အခြေအနေများ တိုးတက်ကောင်းမွန်လာကြကြောင်း သိရသည်။

ရန်ကုန်မြို့မှ ကိုယ်ပိုင်မော်တော်ကားများဖြင့် လာရောက်ပါက တွံတေးမြို့ သမိုင်းဝင် ရွှေဆံတော်ဘုရားနှင့် ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များရှိ မွန်တို့တည်ထား ကိုးကွယ်ခဲ့သည့် သမိုင်းဝင်ဘုရားများကိုလည်း ဝင်ရောက်ဖူးမြော်လည်ပတ်နိုင်သော အပန်းဖြေခရီးစဉ်တစ်ခုဖြစ်သည်။

ယခုအခါ ဒလမြို့မှ YBS လိုင်းကားများမှာ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့များအထိ ပြေးဆွဲနေပြီဖြစ်၍ ထိုမြို့များအထိ YBS ကားများကို ဈေးနှုန်းချိုသာစွာဖြင့် စီးလာကာ ထိုမှတစ်ဆင့် ကားပြောင်းစီးပြီး ဆယ်အိမ်တန်းကမ်းခြေ အပန်းဖြေစခန်းသို့ အရောက်သွားရောက်နိုင်ပါကြောင်း အချိန်မကုန် ငွေကုန် ကြေးကျမများလှဘဲ သွားရောက်လည်ပတ်နိုင်သည့် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်ခု အကြောင်းကို အသိပေးရေးသားလိုက်ရပါသည်။

**အောင်ဝင်း(ဖျာပုံ)**

# သတင်းတိုများ

## ရှားတောမြို့တွင် ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်

**ရှားတော ဒီဇင်ဘာ ၂၁**

လွိုင်ကော်ခရိုင် ရှားတောမြို့နယ်၌ ပြည်သူလူထု ကိုယ်လက်လှုပ်ရှားမှု လမ်းလျှောက်ခြင်းကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာပြည့်စုံစေရန် ရည်ရွယ်၍ ဒီဇင်ဘာလူထု စုပေါင်းလမ်းလျှောက်ပွဲ (ပထမ)ပတ်ကို ဒီဇင်ဘာ ၁၆ ရက်က မြို့နယ်စုပေါင်းရုံးရှေ့မှ စတင်ထွက်ခွာခဲ့သည်။

ယင်းလမ်းလျှောက်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင်ပြည်သူများက မြို့နယ်စုပေါင်းရုံးရှေ့မှ ရှားတောမြို့ပေါ်ရှိ လျှပ်စစ်ဓာတ်အားခွဲရုံ ထိုမှတစ်ဆင့် အ.ထ.က ရှားတောအားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး အားကစားကွင်းတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးစပါးမျိုးကွဲများ စံကွက်ရိတ်သိမ်း

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် လက်မဲကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၁၂ ရက်က မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်ဝင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများအဖွဲ့က ဆောင်ရွက်ခဲ့ကြသည်။ စံကွက်များရိတ်သိမ်းရာ ရောမင်း စပါးမျိုးကွဲ(သင့်)ကိုယ်စားပြုစံကွက်မှ တစ်ဧကလျှင် စပါးအစို တင်း ၈၀ နှုန်းနှင့် ရောမင်းစပါးမျိုး(ညံ့)ကိုယ်စားပြုစံကွက်မှ တစ်ဧကလျှင် စပါးအစို ၅၄ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မူခင်းကျဆင်းရေးပညာပေး ဟောပြော

နေပြည်တော်ရဲတပ်ဖွဲ့ မူခင်းပညာပေး မော်တော်ယာဉ်ဖြင့် မူခင်းကျဆင်းရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပြသခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၇ နာရီတွင် ပျဉ်းမနားမြို့နယ်၊ ကင်မွန်းတန်းကျေးရွာအုပ်စု အာဟာရသုခဈေး အုပ်ချုပ်ရေးမှူးရုံးရှေ့ ကွင်းပြင်၌ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကြည်ဝင်းက မူခင်းကျဆင်းရေး ပညာပေးဟောပြောခြင်း၊ လူကုန်တားတပ်ဖွဲ့မှ ရဲအုပ် စိုင်းနေမျိုးက လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေးဆွေးနွေးခြင်း၊ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ် ဌေးလွင်က ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ ပညာပေးပြောကြားခဲ့ပြီး လာရောက်လေ့လာနားထောင်သူ ဈေးသူဈေးသားများက မူခင်းပညာပေးယာဉ်ပေါ်သို့ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

# သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း အစီအစဉ် အမျိုးသားအဆင့် အကောင်အထည်ဖော်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ အမျိုးသားအဆင့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့မှ ကာဗွန် ထုတ်လွှတ်မှုလျှော့ချခြင်း အစီအစဉ်(UN-REDD အစီအစဉ်)ကို ၂၀၁၆ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် REDD+အတွက် အဆင်သင့်ဖြစ်စေရန် မျှော်မှန်းထားကြောင်းသိရသည်။

REDD+ ဆိုသည်မှာ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လွှတ်မှုလျော့ခြင်း၊ သစ်တောတွင်း သိုလှောင်ကာဗွန်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောများကို ရေရှည်တည်တံ့စွာ စီမံအုပ်ချုပ်ခြင်းနှင့် သစ်တောတွင်း သိုလှောင်ကာဗွန်များ တိုးတက်စေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည်။

REDD+သည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်း ထိန်းချုပ်ရေးဆိုင်ရာ သဘောတူညီချက်အောက်ရှိ ယန္တရားတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် သစ်တောများအား ထိန်းသိမ်းကာကွယ်၍ စီမံအုပ်ချုပ်လုပ်ကိုင်သွားလိုစိတ်များ ဖြစ်ပေါ်လာအောင် စွဲဆောင်စည်းရုံးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်ဖြစ်သည်။

သစ်ပင်သစ်တောများ စိုက်ပျိုးတည်ထောင်ခြင်းသည် ရာသီဥတုပြောင်းလဲမှုကိုလျှော့ချရာတွင် လွန်စွာအရေးပါသည်။ မုန်တိုင်းများနှင့် သဘာဝတောမီးများသည် သစ်တောပျက်စီးရခြင်းအကြောင်းများ ဖြစ်သော်လည်း သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းရခြင်း၏ အဓိက အကြောင်းအရင်းမှာ လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ဖြစ်သည်။

တရားမဝင် သစ်ထုတ်လုပ်ခြင်းနှင့် မြေယာသိမ်းပိုက်ခြင်းတို့ကို တားဆီးရန်ခက်ခဲရခြင်းမှာ ငွေကြေးများစွာကို သုံးစွဲကာ ဩဇာကြီးမားသူများကိုပါ အသုံးချခြင်းကြောင့် ဖြစ်သည်ဟု မြန်မာ REDD+ အစီအစဉ်တွင် ဖော်ပြထားသည်။ တရားမဝင်သစ်ထုတ်ခြင်းနှင့် မြေယာသိမ်းပိုက်ခြင်းတို့ကို REDD+၏ လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ခြင်းဖြင့် လျှော့ချနိုင်ကြောင်းလည်း သိရသည်။ အခြားနိုင်ငံများတွင်လည်း အလားတူ ဆောင်ရွက်ပြီးဖြစ်သည်ဟု မြန်မာ REDD+ အစီအစဉ်တွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် REDD+ လုပ်ငန်းစဉ်၏ အဆင့်(၁) ဖြစ်သော အသင့်ပြင်ဆင်ရေး လမ်းပြမြေပုံကို ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း အတည်ပြုခဲ့ပြီးဖြစ်သည်။

သစ်တောဥပဒေ၊ သဘာဝတောထိန်းသိမ်းနယ်မြေဥပဒေ၊ သားငါးဥပဒေ အပါအဝင် တရားဥပဒေစိုးမိုးရေး၊ ပြစ်မှုဆိုင်ရာ အစီရင်ခံခြင်းနှင့် တရားစွဲဆိုခြင်းတို့၌ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ခြင်းတို့သည် တရားမဝင်သစ်ထုတ်ခြင်းနှင့် မြေယာလုယူခြင်းတို့ကို ဖြေရှင်းရန်နည်းလမ်းကောင်းများဖြစ်ကြောင်းလည်း ယင်းအစီအစဉ်တွင် ဖော်ပြချက်များအရ သိရသည်။



**သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)၊**
**ဓာတ်ပုံ-REDD+Myanmar ဝက်ဘ်ဆိုက်**

## လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲကျင်းပ

**ဖားကန့် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူး၍ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အကြို ဟောပြောပွဲကို ဒီဇင်ဘာ ၁၉ ရက်က ကချင်ပြည်နယ် ဖားကန့်မြို့နယ် နန့်နားလှိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးမရစ်လက်ဝါနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ဦးတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုကော်မတီဝင် စာရေးဆရာ မြန်ဂုဏ်ဆောင်က ‘လွတ်လပ်ရေး၏အဓိဋ္ဌာန်’ ခေါင်းစဉ်ဖြင့် ဟောပြောကာ ၎င်း၏ ‘ကမ္ဘာကြီးကိုချစ်ပါ၊ ကမ္ဘာကြီးကိုတန်ဖိုးထားပါနှင့် အခြားဆောင်းပါး’ စာအုပ်များနှင့် ‘လွယ်မောက်တောင်သမိုင်းဖြစ်တော်စဉ်’ စာအုပ်များကို ကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

ဟောပြောပွဲကို နေ့လယ်ပိုင်းတွင် တာမခန်အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးမရစ်ယောစက်က အမှာစကားပြောကြားကာ စာရေးဆရာ မြန်ဂုဏ်ဆောင်က ‘လွတ်လပ်ရေးပန်းများ ပွင့်လန်းပါစေ’ ခေါင်းစဉ်ဖြင့် ဟောပြောပြီး စာအုပ်များကို ကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

# တောင်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် ဆွာချောင်းရေလှောင်တမံ

**ရေတာရှည် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ရာသီအလိုက် သီးထပ်သီးညှပ် စပါးများ စိုက်ပျိုးနိုင်ရန် ဆည်တာတမံများစွာ တည်ဆောက်ခဲ့ပြီး အဆိုပါ ဆည်တာတမံများ၏ ရေပေးဝေမှုဖြင့် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းကာ ကျေးလက်ဒေသနေ တောင်သူများ၏ စီးပွားရေး ပြောင်းလဲတိုးတက်လာစေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း၌လည်း ဆွာချောင်းရေလှောင်တမံကို ရန်ကုန်-မန္တလေး ကားလမ်းဟောင်း အနောက်ဘက် ၇ မိုင်အကွာ သိုင်းဝကျေးရွာအုပ်စု၊ ဥယျာဉ်မှူးကျေးရွာအနီး၌ ၂၀၀၄ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့ပြီး ပင်မရေပေးမြောင်းမကြီး အရှည် ၁၆ ဒသမ ၆၇ မိုင်၊ လက်တံမြောင်းအလျား ၄၁ ဒသမ ၉၄ မိုင်ဖြင့် နှစ်စဉ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ နွေစပါးစိုက်ပျိုးရန် ရေပေးဝေပြီး မေလကုန်အောင်ရေရရှိသည်အထိ ရေပေးလျက်ရှိသည်။ ကန်ရေပြည့်သိုလှောင်နိုင်သည့် ပမာဏ ၂၁၆၃၅၀ ဧကပေရှိပြီး တောင်သူများ၏ စိုက်ပျိုးမြေ ၂၂၃၁၉ ဧကကို စိုက်ပျိုးရေ လုံလောက်စွာပေးနိုင်သည်ကို တွေ့ရှိရသည်။

နိုင်ငံတော်၏ ရေရှည်ရည်မှန်းချက်ဖြစ်သော ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် ကျေးလက်ဒေသများ၌ နေထိုင်ကြသည့် ၇၀ ရာခိုင်နှုန်းသော တောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်သီးစားစနစ်မှ သီးထပ်သီးညှပ်စပါးများ စိုက်ပျိုးနိုင်ခြင်းဖြင့် ဝင်ငွေကောင်းမွန်ကာ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်လည်း ပါဝင်သည်။ ထို့အတူ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနိုင်အောင် လယ်ယာသုံးစက်ကိရိယာများကို အတိုးမဲ့ အရစ်ကျ ရောင်းချပေးခြင်း၊ ကျေးလက်လမ်းတံတား၊ ရေရရှိရေး၊ လျှပ်စစ်မီးလင်းရေး အစရှိသည့်ကဏ္ဍများတွင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနက နှစ်စဉ်စီမံချက်များဖြင့် အကောင်အထည်ဖော်ပေးခြင်းတို့ ဆောင်ရွက်နေသည်မှာလည်း အတော်ပင် ခရီးပေါက်နေပြီဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးကြမည့် တောင်သူများအား ထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ရောဂါပိုးမွှားအန္တရာယ် အသိပညာများပေးခြင်းအပြင် စိုက်ပျိုးနည်းစနစ်များ ပံ့ပိုးမှုအားကောင်းလာခြင်းတို့မှာလည်း တောင်သူများအတွက် အထောက်အပံ့ကောင်းများပင်ဖြစ်ကြရာ ယခုကဲ့သို့ အဘက်ဘက်မှ ပံ့ပိုးမှုများ အား



ကောင်းနေချိန်တွင် တောင်သူများအနေဖြင့် ရရှိသည့်အခွင့်အရေးကို အကျိုးရှိစွာအသုံးချခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# ဆောင်းဥတုမှာ ကျန်းမာစွာ နေထိုင်နည်းများ

**ကြည်လွင်မြင့် (မုံရွာ)**



ရှေးက လူကြီးများသည် ဥတုအလိုက် ခတ်စာစားခြင်းဖြင့် အသက်ရှည်ကြသည်။ ဒေသနာနယ ဆေးပညာဟုခေါ်သည့် ဗုဒ္ဓစာပေကျမ်းဂန်လာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်ကြီးလေးပါးကို အခြေခံသည့် ဆေးပညာတွင်လည်း လူတို့ခန္ဓာကိုယ်သို့ ရောဂါရောက်ကြောင်းလေးပါးမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟု ဆိုထားခြင်းကြောင့် ဥတုကြောင့်ဖြစ်သော ရောဂါရှိနိုင်သည်။ ဥတုနှင့်သင့်လျော်သော အစားအသောက်၊ အနေအထိုင်၊ အပြုအမူကို ပြုရမည်။ မပြုလျှင် ရောဂါရမည်ဟု သိထားသင့်ပေသည်။

ဆောင်းဥတုသည် အေးသောချမ်းသော ရာသီဥတုဖြစ်သည်။ အေးသည်ဆိုခြင်းမှာ ခန္ဓာကိုယ်ပြင်ပ အသားအရေတွင် အေးခြင်းဖြစ်သည်။ ချွေးမထွက်ရသဖြင့် ခန္ဓာကိုယ်တွင်းမှ အပူတို့သည် အပြင်သို့မထွက်နိုင်၊ အတွင်းတွင် အပူငုပ်နေသည်။ ထိုအောင်းနေသောအပူကို အပြင်သို့ထွက်စေရန်၊ ပွင့်စေရန် တစ်နည်းအားဖြင့် အခိုးပွင့်စေရန် ခတ်စာများကိုစားရမည်ဟု ရှေးက ခတ်စာဖြင့်ကုသည့် သမားတော်ကြီးများက အမိန့်ရှိခဲ့ကြသည်။ အချို့ဆေးဆရာ သမားတော်ကြီးများကလည်း ဝမ်းတွင်းမှာ အပူအကျဉ်းကျနေသည်ဟု ယူဆပြီး အပူကိုအေးအောင် ဆေးဝါး သို့မဟုတ် ခတ်စာပေးပြီးလျှင် အောက်သို့သက်စေသော ဝမ်းမှန်၊ လေသက်ဆီးသက်စေသော အစာကို ပေးရမည်ဟုဆိုသည်။

ထို့ကြောင့် ဆောင်းဥတုတွင် စားသင့်သော အစားအစာများမှာ-

၁။ အတွင်းမှာ ငုပ်နေသော အပူကို အေးစေရမည်။
၂။ အခိုးအာကာသ ပွင့်စေသော အစာဖြစ်ရမည်။
၃။ ဆီး၊ ဝမ်း၊ လေ သက်စေသော အစာမျိုးဖြစ်ရမည်။

ထိုကဲ့သို့ အစားအစာမျိုးကို ရွေးချယ်စားသုံးသောသူသည် ရောဂါဘယကင်းဝေး၍ ကျန်းမာသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ကာ မိမိအကျိုး၊ မိသားစုအကျိုး၊ လူအများအကျိုး၊ တိုင်းပြည်အကျိုးအထိ သယ်ပိုးနိုင်လိမ့်မည်ဖြစ်သည်။ "အာရောဂျံ ပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု ဘုရားဟောရှိသည်နှင့်အညီ ဖြစ်ပေလိမ့်မည်။

လူတို့စားသောက်သော အစားအစာများစွာ ရှိသည်။ ထိုအစားအစာများကို အရသာအားဖြင့် ခွဲခြားရလျှင် ရသာခြောက်ပါး၊ အရသာခြောက်မျိုးရှိသည်ကို တွေ့ရသည်။ ထိုအရသာများမှာ အချို၊ အချဉ်၊ အငန်၊ အစပ်၊ အခါး၊ အဖန် အရသာတို့ဖြစ်သည်။ အစားအသောက်စားသောက်ရာတွင် ရသာခြောက်ပါးစုံအောင် စားရမည်ဟု ဆိုသည်။ သို့သော် ဥတုအလိုက် ပို၍စားသင့်သော အရသာလည်း ရှိသည်။ ကျန်းမာရေးရှုထောင့်မှ ဆောင်းရာသီတွင် ပို၍စားရမည့် အရသာမှာ "အချဉ်" အရသာဖြစ်သည်။

အချဉ်အရသာသည် စားလိုက်သည်နှင့် လျှာပေါ်တွင် အပွင့်ဓာတ်အရသာပေါ်စေပြီး ဆက်ပြီး စားချင်သောက်ချင်စိတ် ဖြစ်ပေါ်စေသည်။ ခံတွင်းမကောင်းသူသည် ထမင်းပွဲတွင် ထမင်းမစားမီ ချဉ်ရည်ဟင်းကလေးကို အရင်သောက်လိုက်ပါက ထမင်းစားချင်စိတ် ချက်ချင်းဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ အချဉ်၏ သတ္တိသည် အပွင့်သတ္တိ ဖြစ်သည်။

ဆောင်းဥတုတွင်သင့်လျော်သော ခတ်စာ အစားအစားများမှာ

၁။ မန်ကျည်းရွက်၊ ကင်မွန်းချဉ်ရွက်၊ မုန်ညင်းရွက်ချဉ်ရည်ဟင်း။
၂။ ရှောက်သီးသုပ်၊ မုန်လာချဉ်သုပ်၊ ခံတက်ချဉ်သုပ်၊ နှမ်းဖတ်ချဉ်သုပ်။
၃။ ဒန့်သလွန်သီး၊ ခရမ်းသီး၊ ကုလားပဲ၊ အာလူး၊ မန်ကျည်းမှည့်၏ အရည်နှင့် ချက်သည့် ကုလားဟင်း။
၄။ ငါးခူ၊ ငါးကြင်း၊ ငါးဖယ်အသားခြစ်၊ နှမ်းဆီနှင့်ကြော်၍ မန်ကျည်းမှည့်အရည်နှင့် ပြန်ချက်သောဟင်း။
၅။ ငါးပြေမ၊ ငါးရံ့ပေါက်၊ ငါးနုသန်း၊ စောင်းလျားသီး၊ ဆီးဖြူသီးတို့နှင့် ရောချက်သော ဟင်းတို့ဖြစ်သည်။

**ဆောင်းဥတုနှင့် သင့်တော်သောဆီ**

လူတို့အသုံးပြုကြသော ဆီအမျိုးမျိုးရှိသည်။ ဆီသည် အသီးအနှံတို့၏ အစေ့အဆန်မှ ကြိတ်၍ရသော အဆီနှင့် တိရစ္ဆာန်မှထွက်သောအဆီဟူ၍ နှစ်မျိုးရှိသည်။ ထိုဆီနှစ်မျိုးလုံး စားသုံး၍ရသည်မှန်သော်လည်း ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင် တိရစ္ဆာန်မှထွက်သော အဆီများသည် စားသုံးရန် မသင့်သည်ကို တွေ့ရသည်။ အထူးသဖြင့် ဝက်ဆီ၊ အမဲဆီများ စားသုံးမှုကြောင့် နှလုံးသွေးကြောကျဉ်းရောဂါနှင့် အဆီပိတ်ရောဂါများ ဖြစ်ကြရသည်။

အသီးအနှံများ၏ အစေ့၊ အဆန်မှ ကြိတ်၍ရသောဆီများမှာ လူတို့စားသုံးရန် သင့်လျော်သည်။ အနယ်နယ်အရပ်ရပ်တွင် အစားအများဆုံးသောဆီမှာ မြေပဲဆီနှင့် နှမ်းဆီတို့ဖြစ်သည်။ အခြားစားသုံးနိုင်သော ဆီအမျိုးအစားများစွာ ရှိသေးသည်။ မုန်ညင်းဆီ၊ အုန်းဆီ၊ ဆူးပန်းစေ့ဆီ၊ ကြက်ဆူဆီ၊ မည်စည်ဆီ၊ ကလိန်ဆီ၊ ရှမ်းနှမ်းဆီ၊ ပဲပိစပ်ဆီ၊ ဟင်းရွက်ဆီ၊ နေကြာဆီ၊ အောင်မဲဖြူစေ့ဆီ၊ အောင်မဲညိုစေ့ဆီ၊ သင်းဝင်ဆီ၊ လွန်ဆီ၊ သံလွင်ဆီ၊ တမာဆီ၊ လက်ခုပ်ဆီနှင့် လျော်ဆီ စသည်ဖြင့် ဆီမျိုးများစွာ တွေ့ရသည်။

ဆောင်းဥတုသည် ပြင်ပတွင်အေးသဖြင့် ချွေးမထွက်၊ ကိုယ်တွင်းတွင် အပူအောင်း အပူငုပ်သော ရာသီဖြစ်သည်။ အပူငုပ်သောသူသည် ဆီစားမှားလျှင် အပူအထက်ကန်၊ လည်ချောင်းယားပြီး ချောင်းဆိုးရောဂါ ရလာတတ်သည်။ ဝက်ဆီ၊ အမဲဆီများသည် အေးလျှင်ခဲသော အဆီမျိုး ဖြစ်သဖြင့် ဆောင်းရာသီနှင့် မသင့်ပေ။ လည်ချောင်းယားရာမှ ချောင်းဆိုးကြသောအခါ လေပြွန်ရောင်၊ အာသီးရောင် ရောဂါများ ဖြစ်လာနိုင်သည်။

အအေးပပ်သောရောဂါရှိသူ၊ ရေချိုးလျှင် အအေးပပ်လွယ်သောသူ၊ အဆုတ်အားမကောင်းသူ၊ အဆုတ်ရောင်ရောဂါဖြစ်ဖူးသူများသည် ဆောင်းဥတုတွင်အသုံးများသော မြေပဲဆီနှင့် နှမ်းဆီနှစ်မျိုးတွင် နှမ်းဆီကိုသာ ရွေးချယ်စားသုံးသင့်သည်။ အုန်းဆီနှင့် စားအုန်းဆီကို လုံးဝရှောင်ကြဉ်သင့်သည်။

နှမ်းဆီကိုရွေးချယ်ရကြောင်းမှာ နှမ်းဆီသည် ပူ၍နွေးထွေးစေသော သတ္တိရှိသည်။ အခြားဆီများကဲ့သို့ ကိုယ်တွင်းတွင် ခဲမသွားနိုင်ပေ။ အစားမှားလျှင် အေးသောအစာကိုပင် နွေးသောအစာဖြစ်စေပြီး ကြေကျက်သွားစေနိုင်သော သတ္တိရှိသည်။ ဥပမာ-ကောက်ညှင်းပေါင်းသည် အစာကြေခဲသော အစာ၊ အေးစက်မာကြောသောအစာမျိုး ဖြစ်သည်။ သို့သော် နှမ်းဆီဆမ်းစားလျှင် အစာမကြေခြင်းမှ ကာကွယ်နိုင်သည်။

ကုန်းဘောင်ခေတ်၏ အစောဆုံးသိပ္ပံပညာရှင်ဟုဆိုကြသော ယောမြို့စားအတွင်း ဝန်ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းတွင် ဖော်ပြထားသည်မှာ နှမ်းဆီသည် ဆိမ့်၏၊ စဉ်းငယ်ဖန်၏၊ ခါး၏၊ ကြေခဲ၏၊ ဝမ်းမီးချက်၍ ကျက်လျှင်ဆိမ့်၏၊ ပူ၏၊ လိမ်းလျှင်အေး၏၊ ကိုယ်ခိုင်ခံ့စေတတ်၏၊ အင်အားကြီးစေတတ်၏၊ အဆင်းကို လှစေတတ်၏၊ အသံကို ကောင်းစေတတ်၏၊ သုက်ကိုပွားစေတတ်၏၊ ပိန်သောသူကို ဝစေတတ်၏၊ ဝသောသူကို ပိန်စေတတ်၏၊ လေသလိပ်ကိုနိုင်၏၊ အကြောကို လျော့စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဆီးများစွာသွားသောအနာကို နိုင်၏၊ နားအင်္ဂါဇာတ်၊ ဦးခေါင်းကိုက်ခြင်းတို့ကို နိုင်၏၊ ယားနာ၊ နူနာ၊ ပိုးနာတို့ကိုနိုင်၏ စသည်ဖြင့် ချီးမွမ်းရေးသားထားသည်ကို တွေ့ရှိရကြောင်း တင်ပြလိုက်ရပေသည်။

**အိမ်တိုင်း ဆောင်ထားသင့်သော အအေးမိကာကွယ်ဆေး**

အေးသောရာသီဖြစ်သည့် ဆောင်းဥတုနှင့် မိုးဥတုတွင် အအေးပတ်၍ဖြစ်သော အဖျားရောဂါ ဖြစ်လေ့ရှိကြသည်။ နွေရာသီမှာကား ချွေးထွက်လွန်ပြီး ချွေးငုပ်သွားသောအခါ အပူငုပ်ဖျားရောဂါ ဖြစ်လေ့ရှိသည်။ ထိုအဖျားရောဂါများအတွက် သင့်တော်သောဆေးမှာ အခိုးပွင့်ဆေး သို့မဟုတ် အအေးပပ်၊ အအေးမိ ကာကွယ်ဆေးပင် ဖြစ်သည်။

ကိုယ်တွင်း သက်စောင့်အပူဓာတ်ကို ဥပမာ- တေဇောဓာတ်ဟု ခေါ်သည်။ ထိုကိုယ်စောင့်ဓာတ်မီး၏ အပူမှာ အနောက်တိုင်းဆေးဆရာများ၏ အတိုင်းအတာဖြင့် ပြောရလျှင် ၉၈ ဒသမ ၄ ဒီဂရီစင်တီဂရိတ်(ပြဒါး)နှင့် ညီမျှပေသည်။ ထိုထက်ပိုမြင့်သောအပူဓာတ် ကိုယ်တွင်း၌ ဖြစ်ပွားလာခဲ့လျှင် ဥပမာ- ၁၀၀ ဒီဂရီ စင်တီဂရိတ် (ပြဒါး)ရှိခဲ့လျှင် အအေးပပ်သည်။ အဖျားဝင်နေပြီဟု ပြောလေ့ရှိကြသည်။

အအေးပပ်ခြင်းဆိုသည်မှာ ခန္ဓာကိုယ်အပြင်ဘက်မှ အရေပြားပေါ်ရှိ အအေးဓာတ်သည် လိုသည်ထက် ပိုအေးသွားသောအခါ အခိုးထွက်နေသည့် မွေးညင်းပေါက် ကလေးများ ကျုံ့၍ပိတ်သွားပြီး အခိုးမထွက်နိုင် ဖြစ်ရသည်။ ထိုအခါ ကိုယ်တွင်းမှ အပူဓာတ်များလာသည်။ ရေနွေးတည်သောအခါ အငွေ့ထွက်ပေါက် မပေးလျှင် အတွင်းမှရေနွေးများ ပွက်၍ ဆူကာ တွန်းကန်သကဲ့သို့ အထက်သို့ကန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်းဝေဒနာများသည် ကိုယ်အပူချိန်တက်သည်နှင့်အတူ ပူးတွဲ၍ ဖြစ်လာရလေသည်။

အအေးပပ်ခြင်းကို လေ့လာကြည့်သောအခါ ခရီးဝေးမှ လမ်းလျှောက်ပြီးပြန်လာသူတစ်ဦးသည် အိမ်ရောက်သောအခါ အနားမယူမီ ရေမိုးချိုးလိုက်သည်။ ထိုသူသည် ဘာမှမဖြစ်ပါ။ အခြားသူတစ်ဦးမှာ ခရီးဝေးမှ ကားစီးပြီးပြန်လာသည်။ လမ်းတွင် ကားပြတင်းပေါက်မှ လေတိုးသဖြင့် အအေးပပ်ခဲ့သည်။ အိမ်ရောက်သောအခါ ကိုယ်လက်သန့်စင်ရင်း ရေချိုးလိုက်မိသည်။ ထိုသူသည် အအေးပပ်ပြီး ဖျားတော့သည်။

ကလေးငယ်နှစ်ဦးသည် ကျောင်းမှအပြန်တွင် တစ်ဦးသည် ဘောလုံးကွင်းတွင် ဘောလုံးကန်ကစားသည်။ ထိုကလေးသည် အိမ်ရောက်သောအခါ ရေချိုးသည်။ မဖျားပေ။ နောက်ကလေးတစ်ဦးမှာ ကျောင်းမှအိမ်သို့ တန်းပြန်လာပြီး ဗိုက်ဆာသဖြင့် ထမင်းစားသည်။ ပြီးနောက် ရေချိုးသည်။ ထိုကလေးမှာ အအေးပပ်ပြီး ဖျားတော့သည်။ အစာမကြေ အော့အန်ခြင်းလည်း ဖြစ်တော့သည်။ ထို့ကြောင့် ဆောင်းဥတု၊ မိုးဥတုတွင် အအေးပပ်ဖျားသူများမှာ ကိုယ်လက်လှုပ်ရှားမှု မရှိဘဲ အအေးပပ်ခြင်း၊ အစာမကြေခြင်းတို့နှင့် သက်ဆိုင်ပေသည်။

အအေးမိကာကွယ်ဆေးနည်းမှာ-

| | |
|---|---|
| ၁။ လေးညှင်းပွင့် | ၁ ကျပ်သား |
| ၂။ ငရုတ်ကောင်း | ၁ ကျပ်သား |
| ၃။ ပိတ်ချင်း | ၁ ကျပ်သား |
| ၄။ ချင်းခြောက် | ၁ ကျပ်သား |
| ၅။ ဇာတိပ္ဖိုလ်သီး | ၁ ကျပ်သား |
| ၆။ ကန့်ချုပ်နီ | ၂ ကျပ်သား |
| ၇။ ဆေးပုလဲ | ၂ ကျပ်သား |
| ၈။ စမုန်မျိုးငါးပါး(တစ်မျိုးစီ) | ၅ မူးသား |
| ၉။ ကြစုသီး | ၁ ကျပ်သား |
| ၁၀။ ပရုတ် | ၅ မူးသား |

(စုစုပေါင်းဆေးချိန် ၁၁ ကျပ်သား)

ဤဆေးကို အမှုန့်ထောင်းပြီး ပရုတ်ငွေ့မပြန်စေရန် လေလုံသောဖန်ပုလင်းတွင် ထည့်ထားပါ။ အစာမကြေခြင်း၊ ရေချိုးမှားခြင်း၊ အအေးမိခြင်း၊ အအေးပပ်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်းတို့အတွက် ရေနွေးပူပူဖြင့် သောက်ပါ။ ဆေးချိန် နှစ်ပဲသားမှ လေးပဲသားအထိ အသက်အရွယ်နှင့်ချင့်ချိန်၍ တိုက်နိုင်ပါသည်။ အေးသောဥတုတွင် အိမ်တိုင်းဆောင်ထားသင့်သော အိမ်သုံးဆေးနည်း ဖြစ်သည်။

ဆောင်းဥတုတွင် ကျန်းမာစွာနေထိုင်နည်းများအဖြစ် အစားအစာ၊ သင့်တော်သောဆီ၊ သင့်တော်သော အအေးမိကာကွယ်ဆေးများကို ရေးသားတင်ပြခဲ့ရာတွင် သက်ကြီးရွယ်အိုများအတွက် ရေချိုးသင့်သောအချိန်ကိုပါ တင်ပြလိုပါသည်။ အလွန်အေးသောရာသီတွင် လူကြီးများ နေ့စဉ် ရေမချိုးသည့်တိုင် သုံးရက်လျှင်တစ်ကြိမ် ရေချိုးပေးသင့်ပါသည်။ ရေနွေးစပ်ပြီး ရေဖတ်တိုက်ပေးခြင်းလည်း ပြုနိုင်ပါသည်။ ။

လူကြီးများ ဆောင်းရာသီတွင် ရေချိုးရမည့်အချိန်

ကျန်းမာရေးအတွက် သင့်တော်သောအချိန်ကို ညွှန်ပြသည့် ရေချိုးလင်္ကာအရ...

(နွေ ကိုး၊ မိုး တစ်ဆယ်၊ ဆောင်း ဆယ့်တစ်) ဖြစ်ပါသည်။

နွေရာသီတွင် နေထန်းတစ်ဖျားဟုဆိုသည့် နံနက် ၉ နာရီ...

မိုးရာသီတွင် နေထန်းတစ်ဖျားကျော် နံနက် ၁၀ နာရီ...

ဆောင်းရာသီ နေမွန်းတည့်လုနီး နံနက် ၁၁ နာရီသည်

သက်ကြီးရွယ်အိုများအတွက် ရေချိုးပေးရန် သို့မဟုတ် ရေဖတ်တိုက်ပေးရန် သင့်လျော်သောအချိန်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကျန်းမာခြင်းသုခနှင့် ပြည့်စုံကြပါစေ။**

**"ဆောင်းဥတုသည် ပြင်ပတွင်အေးသဖြင့် ချွေးမထွက်၊ ကိုယ်တွင်းတွင် အပူအောင်း အပူငုပ်သော ရာသီဖြစ်သည်။ အပူငုပ်သောသူသည် ဆီစားမှားလျှင် အပူအထက်ကန်၊ လည်ချောင်းယားပြီး ချောင်းဆိုးရောဂါ ရလာတတ်သည်။ ဝက်ဆီ၊ အမဲဆီများသည် အေးလျှင်ခဲသော အဆီမျိုးဖြစ်သဖြင့် ဆောင်းရာသီနှင့် မသင့်ပေ။ လည်ချောင်းယားရာမှ ချောင်းဆိုးကြသောအခါ လေပြွန်ရောင်၊ အာသီးရောင် ရောဂါများ ဖြစ်လာနိုင်သည်"**

## ကယားပြည်နယ်၌ လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းဆွေးနွေး

**လွိုင်ကော် ဒီဇင်ဘာ ၂၁**

နှစ် ၇၀ ပြည့်လွတ်လပ်ရေးနေ့ အခမ်းအနားကို ကယားပြည်နယ်၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက်က လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူထုအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် ပြည်သူအားလုံး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ပြောကြားခဲ့ပြီး သက်ဆိုင်ရာကော်မတီအသီးသီးက ပူးပေါင်းဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်း လမ်းညွှန်ပေးခဲ့သည်။ ထို့နောက် နှစ် ၇၀ ပြည့်လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အခြေခံပညာအဆင့်နှင့် အဆင့်မြင့်အဆင့် စာစီစာကုံးပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# မန်းရွှေစက်တော်ဘုရားပွဲတော်ကာလအတွက် ကားရပ်နားကွင်း တိုးချဲ့တည်ဆောက်

**မင်းဘူး ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရားပွဲတော်ကာလတွင် လာရောက်မည့်ယာဉ်များအတွက် ယာဉ်စီးရေ ၁၀၀ ကျော်စီ ဆံ့မည့် မော်တော်ယာဉ်ရပ်နားကွင်း နှစ်ကွင်းကို ဇော်ဂျီကုန်းနှင့် သမုန်းကုန်းနေရာများ၌ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

ယခင်က မန်းရွှေစက်တော်ဘုရားအဝင်တွင် ကားကြီးကွင်းနှင့် ကားလေးကွင်းသာရှိခဲ့ပြီး ယာဉ်ပိတ်ဆို့မှုနှင့် ယာဉ်တိုက်မှုအန္တရာယ်များ ကင်းဝေးစေရေးအတွက် ကားလေးကွင်းနှစ်ကွင်းကို တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အသစ်တည်ဆောက်နေသည့် ငဖဲလမ်းဘက်အထွက် ဇော်ဂျီကုန်းကွင်းမှာ မော်တော်ယာဉ်အစီးရေ ၁၀၀ ကျော်ဆံ့မည်ဖြစ်ကာ ငဖဲစောင်းတန်းဘက်မှ သမုန်းကုန်းယာဉ်ရပ်နားကွင်းမှာလည်း ယာဉ်စီးရေ ၁၀၀ ကျော်ဆံ့မည်ဖြစ်ကြောင်း၊ ယာဉ်ရပ်နားကွင်း နှစ်ကွင်းကို တစ်ကွင်းလျှင် ကျပ် ၂၅ သိန်းဝန်းကျင် အကုန်ကျခံ၍ တိုးချဲ့တည်ဆောက်ခြင်းဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောကြားသည်။



**ကားကွင်းသစ်နေရာကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်**

အဆိုပါ ယာဉ်ရပ်နားကွင်း အသစ်နှစ်ခု တည်ဆောက်ခြင်းကြောင့် ယခုနှစ် ဘုရားပွဲတော်ကာလတွင် ကားကြီးကွင်းတစ်ကွင်းနှင့် ကားလေးကွင်းသုံးကွင်း စုစုပေါင်း ကားကွင်း လေးကွင်းရှိလာမည်ဖြစ်ပြီး ကားကွင်းများတွင် ကိုယ်ပိုင်မော်တော်ယာဉ်များကို ညအိပ်ရပ်နားခွင့် တစ်စီးလျှင် ကျပ် ၅၀၀ မှ ၁၀၀၀ အထိ ကောက်ခံ၍ လက်ခံသွားမည်ဖြစ်ကာ ကားကွင်းများတွင် ကိုယ်ပိုင်ကားများကို စိတ်ချစွာ ထားရှိနိုင်အောင် လုံခြုံရေးအစောင့်များ ချထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

**ဖိုးပြည့်(မင်းဘူး)**

# ကျေးရွာအလိုက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေး စည်းရုံးရေးမှူးများလေ့ကျင့်ပေး

**ငပုတော ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်ပေးမှုဖြင့် ကျေးရွာအလိုက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်လျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရှိရသည်။ ဒီဇင်ဘာ ဒုတိယပတ်ကလည်း အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန် ရည်ရွယ်၍ စီမံကိန်းအတွက် စည်းရုံးရေးမှူးများအရည်အချင်းမြှင့်သင်တန်း အမှတ်စဉ် ၂ ကို စတင်သင်ကြားပေးနေပြီဖြစ်သည်။ အဆိုပါသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၈ ရက်တွင် ကျင်းပပြီး အခမ်းအနားသို့ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးကျော်သူမင်းနှင့်စီမံကိန်းအကြံပေးအရာရှိ ဦးမိုးကျော်လှိုင်နှင့် အကြံပေးအဖွဲ့ခေါင်းဆောင် ဦးစိုးဇာနည်မော်တို့က အသက်မွေးဝမ်းကျောင်းစည်းရုံးရေးမှူးများအနေဖြင့် မြို့နယ်အတွင်းရှိ စီမံကိန်းများ အကောင် အထည်ဖော်နေသည့် ကျေးရွာ ၁၆အုပ်စု ကျေးရွာပေါင်း ၆၆ရွာမှ ဒေသခံများအား သင့်လျော်မည့် စီးပွားရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖော်ထုတ်ရေးနှင့် အသေးစားနှင့်အလတ်စား ကျေးလက်စီးပွားရေးလုပ်ငန်းများအတွက် ကနဦးစီမံချက်များရေးဆွဲနိုင်ရေး လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စိုက်ပျိုးရေးသုံးပစ္စည်းများ ရောင်းချပေးနေ

**ကန်ကြီးထောင့် ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ရှမ်းရွာကျေးရွာတွင် သမဝါယမသွင်းအားစုလုပ်ငန်းနှင့် ဓာတ်မြေဩဇာအပါအဝင် စိုက်ပျိုးရေးသုံးပစ္စည်းများအား တောင်သူများ လွယ်ကူစွာအသုံးပြု ဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ အဆိုပါ စိုက်ပျိုးရေးသုံးပစ္စည်းများအား နိုဝင်ဘာ ၂၈ရက်ကတည်းက စတင်ရောင်းချပေးနေပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှကြိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောမူ၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်မြင့်တို့က ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ကျေးလက်နေ ပြည်သူများအတွက် ဈေးနှုန်းသက်သာသည့် စိုက်ပျိုးရေးသုံးပစ္စည်းများအား ရောင်းချပေးနိုင်ခြင်းကြောင့် ဆောင်းသီးနှံအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာနိုင်သည့်အပြင် သမဝါယမအသင်းစုနှင့် အခြေခံ သမဝါယမအသင်းများမှ အသင်းဝင်တောင်သူများအတွက်လည်း အကျိုးကျေးဇူးရရှိစေကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**

# မြစ်သားမြို့၌ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ဒီဇင်ဘာလအတွင်း အခမဲ့ထိုးနှံပေး

**မြစ်သား ဒီဇင်ဘာ ၂၁**

မြစ်သားမြို့မှ ပြည်သူများ မွေးမြူထားသော ခွေးများကို မြစ်သားမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဒီဇင်ဘာ ၁၈ ရက်မှစ၍ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးနေကြောင်း သိရသည်။

မြစ်သားမြို့ရှမ်းပွဲရပ်ကွက်ရှိ မင်းကျောင်းစာသင်တိုက်၌ ဒီဇင်ဘာလ ၁၈ ရက်မှစ၍ ကာကွယ်ဆေးများ အခမဲ့ ထိုးပေးနေပြီး ထိုနေ့က ကာကွယ်ဆေး စတင်ထိုးပေးရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်လတ် ဦးဆောင်သော ဝန်ထမ်းများနှင့် ကျေးလက်အခြေခံကျန်းမာရေး လုပ်သားများက မင်းကျောင်းစာသင်တိုက် ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ခွေးများအား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်အနေနဲ့ ခွေးရူးပြန်ရောဂါကာကွယ်ဆေး အလုံး ၃၀၀ ရရှိပါတယ်၊ ဒါကို စီမံချက်နဲ့ မြို့နယ်အတွင်းမှာရှိတဲ့ ဆေးထိုးစုရပ်တွေမှာ ဒီဇင်ဘာလအတွင်း အပြီးထိုးနှံပေးသွားမှာပါ"ဟု မြို့နယ်အတွင်း ဆေးထိုးပေးသွားမည့်အစီအစဉ်နှင့်ပတ်သက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ရှင်းပြသည်။ **ရဲဝင်းထွန်း(မြစ်သား)**

# ကသာ အကျဉ်းထောင်သို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ကွင်းဆင်းစစ်ဆေး



**ကသာ ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ ကသာအကျဉ်းထောင်သို့ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်စုစုဝင်း၊ ကသာခရိုင်တရားသူကြီး ဦးဟန်သိန်းနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်သည် အကျဉ်းသူ အကျဉ်းသားများနှင့် တွေ့ဆုံပြီး ဥပဒေပါအခွင့်အရေးများ ရရှိမှုအခြေအနေ၊ အစားအသောက်နှင့် သောက်သုံးရေရရှိမှု အခြေအနေ၊ ကြန့်ကြာနေသော စစ်ဆေးဆဲအချုပ်တရားခံများ ရှိ၊ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခံစားနိုင်ခြင်း ရှိ၊ မရှိတို့ကို မေးမြန်းစစ်ဆေးကာ လိုအပ်သည်များကို ထောင်တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် အကျဉ်းထောင်ရှိ အကျဉ်းသူ အကျဉ်းသားများ ရေအခက်အခဲမရှိစေရန်အတွက် ကသာမြို့ရှိ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် ရည်ရွယ်လျက် အသက်မွေးဝမ်းကျောင်း စက်မှုလက်မှုသင်တန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၁၉ ရက်က ပုဏ္ဏားကျွန်းမြို့စက်မှုလက်ပညာသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

အသက်မွေးဝမ်းကျောင်း စက်မှုလက်မှုသင်တန်းများအဖြစ် လက်ကိုင်ဖုန်းပြုပြင်သင်တန်း အမှတ်စဉ် ၃/၂၀၁၇ နှင့် လက်သမား၊ ပန်းရံ၊ သံချည်သံကွေးနှင့် လျှပ်စစ်ဂဟေသင်တန်း အမှတ်စဉ် ၄/၂၀၁၇ တို့ကို ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းများသို့ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေခရိုင်၊ မြောက်ဦးခရိုင်၊ မောင်တောခရိုင်နှင့် ချင်းပြည်နယ် ပလက်ဝဒေသတို့မှ သင်တန်းသားလူငယ် ၆၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

# အသိပညာပေး ပြခန်းမော်တော်ယာဉ်ဖြင့် မူခင်းကျဆင်းရေး ဟောပြော

**ရေး ဒီဇင်ဘာ ၂၁**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ စီစဉ်ညွှန်ကြားမှုဖြင့် မွန်ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူးမျိုးသန့် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ရေးမြို့နယ် လမိုင်းမြို့ မော့ကနင်ကျေးရွာ ရပ်ကွက်(၂)ရှိ အထက်တန်းကျောင်းသို့ ဒီဇင်ဘာလ ဒုတိယပတ်အတွင်းက သွားရောက်ပြီး မူခင်းကျဆင်းရေး ပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။ ပညာပေးပြခန်းယာဉ်မှ ရဲတပ်ဖွဲ့ဝင်များက 'ပြည်သူအတွက် ၂၄ နာရီ' ဗွီဒီယိုဇာတ်ကားနှင့် မူးယစ်ဆေးဝါး အသိပညာပေး ဇာတ်ကားများကို ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား ပြသပြီး ဟောပြောပွဲကို ဆက်လက်ကျင်းပကာ ဒုရဲမှူးမျိုးသန့်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍လည်းကောင်း၊ လမိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဘကြိုင်က မူခင်းကျဆင်းရေး၊ အမှုကြီးများ မဖြစ်ပွားစေရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးတို့နှင့် ပတ်သက်၍လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များလည်း ဝေငှပေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**



နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး လမ်းမပေါ်၌ ဆိုင်ကယ်မောင်းနှင် သွားလာကြသူများ စည်းကမ်းနှင့်အညီ မောင်းနှင်ကြစေရန်အတွက် ရှောင်တခင်စစ်ဆေးမှုများကို ရွှေတွင်းကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သက်ဆွေ၊ နေပြည်တော် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၁၄ ရက်က ဆောင်ရွက်စဉ်။

ဟိန်းထက်ဇော်(မြန်မာ့အလင်း)

# ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ၏ နှစ်ပတ်လည် အစည်းအဝေး ကသာမြို့၌ပြုလုပ်

**ကသာ ဒီဇင်ဘာ ၂၁**

ကသာမြို့နယ် ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီ၏ ၂၀၁၆-၂၀၁၇ နှစ်ပတ်လည် အစည်းအဝေးကို ကသာမြို့၌ ဒီဇင်ဘာလ ၁၉ ရက်က ပြုလုပ်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကသာမြို့နယ်အတွင်းရှိ ကားဂိတ်မှူးများနှင့် မော်တော်ယာဉ်မောင်းသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက အမှာစကားပြောကြားပြီး ကော်မတီဥက္ကဋ္ဌ ဦးငြိမ်းဆောင်က ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီအရင်ခံစာကို ဖတ်ကြားကာ ကော်မတီဘဏ္ဍာရေးမှူး ဦးအောင်လင်းက ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားရှင်းလင်းခဲ့သည်။ ထို့နောက် ကော်မတီမှ မော်တော်ယာဉ်အသင်းများ၊ ကုန်စည်ဂိတ်များသို့ အသင်းဆုကြေးငွေ ငါးရာခိုင်နှုန်း၊ အမှုဆောင်များအား ကော်မတီဆုကြေး ၁၀ ရာခိုင်နှုန်းတို့ကို ချီးမြှင့်ပြီး မင်းလည်အထက်တန်းကျောင်းခွဲသို့ ကျောင်းသုံးစာရေးစားပွဲခုံနှင့် ကုလားထိုင် အစုံ ၅၀ ကိုလည်း ကော်မတီက လှူဒါန်းခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကော်မတီအနေဖြင့် ပညာရေးဌာနသို့ အလှူငွေ ကျပ် ၁၇ သိန်းခွဲ အပါအဝင် အခြားအသင်းအဖွဲ့အစည်းများအတွက် ကျပ် ၅၉၉၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ရပ်ရွာအခြေပြု လူငယ်ပြုစုပျိုးထောင်ရေး သင်တန်းဆင်း

**ထားဝယ် ဒီဇင်ဘာ ၂၁**

လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးအတွက် အထောက်အကူ တစ်ရပ်ဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် ရပ်ရွာအခြေပြု လူငယ်ပြုစုပျိုးထောင်ရေး သင်တန်းဆင်းပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ထားဝယ်အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ဒီဇင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

ရပ်ရွာအတွင်း မူးယစ်ဆေးဝါးသုံးစွဲသူ အသစ်မပေါ်ပေါက်ရေးအတွက် သင့်တော်သည့် မူးယစ်ဆေးအလွဲသုံးမှု ကာကွယ်ရေးနည်းလမ်းများကို ရပ်ရွာလူထု ကိုယ်တိုင်ပါဝင်ဖော်ဆောင်ရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သည့် ဗဟုသုတများကို လူထုတစ်ရပ်လုံး သိရှိစေရန်၊ ရပ်ရွာဒေသအတွင်း မူးယစ်ဆေးဝါးသုံးစွဲသူများအား စည်းရုံးဖော်ထုတ်ပြီး ဆေးဖြတ်ကုသမှု ခံယူနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊ ဆေးစွဲသူများ ပြန်လည်ထူထောင်မှုခံယူနိုင်ရန်နှင့် ပြန်လည်ထူထောင်မှု ခံယူပြီးသူများအား နောက်ဆက်တွဲ စောင့်ရှောက်မှုများ စနစ်တကျ ဆောင်ရွက်ပေးနိုင်ရန်၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးနှင့် ပတ်သက်သော နည်းစနစ်များကို စဉ်ဆက်မပြတ် ဖော်ထုတ်အကောင်အထည်ဖော်သွားခြင်းဖြင့် မူးယစ်ဆေးကင်းစင်သော ရပ်ရွာဒေသအဖြစ် ဆောင်ရွက်သွားရန်ဟူသော ရည်ရွယ်ချက်များဖြင့် သင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှကင်းဝေးအောင် ကာကွယ်ပေးကြရန်၊ ဆေးသုံးစွဲသူများကို ရှာဖွေဖော်ထုတ်ပြီး ဆေးရုံများတွင်မှတ်ပုံတင်၍ ဆေးဖြတ်နိုင်ရေးအတွက် သက်တူရွယ်တူအချင်းချင်း စည်းရုံးပေးကြရန်၊ ဆေးစွဲလူငယ်များအား ဆေးဖြတ်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်ခြင်းလုပ်ငန်းဖြစ်သော လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့လာရေး၊ မူးယစ်လောကသို့ ပြန်လည်မရောက်ရှိစေရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျက သင်တန်းသား ၃၀ ဦးကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို တနင်္သာရီတိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနရုံးက အနီးကပ်ကြီးကြပ်၍ နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၁၉ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရပ်ရွာအခြေပြု လူငယ်များ ပြုစုပျိုးထောင်ပေးခြင်းဖြင့် လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ သားကောင်းရတနာများ ဖြစ်လာစေရန်အတွက် ယာယီစခန်းသွင်း လေ့ကျင့်ပေးခဲ့သည့် သင်တန်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ပုံပြောပြိုင်ပွဲ ကျင်းပ

**ရေဖြူ ဒီဇင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံပညာကျောင်းများနှင့် ပူးပေါင်းကာ နှစ်(၇၀)မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာ ၁၉ ရက်က ရေဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရေဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဖြူဖြူရှိန်က လွတ်လပ်ရေးနေ့အကြောင်းကို ကလေးများအား ဟောပြောကာ ပုံပြောပြိုင်ပွဲကို ဆက်လက်ကျင်းပပေးရာ အခြေခံပညာကျောင်းများမှ ကျောင်းသူ ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရသူများအား ဂုဏ်ပြုဆုများနှင့် ပြိုင်ပွဲဝင်သူတိုင်းအား ကျောင်းသုံးဗလာစာအုပ်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်က ပေးအပ်ချီးမြှင့်ခဲ့သည်။ ကလေးများ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာစေရန်နှင့် စာပေကို စဉ်ဆက်မပြတ်လေ့လာလိုစိတ်ရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လယ်ယာကဏ္ဍဖွံ့ဖြိုးရေး တွေ့ဆုံပွဲကျင်းပရန် ညှိနှိုင်းဆွေးနွေး

**ပုလော ဒီဇင်ဘာ ၂၁**

ပုလောမြို့နယ် တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက်က မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ပြီး မြို့နယ် တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဦးတင့်လွင်က တောင်သူလယ်သမားများ၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံပွဲတစ်ရပ်ကို ကျင်းပနိုင်ရန် ကြိုတင် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်သည့် ရပ်ကွက်၊ ကျေးရွာ အသီးသီးမှ တောင်သူလယ်သမား ကိုယ်စားလှယ်များက စပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ နည်းပညာရရှိနိုင်ရေးနှင့် ဆင့်ပွားသင်တန်းများ ပို့ချနိုင်ရေး၊ စပါးသိုလှောင်ရုံနှင့် အခြောက်ခံစက် ထားရှိနိုင်ရေး၊ လယ်ယာကုန်ထုတ်လမ်းများ ဖောက်လုပ်နိုင်ရေး၊ ကျေးရွာအုပ်စုအလိုက် ရိတ်သိမ်းခြွေလှေ့စက်များ ထားရှိနိုင်ရေး၊ ဆည်မြောင်းတာတမံနှင့် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## အခြေခံ မြန်မာ့သိုင်းပညာ သင်တန်းဆင်းပွဲကျင်းပ

**သာစည် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့တွင် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ မြို့နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ၂၀၁၇ ခုနှစ် အခြေခံမြန်မာ့သိုင်းပညာသင်တန်း ဆင်းပွဲကို ဒီဇင်ဘာ ၁၉ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် သင်တန်းသား သင်တန်းသူများက နိုင်ငံတော်အလံကို အလေးပြုပြီး မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ပညာရှင်ကြီးများအား ဂါရဝပြုကြသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အလုပ်အမှုဆောင် ဦးတင်မောင်ဆွေက ဂုဏ်ပြုစကားပြောကြားကာ မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ နည်းစနစ်မှူး ဦးအောင်ချင်းက အားကစားပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများကိုရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများက မြန်မာ့သိုင်းပညာစွမ်းရည်များကို သရုပ်ပြခဲ့ကြသည်။



အဆိုပါ အခြေခံ မြန်မာ့သိုင်းပညာသင်တန်းကို မြို့နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာန၏ အစီအစဉ်ဖြင့် ဗန်တိုအောင် သိုင်းအဖွဲ့က ကူညီသင်ကြားပြသပေးခြင်းဖြစ်ပြီး မြန်မာ့ရိုးရာသိုင်းပညာများ တိမ်ကောခြင်းမရှိစေရန်နှင့် မျိုးဆက်သစ် ပြန့်ပွားရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကို အောက်တိုဘာ ၁၆ ရက်မှ စတင်၍ ဒီဇင်ဘာ ၁၉ ရက်အထိ သင်တန်းကာလ နှစ်လကျော် ဖွင့်လှစ်ခဲ့ကာ သင်တန်းသား သင်တန်းသူ ၃၇ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရန် ကြီးကြပ်ရေးအဖွဲ့များကို သင်တန်းဖွင့်လှစ်ပေး

**စစ်ကိုင်း ဒီဇင်ဘာ ၂၁**

စစ်ကိုင်းမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် စနစ်တကျ ရွေးချယ်နိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းထားပြီးဖြစ်ကာ အဆိုပါ ကြီးကြပ်ရေးအဖွဲ့များအား အုပ်ချုပ်ရေးမှူးရွေးချယ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသင်တန်းကို ဒီဇင်ဘာ ၁၉ ရက်က စစ်ကိုင်းမြို့တော်ခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်တင်မိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်တို့က အမှာစကားပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။



သင်တန်းတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၉၉ အုပ်စုမှ ကြီးကြပ်ရေးအဖွဲ့များအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းက တတိယအကြိမ်ပြင်ဆင်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးစည်သူငြိမ်းချမ်းက ရပ်ကွက် ကျေးရွာအုပ်စု ဥပဒေများနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးမောင်မောင်လွင်က အိမ်ထောင်စုဇယားများနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဦးက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရေးနှင့်ပတ်သက်၍ ဖြည့်သွင်းရသည့်ပုံစံ ဇယားများအကြောင်းကိုလည်းကောင်း အသေးစိတ် ရှင်းလင်းပို့ချခဲ့ကြပြီး တက်ရောက်လာသော ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ သိရှိလိုသည့် မေးမြန်းမှုများကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**မျိုးဝင်း(စစ်ကိုင်း)**

## အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာ သင်တန်းသုံးခု ဖွင့်လှစ်မည်

**ဘားအံ ဒီဇင်ဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်း(ဘားအံ)မှ အမျိုးသမီးငယ်များအတွက် အိမ်တွင်းမှုသက်မွေးပညာ သုံးမျိုးဖြစ်သော အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် ၄၆ ၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် ၄၃နှင့် ရိုးရာဂျပ်ခုတ်သင်တန်း အမှတ်စဉ် ၁၃ သင်တန်းများဖွင့်ပွဲကို ဒီဇင်ဘာ ၁၉ ရက်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အမှာစကားပြောကြားပြီး ဘားအံမြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်း ကျောင်းအုပ်ဒေါ်သန်းသန်းက သင်တန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်အစိုးရအဖွဲ့မှထောက်ပံ့သော အခြေခံစားသောက်ကုန်များကို ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဦးသန်းနိုင်က သင်တန်းကျောင်းအုပ်ထံ ပေးအပ်သည်။

အဆိုပါသင်တန်းသုံးခုကို တိုင်းရင်းသူအမျိုးသမီးငယ်လေးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်စေရန် ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးခြင်းဖြစ်ကာ အခြေခံအိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ၅၈ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ၁၆ ဦးနှင့် ရိုးရာဂျပ်ခုတ်သင်တန်းတွင် သင်တန်းသူ ငါးဦး တက်ရောက်ကြောင်း၊ သင်တန်းများကို ၂၀၁၈ မတ်လ ၂၃ ရက်အထိ သင်တန်းကာလ ရက်သတ္တ ၁၄ ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံအိမ်တွင်းမှုသင်တန်းတွင် စက်ချုပ်ပညာရပ်များအပြင် လက်ချုပ်ရိုးဖြင့် ပန်းထိုးနည်း၊ တစ်ချောင်းထိုးနည်း၊ နှစ်ချောင်းထိုးနည်း၊ သိုးမွေးထည်ထိုးနည်း၊ အသီးလုံးထိုးနည်း၊ မြန်မာမုန့်လုပ်နည်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ယူနီဖောင်းဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ၊ ရိုးရာအဝတ်အထည်များကို ဂျပန်၊ ယိုးဒယား စင်တီမီတာနည်းများဖြင့် ခေတ်ပေါ်ပုံဆန်းများ ချုပ်လုပ်နည်း၊ သတိုးသမီးဝတ်စုံ (ထိုင်မသိမ်း) ချုပ်နည်းများ၊ မော်တာအပ်ချုပ်စက်ဖြင့် ဝတ်စုံအမျိုးမျိုး ချုပ်လုပ်နည်း၊ ရိုးရာဂျပ်ခုတ်သင်တန်းတွင် ခေါင်းပေါင်း၊ ခြုံပဝါ၊ လွယ်အိတ်၊ ကျား၊ မဝတ်အင်္ကျီ၊ လုံချည်ရက်လုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ပလက်ဝမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**ပလက်ဝ ဒီဇင်ဘာ ၂၁**

ချင်းပြည်နယ် ပလက်ဝမြို့နယ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရ တာဝန်ရှိသူများက ဒီဇင်ဘာ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ စည်ပင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်နှင့် တာဝန်ရှိသူများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများနှင့် ဒေသခံများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ မြို့နယ်အတွင်း လတ်တလော ဖြစ်ပေါ်နေသည့် အခက်အခဲများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကာ ပလက်ဝမြို့နယ်သို့ ကျောက်တော်မြို့နယ်မှ ဆန်အိတ်များ သယ်ယူရောင်းချမှုကို ကန့်သတ်ထားရှိမှုကြောင့် ဒေသခံစားသုံးသူများ ဈေးနှုန်းကြီးစွာဖြင့် ဝယ်ယူစားသုံးနေရမှုနှင့် ပတ်သက်၍ ဒေသခံတစ်ဦး၏ တင်ပြမှုအပေါ် ဆန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပလက်ဝမြို့ မြို့မစည်ပင်သာယာဈေး နှစ်ထပ်အဆောက်အအုံသစ် အုတ်မြစ်ချ၊ ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ သွားရောက်ကာ အုတ်မြစ်ချပေးခဲ့ပြီး ဆက်လက်၍ ကုလားတန် မြစ်ကူးတံတား (ပလက်ဝ) စီမံကိန်းလုပ်ငန်းခွင်သို့လည်း သွားရောက်ကာ တံတားဆောက်လုပ်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
## အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၇
## ၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ရက်
## (၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၁၀ရက်)
## အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ လျှောက်ထားနိုင်ကြောင်းကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀(ခ)အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်ရယူခဲ့ခြင်း မရှိဘဲ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြု မိန့်လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအနေဖြင့် ယင်းအတည်ပြုမိန့်ရရှိသော်လည်း မြန်မာနိုင်ငံရင်းနှီးမြှုပ် နှံမှုဥပဒေပုဒ်မ ၇၅ပါ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို တင်ပြလျှောက်ထားနိုင်မည် မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇၇(ခ)၊ (ဂ)နှင့် (ဃ)ပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားခွင့်ရရှိလိုပါက တင်ပြ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

(ကျော်ဝင်း)
ဥက္ကဋ္ဌ

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
## အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၁၇
## ၁၃၇၉ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ၁၃ရက်
## (၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၁၆ရက်)
## မော်တော်ယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် SKD-2စနစ်ဖြင့် ဆောင်ရွက်ရန်ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းအား Semi Knock-Down(SKD)ဖြင့် ထုတ်လုပ်ရာတွင် အောက်ဖော်ပြပါ အသစ်ပြင်ဆင်သတ်မှတ်ထားသည့် SKD သတ်မှတ်ချက် ပါ မော်တော်ယာဉ် ကုန်ကြမ်းပစ္စည်းအစိတ်အပိုင်း(၁၀)မျိုးဖြင့်သာ တင်သွင်းထုတ်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ကုန်ကြမ်းပစ္စည်းအစိတ်အပိုင်းအမျိုးအမည် |
|---|---|
| (က) | Engine Assembly,Transmission & Clutch System |
| (ခ) | Welded/Painted Body with including Chassis Group( Combination Meters, Interior Trimming Parts, Lamps, Wind Shield and Wire Harness များမတပ်ဆင်ရပါ။) |
| (ဂ) | Front Axles/Front Independent Suspension/Rear Axles |
| (ဃ) | Suspension Component |
| (င) | Steering Wheel and Related Parts |
| (စ) | Exhaust System |
| (ဆ) | Wheels & Tyres |
| (ဇ) | Seat Assembly |
| (ဈ) | Trimming Parts, Dashboard, Instrument Panel, Windshields, Wire Harness and other Accessories |
| (ည) | Door Group (Front and Rear) Without Accessories |

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ခုနှစ်၊ ဇူလိုင် ၁၂ရက်မှစတင်၍ အကျိုးသက်ရောက်မှုရှိစေရမည်။

(ကျော်ဝင်း)
ဥက္ကဋ္ဌ

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
## အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၇
## ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
## (၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)
## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သစ်အခြေခံစက်မှုလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးခြင်းအား ယာယီရပ်ဆိုင်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံသဘာဝသစ်တောများမှ ထွက်ရှိသည့် သစ်ကုန်ကြမ်းများအား အသုံးပြု၍ ထုတ်လုပ်ဆောင်ရွက်မည့် သစ်အခြေခံ စက်မှုလုပ်ငန်းအသစ်များ ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် အတည်ပြုမိန့်ထုတ်ပေးခြင်းတို့အား ယာယီရပ်ဆိုင်းလိုက်သည်။

(ကျော်ဝင်း)
ဥက္ကဋ္ဌ

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
## အမိန့်ကြော်ငြာစာအမှတ် ၈၇/၂၀၁၇
## ၁၃၇၉ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
## (၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)
## ပြည်ပသို့ရာခိုင်နှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀၀(ခ)အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံသူများက ပြည်တွင်း၌ ထုတ်လုပ်ပြီး ထွက်ရှိလာသော ကုန်ချောပစ္စည်းများနှင့် တစ်စိတ်တစ်ပိုင်း ကုန်ချောထုတ်ကုန်များအားလုံး ပြည်တွင်းဈေးကွက်သို့ ရောင်းချခြင်းမပြုဘဲ ပို့ကုန်ထုတ်လုပ်ရန်အတွက် ပြည်ပသို့ ရာခိုင်နှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထံ ရောင်းချပါက ယင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ပြည်ပသို့ ရာခိုင်နှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် သတ်မှတ်လိုက်သည်။

၂။ အဆိုပါ ပြည်ပသို့ရာခိုင်နှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇၇(ခ)နှင့်အညီ အကောက်ခွန်ကင်းလွတ် သို့မဟုတ် သက်သာခွင့် လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(ကျော်ဝင်း)
ဥက္ကဋ္ဌ

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
## ကြေညာချက်
## ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်
## မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ(R.S.E)လက်မှတ်၊အရည်အချင်းစစ်ရေးဖြေစာမေးပွဲ၊အပိုင်း(၂) စာမေးပွဲလျှောက်လွှာများခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီက မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ (R.S.E) လက်မှတ်၊ အရည်အချင်းစစ်ရေးဖြေစာမေးပွဲ၊ အပိုင်း (၂)အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်–

စာမေးပွဲကျင်းပမည့်နေ့ရက် – ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက် (တနင်္ဂနွေနေ့)
စာမေးပွဲကျင်းပမည့်အချိန် – နံနက်ပိုင်းမေးခွန်း (နံနက် ၀၉း၃၀ နာရီမှ ၁၁း၃၀ နာရီအထိ)
နေ့လည်ပိုင်းမေးခွန်း(နေ့လည် ၁၃း၃၀ နာရီမှ ၁၅း၃၀ နာရီအထိ)

၂။ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ (R.S.E) လက်မှတ်၊ အရည်အချင်းစစ်ရေးဖြေစာမေးပွဲ၊ အပိုင်း(၁) အောင်မြင်ပြီးသူများသည် အပိုင်း(၂)အတွက် စာမေးပွဲဝင်ခွင့်ကြေးကို KBZ Bank (စိန့်ဂျွန်းဘဏ်ခွဲ) ငွေစာရင်း အမှတ် 235-304-23500040001 သို့ပေးသွင်း၍ ဖြေဆိုခွင့်လျှောက်လွှာနှင့်အတူ စာမေးပွဲကြေးငွေသွင်းချလံမိတ္တူ (၂) စောင်၊ ဘွဲ့လက်မှတ်မိတ္တူ (၁)စောင်၊ မှတ်ပုံတင်မိတ္တူ (၁)စောင်၊ ဓါတ်ပုံ (၂)ပုံ၊ R.S.E စာရင်းသွင်းငွေသွင်းချလံမိတ္တူ (၁)စောင်နှင့်အတူ ပူးတွဲတင်ပြလျက် ၁၉–၁၂–၂၀၁၇ ရက်နေ့မှစတင်၍ လျှောက်ထားနိုင်ပါသည်။

၃။ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ (R.S.E) လက်မှတ်၊ အရည်အချင်းစစ်ရေးဖြေစာမေးပွဲ၊ အပိုင်း(၂)အတွက် ယခင်ကျင်းပပေးခဲ့သော စာစစ်ဌာနများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ မြစ်ကြီးနားနှင့် စက်ဘူတို့အား စာစစ်ဌာနများအဖြစ် သတ်မှတ်ထားပါသည်။ ဖြေဆိုသူ (၅၀)ဦးအောက် လျော့နည်းသော စာစစ်ဌာနများအား စာစစ်ဌာနသတ်မှတ်ချက်ကို ပယ်ဖျက်မည်ဖြစ်ပါသည်။ ပယ်ဖျက်သည့် စာစစ်ဌာနများတွင် ပထမဦးစားပေးအဖြစ် ဖြေဆိုရန်လျှောက်ထားသူများရှိခဲ့ပါက ကျန်ဦးစားပေးလျှောက်ထားသည့် စာစစ်ဌာန အစီအစဉ်အတိုင်း ဖြေဆိုရန်သတ်မှတ်ပေးမည်ဖြစ်ပါသည်။
(မှတ်ချက်။ ဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင်ထည့်သွင်းဖော်ပြရန်
စာမေးပွဲလျှောက်လွှာပုံစံများကို www.myanmarengc.org Website တွင် Download ရယူနိုင်ပါသည်။)

၄။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့်စာရွက်စာတမ်းများအပြည့်အစုံကို (၃၁–၁–၂၀၁၈) ရက်နေ့မတိုင်မီ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးချုပ်၊ အမှတ် (၅–က)၊ ခရေပင်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ (သို့မဟုတ်) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံးခွဲများတွင် လျှောက်ထားရပါမည်။

၅။ သတ်မှတ်ချက်မပြည့်စုံသောလျှောက်လွှာများ၊ အချက်အလက်မှန်ကန်မှုမရှိသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများအား စာမေးပွဲဖြေဆိုခွင့် ပြုမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး
အမှတ်(၅–က)၊ ခရေပင်လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
Phone : 01-703275, 09-767377583
Website : www.myanmarengc.org
E-mail : headquarters@myanmarengc.org


✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျိနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး
ကြော်ငြာခွင့်ပြုချက်အမှတ် တအဆက(စာနယ်ဇင်း) ၀၁၇/၀၃၁၅
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၅၊ ၃၉၂၂၉၄

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763


**အမည်မှန်**
မော်လမြိုင်ကျွန်းမြို့နယ်၊ ဖျာလိပ်ကျေးရွာနေ ဦးသန်းနိုင်၏သမီး အမည်မှန်မှာ မနှင်းသန္တာမွန် ၁၄/လပတ(နိုင်)၁၉၇၂၆၉ ဖြစ်ပါကြောင်း။
မနှင်းသန္တာမွန်


ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph:09-512-1284, 09-420-707802,09-250-066210


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၆ယ/၂၉၆၅၀ ယာဉ်လက်ဝယ်ရှိသူ ဦးဌေးလှိုင် ၁၄/လပတ(နိုင်) ၀၃၅၆၁၅၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မအူပင်)
(မအူပင်မြို့)

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၉)၊ လူနေရပ်ကွက်အမှတ်-ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ် ၁၅၇၊ ဧရိယာခန့်မှန်းခြေ ၂ဒသမ၁၀၀ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဦး ၁၂/လမတ(နိုင်)၀၁၁၁၈၀ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ၁၄ရက်အတွင်း ခိုင်မာသည့်အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သန်း တရားလွှတ်တော်ရှေ့နေ
ဒေါ်ချိုချိုခိုင် တရားလွှတ်တော်ရှေ့နေ
အမှတ်-၉/၁၁၊ အခန်း(၃၀၁)၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၄၈၀၂၂၉၀၀၊ ၀၉-၄၄၃၁၅၁၂၈၅၊ ၀၉-၄၃၀၈၇၈၃၁

**Benchmade Asia Myanmar Co.,Ltd. မှ ဝအလယ်ကျွန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် သဘာဝအခြေခံအပန်းဖြေစခန်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ(EIA)အတွက် ကြေညာချက်**

Benchmade Asia Myanmar Co.,Ltd. မှ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ဝအလယ်ကျွန်းတွင် သဘာဝအခြေခံ အပန်းဖြေစခန်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ထုတ်ပြန်ထားရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ Benchmade Asia Myanmar Co.,Ltd.၏ အဆိုပြုစီမံကိန်းအတွက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)ကို ဆောင်ရွက်ရန်အတွက် တတိယအဖွဲ့အစည်းဖြစ်သည့် E Guard Environmental Servicesမှ ကိုယ်စားဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာအပြီးသတ် (မူကြမ်း)အား အောက်ဖော်ပြပါနေရာများတွင် လေ့လာဖတ်ရှုနိုင်ပြီး သုံးသပ်အကြံပြုချက်များ ပေးပို့နိုင်ကြောင်း ကြေညာအပ်ပါသည်။

- Benchmade Asia Myanmar Co.,Ltd.၏ရုံးချုပ်(ရန်ကုန်)
- ဝက်ဘ်ဆိုက်/အီးမေးလ် - http://waaleresort.com/about/
- ခရိုင်အုပ်ချုပ်ရေးဦးစီးဌာန၊ ကော့သောင်းခရိုင်၊
- တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒနယ်မြေအမှတ်(၁)၊ ဘုတ်ပြင်းမြို့နယ်၊
- ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းခရိုင်၊
- သားငှက်နှင့် သဘာဝပတ်ဝန်းကျင်ဦးစီးဌာန၊ လန်ပိအမျိုးသား အဏ္ဏဝါဥယျာဉ်၊
- ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ စူငယ်ဘာလိုင်းကျေးရွာအုပ်စု၊
- ကျေးရွာအုပ်ချုပ်ရေးမှူး၊ မကြံုဂလက်ကျေးရွာ၊
- ကျေးရွာခေါင်းဆောင်၊ စစ်တပ်ဂလက်ကျေးရွာ၊
- E Guard ၏ ရန်ကုန်ရုံးအမှတ်(၁၁)၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ကုန်မြို့။

အကြံပြုချက်ပုံစံများအား အထက်ဖော်ပြပါနေရာများတွင် ရယူနိုင်ပြီး ယခုကြေညာပြီး ၁၄ရက်အတွင်း နောက်ဆုံးထား၍ အကြံပြုချက်များကို အထက်ပါနေရာများသို့ ပေးပို့နိုင်ပါသည်။

**Benchmade Asia Myanmar Co.,Ltd.**

# မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဖြစ်မြောက်ရေးကော်မတီ

## အမှတ်(၃၂)၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

## မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဝင်အဖြစ် အငြိမ်းစားသူနာပြု၊ သားဖွား၊ သူနာပြုသားဖွားများ ရွေးချယ်တင်မြှောက်ခံရန်အတွက်

# ကြော်ငြာခြင်း

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီဥပဒေအရ ကောင်စီဝင်အသစ်များ ပြန်လည်ရွေးချယ်ဖွဲ့စည်းနိုင်ရန်အတွက် အငြိမ်းစားသူနာပြု၊ သားဖွား၊ သူနာပြုသားဖွားများအား ပဏာမကောင်စီဝင်များ ရွေးချယ်လျာထားရန်ရှိပါသဖြင့် အောက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

(က) **ကောင်စီဝင်အရည်အချင်းများ**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

၂။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ လုပ်ငန်းတာဝန်များကို အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၄။ သူနာပြုသားဖွားလိုင်စင်ကို လက်ဝယ်ကိုင်ဆောင်ထားသူဖြစ်ပြီး လက်ရှိလိုင်စင်သက်တမ်းတိုးမြှင့်ထားသူဖြစ်ရမည်။

၅။ သူနာပြုသားဖွားကျင့်ဝတ်သိက္ခာကို ဖောက်ဖျက်ခဲ့ခြင်းမရှိသူဖြစ်ရမည်။

၆။ ပြစ်ဒဏ်တစ်မျိုးမျိုးဖြင့် ထောင်ဒဏ်ကျခံခဲ့ရခြင်းမရှိသူဖြစ်ရမည်။

၇။ သူနာပြုသားဖွားလုပ်ငန်းတွင် အနည်းဆုံးငါးနှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည်။

(ခ) **ပေးပို့ရမည့်ပုံစံ**

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ**

**အငြိမ်းစားသူနာပြုနှင့်သားဖွားကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံရန်**

**ဆန္ဒပြုလွှာ**

**[လုပ်ထုံးလုပ်နည်းအပိုဒ် ၈(ဂ)]**

ဓာတ်ပုံ

သို့

ဥက္ကဋ္ဌ

အငြိမ်းစားကိုယ်စားလှယ်ရွေးချယ်ရေးအဖွဲ့

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ

ရန်ကုန်မြို့။

ရက်စွဲ၊.........................

အကြောင်းအရာ။ ။ **ဆန္ဒပြုလျှောက်ထားခြင်း။**

၁။ ကျွန်တော်/ကျွန်မ ...................... သည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဝင်ရွေးချယ်တင်မြှောက်ပွဲတွင် ကောင်စီဝင်အဖြစ် ဝင်ရောက်ရွေးချယ်လိုပါသဖြင့် လိုအပ်သောအချက်အလက်များကို ဖော်ပြ၍ မိမိ၏ဆန္ဒအရ လျှောက်ထားအပ်ပါသည်။

(က) အမည်(မြန်မာ၊ အင်္ဂလိပ်)၊ ..........................................

(ခ) (ဘ) အမည် (မြန်မာ၊ အင်္ဂလိပ်)၊ ..........................................

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ..........................................

(ဃ) အသက်နှင့်မွေးသက္ကရာဇ် ..........................................

(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ..........................................

(စ) ပညာအရည်အချင်း ..........................................

(ဆ) အသက်မွေးဝမ်းကျောင်းပညာ (သူနာပြု/သားဖွား/သူနာပြုသားဖွား)/လုပ်သက် .........
..........................................

(ဇ) သူနာပြု၊ သားဖွား၊ သူနာပြုသားဖွားမှတ်ပုံတင်အမှတ် ..........................................

(ဈ) သူနာပြု၊ သားဖွား၊ သူနာပြုသားဖွားလိုင်စင်အမှတ် ..........................................

(ည) လိုင်စင်သက်တမ်းနှင့်လိုင်စင်သက်တမ်းကုန်ဆုံးမည့်ရက်စွဲ ..........................................

(ဋ) နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့သည့်ရာထူး၊ ဌာနအဖွဲ့အစည်း ..........................................
..........................................

(ဌ) လုပ်သက်စုစုပေါင်း ..........................................

(ဍ) သူနာပြုနှင့် သားဖွားဆိုင်ရာ အခြားအဖွဲ့အစည်းများတွင် (ပြည်တွင်း/ပြည်ပ) ယခင်က တာဝန်ထမ်းဆောင်ခဲ့ဖူးခြင်းရှိ/မရှိ၊ ရှိလျှင် အဖွဲ့အစည်းအမည်၊ တာဝန်၊ ထမ်းဆောင်ခဲ့သည့် ခုနှစ်များဖော်ပြရန် ..........................................
..........................................
..........................................

(ဎ) အမြဲတမ်းနေရပ်လိပ်စာနှင့်ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ် ..........................................
..........................................

၂။ ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေပုဒ်မ-၇၊ ပုဒ်မခွဲ(ခ)ပါ အရည်အချင်းများနှင့် ညီညွတ်ပြည့်စုံကြောင်း ဝန်ခံကတိပြုပါသည်။

၃။ ဤလျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကိုပူးတွဲ၍ တင်ပြအပ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(ခ) သူနာပြု/သားဖွား/သူနာပြုသားဖွားလိုင်စင်အိတ်ဆောင်စာအုပ်မိတ္တူ

(ဂ) (၃-လ)အတွင်း ရိုက်ကူးထားသည့်လိုင်စင်ဓာတ်ပုံ(၃)ပုံ (၂×၂လက်မ) (နောက်ခံအဖြူရောင်)

လက်မှတ် ..............................

လျှောက်ထားသူအမည် ..............................

(ဂ) **နောက်ဆုံးပေးပို့ရမည့်ရက်စွဲ**- ၂၈-၂-၂၀၁၈ ရက်

(ဃ) **ပေးပို့ရမည့်လိပ်စာ**

အငြိမ်းစားကိုယ်စားလှယ်ရွေးချယ်ရေးအဖွဲ့

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ

အမှတ် ၃၂၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဖြစ်မြောက်ရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် A.G.T.I ဒီပလိုမာ အောင်လက်မှတ်ပေးအပ်မည့် အခမ်းအနားအတွက်

# ကြေညာချက်

၁။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အကြိုလေ့ကျင့်ခြင်း** - ၃-၂-၂၀၁၈ရက်(စနေနေ့) နံနက်၉း၀၀နာရီ

**အခမ်းအနားကျင်းပခြင်း** - ၄-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ

၂။ A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့်အခမ်းအနားသို့အောက်ဖော်ပြပါ စာမေးပွဲအောင်မြင်သူများတက်ရောက်ယူနိုင်သည်-

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ရေနံချောင်း၊ ချောက်၊ သရက်၊ ဝါးခယ်မ၊ ပူတာအို၊ ခန္တီး၊ ဟားခါး၊ ဂန့်ဂေါ၊ သံတွဲ၊ ကန့်ဘလူ၊မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ)တို့တွင် ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော A.G.T.I(တတိယနှစ်) စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ အခမ်းအနားကြေးအားအောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) တက်ရောက် -၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

(ခ) အဝေးရောက် -၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

၄။ အခမ်းအနားအတွက် (၆)လအတွင်းရိုက်ကူးထားသော(တစ်လက်မခွဲ× နှစ်လက်မ) အရွယ်ဓာတ်ပုံနှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ လျှောက်လွှာပုံစံများကို ၂၆-၁၂-၂၀၁၇ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများမှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၅-၁-၂၀၁၈ ရက်နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ အခမ်းအနားသို့တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် အခမ်းအနားကျင်းပခြင်းတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။

၇။ အခမ်းအနားသို့တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ယူမည်ကို တိကျစွာ ဖော်ပြရမည်။

မှတ်ချက်။ ။အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | တင်ဒါပိတ်မည့်ရက် |
|---|---|---|---|
| ၁ | 29(T)/YESC/17-18 | Transformer Oil (100) Drums<br>Silica Gel (2000) kgs | 5.1.2018 |
| ၂ | 30(T)/YESC/17-18 | မြေအောက်ဓာတ်ကြိုးဌာနခွဲမှထိန်းသိမ်းပြင်လုပ်ငန်းများဆောင်ရွက်ရာတွင်လိုအပ်သောပစ္စည်းများ | 5.1.2018 |

ပစ္စည်းလက်ဝယ်ရှိသူကို ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၂၂.၁၂.၂၀၁၇)

တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊**

**ပစ္စည်းစီမံရေးဌာန၊**

**ရန်ကုန်မြို့ ၊ ဖုန်း၊ ၀၁-၂၂၀၈၁၆၊၀၁-၂၂၀၈၅၉**

---

# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးဌာနများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်းလုပ်ငန်းအတွက် လိုအပ်သောကတ္တရာ ၂၀၄ ဒသမ ၈ တန်အား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ၍ တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၂၂-၁၂-၂၀၁၇ ရက် ၀၉း၃၀ နာရီ

(ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၂-၁-၂၀၁၈ ရက် ၁၆း၀၀ နာရီ

(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၃-၁-၂၀၁၈ ရက် ၁၆း၀၀ နာရီ

(ဃ) **တင်ဒါ/တင်သွင်းစိစစ် ရွေးချယ်မည့်နေရာ** - ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီ၊ တောင်ကြီးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၂၃၉၁၅ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

**ဖခင်အမည်မှန်**

လားရှိုးမြို့၊ အလက(၇)၊ ဆဋ္ဌမတန်း(က)မှ မခင်နှင်းအေး၏ ဖခင်အမည်မှန်မှာ ဦးကော်ချင်း(ခ)ဦးရီယိုမြင့် ၁၃/လရန(နိုင်) ၁၁၇၄၄၅ ဖြစ်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး

## (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

(၁) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၏ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အစမ်းလေ့ကျင့်ခြင်း ၂၀-၂-၂၀၁၈ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၀၀ နာရီ**

**ဘွဲ့နှင်းသဘင် ၂၁-၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၀ နာရီ**

(၂) (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေး၏ အောက်ပါစာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

(က) ၂၀၁၇ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ။

(ခ) ၂၀၁၇ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလများတွင် ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ်သင်တန်းဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ။

အထက်ဖော်ပြပါကာလများမတိုင်မီ ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။

(၃) ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

တက်ရောက်ဘွဲ့ - ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

အဝေးရောက်ဘွဲ့ - ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေး ကျောင်းသားရေးရာ၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနမှ ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ် (၁½လက်မ×၂လက်မ) ဓာတ်ပုံလေးပုံ [အမျိုးသားများသည် လည်ကတုံးရှပ်နှင့် တိုက်ပုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးလက်ရှည်အင်္ကျီ (ပြောင်)ဖြင့် ဓာတ်ပုံဖြစ်ရမည်] ပူးတွဲလျက် ၂-၁-၂၀၁၈ ရက်မှ ၂၆-၁-၂၀၁၈ ရက်အထိ တင်သွင်းကြရမည်။

(၄) ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ (လည်ကတုံးရှပ်နှင့် တိုက်ပုံ/အနောက်တိုင်းဝတ်စုံ/တိုင်းရင်းသားဝတ်စုံ) အမျိုးသမီးများသည် မြန်မာဝတ်စုံ (လုံချည်/အင်္ကျီ/တိုင်းရင်းသားဝတ်စုံ)ဝတ်ဆင်ရမည်။

သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများ အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

**နေလင်းမောင်**

**မော်ကွန်းထိန်း**

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော (Android Tablet) များ အမြန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄) နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၁၂-၂၀၁၇ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၁-၂၀၁၈ ရက် မွန်းလွဲ ၂း၀၀ နာရီ

**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၄၀၄၀၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်မြို့နယ်များမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ပြင်/ထိန်း) တိုင်းဒေသကြီး(ဖြည့်စွက်)ရန်ပုံငွေများဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ဝယ်ယူနိုင်သည့်ရက်** - ၂၂-၁၂-၂၀၁၇ရက်မှ ၂၂-၁-၂၀၁၈ ရက် မွန်းတည့် ၁၂း၀၀ နာရီထိ

(ခ) **တင်ဒါစိစစ်ရွေးချယ်မည့် ရက်နှင့် အချိန်** - ၂၃-၁-၂၀၁၈ရက် မွန်းလွဲ ၁း၀၀နာရီ

(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ရန်ကုန်တောင်ပိုင်း ခရိုင်၊ သန်လျင်မြို့၊ ဖုန်း-၀၅၆-၂၁၀၅၆

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့တွင် ၂၂-၁၂-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ၊ ရန်ကုန်တောင်ပိုင်းခရိုင်**

---

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/8949 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/9403 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေပေါက်ကံ(၁၅)၊ မြေကွက်အမှတ်(၇၅၄)ကို မူလအမည်ပေါက် ဒေါ်စန်းရီကိုယ်စား ဦးရဲမြင့်အောင်မှ မြေပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် မြေချပါမစ် (အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း)ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **မြေယာရုံးခွဲ(၅)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## HALPIN ကျူရှင်အနှစ်(၂၀)ပြည့်နှင့် ဆရာကန်တော့ပွဲ

HALPIN ကျူရှင်အနှစ်(၂၀)ပြည့်နှစ်ပတ်လည်ပွဲနှင့် ဆရာကန်တော့ပွဲကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၂၅)ရက်နေ့၊ ညနေ(၆း၀၀)နာရီမှ (၉း၀၀)နာရီအတွင်းတွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်အတွင်းရှိ Western Park Royal တွင် ကျင်းပမည် ဖြစ်ပါသောကြောင့် (၁၉၉၇)ခုနှစ်မှ (၂၀၁၇)ခုနှစ်အထိ HALPIN ကျူရှင်တွင် တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်နိုင်ကြပါရန် ချစ်ခင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ဆရာကန်တော့ပွဲအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက - ဆရာဦးစိုးညွန့်၊ ဦးသိန်းထွန်း+ဒေါ်ခင်ဌေးမြင့် HALPIN ကျူရှင်အမှတ်(၆၁)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်(ဖုန်း-၀၉-၈၅၉၂၀၃၂၊ ၀၉-၄၃၂၀၅၆၁၃၊ ၀၉-၂၅၂၀၃၄၀၀၁)သို့ဖြစ်စေ၊ KBZ Bank Account ဒေါ်ချမ်းမြေ့လင်း၊ ဦးမောင်မောင်သန့်၊ ဦးပေါ်မင်းသိမ်း (239 102 999 2222 1201)သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

HALPIN ကျူရှင်အနှစ်(၂၀)ပြည့်နှင့်ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ

# အလုပ်အမှုဆောင် အဆိုပြုလွှာများပေးပို့ရန် အကြောင်းကြားခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ (ပဉ္စမ)သက်တမ်း (၂၀၁၈ မှ ၂၀၂၀)အတွက် အလုပ်အမှုဆောင်ရွေးချယ်ပွဲအား ၂၀၁၈ ခုနှစ် ဇန်နဝါရီလ တတိယပတ်တွင် နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အလုပ်အမှုဆောင်အဖြစ် ဝင်ရောက်အရွေးခံလိုသောပုဂ္ဂိုလ်များသည် လျှောက်လွှာနှင့်အတူ သက်တမ်းရှိသော အသင်းဝင်ကတ်မိတ္တူနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လိုင်စင်မိတ္တူများကို ပူးတွဲ၍ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ရန်ကုန်(ကမ္ဘာအေး)၊ မန္တလေး၊ နေပြည်တော် ရုံးများသို့ ၁၀-၁-၂၀၁၈ ရက်အရောက် လျှောက်ထားပေးပို့ကြပါရန် အကြောင်းကြားပါသည်။

(လျှောက်လွှာပုံစံများကို အဆိုပါရုံးများတွင် ရယူနိုင်ပါသည်။)

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO) နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ၏နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များ ကြွရောက်ချီးမြှင့်နိုင်ပါရန် ကြိုတင်အသိပေးဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၃၀. ၁၂. ၂၀၁၇ (စနေနေ့) |
| အချိန် | - | နေ့လည် (၁) နာရီ မှ (၃) နာရီထိ |
| နေရာ | - | ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ပထမထပ်(မင်္ဂလာခန်းမ)၊ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ |

၂။ အစည်းအဝေးဖိတ်စာ၊လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံတင်ပြစာများကို အစုရှယ်ယာရှင်များထံ ပေးပို့သွားမည်ဖြစ်ပါသည်။ MAPCO ၏ website ဖြစ်သော www.mapco.com.mm တွင်လည်း ရယူကြည့်ရှုနိုင်ပါသည်။

၃။ အစည်းအဝေးသို့ အစုရှယ်ယာပိုင်ရှင်ကိုယ်တိုင် တက်ရောက်ရာတွင် ဖိတ်စာနှင့်အတူ ပေးပို့မည့် စိစစ်ရေးကဒ်ပြားယူဆောင်လာ၍ဖြစ်စေ ကိုယ်တိုင်မတက်ရောက်နိုင်ပါက စိစစ်ရေးကဒ်ပြားကို ဖြည့်စွက် လက်မှတ်ရေးထိုးပြီး ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ တက်ရောက်နိုင်ပါသည်။ အစည်းအဝေးဖိတ်စာ နှင့်အတူ စိစစ်ရေးကဒ်ပြားကို တစ်ပါတည်း ပူးတွဲပေးပို့လျက် ရှိပါသည်။

၄။ အစည်းအဝေးတွင်မေးမြန်းအကြံပြုတင်ပြလိုပါက (၂၈. ၁၂. ၂၀၁၇)ရက်နေ့ မွန်းလွဲ (၃)နာရီ နောက်ဆုံးထားပြီး MAPCO ရုံးချုပ် (သို့) admin@mapco-ygn.com.mm သို့စာဖြင့်ပေးပို့ မေးမြန်းနိုင်ပါသည်။

၅။ အထက်ပါအစည်းအဝေးနှင့် ပတ်သက်၍ သိရှိလိုသည်များကို မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းတည်ရှိရာ အမှတ်(၁၀၀)ဝါးတန်းလမ်းနှင့် ကမ်းနားလမ်း၊ ကွန်ကရစ် အမြန်လမ်းမကြီးဘေး၊ ဝါးတန်းဆိပ်ကမ်း၊ ဝါးတန်းဆိပ်ကမ်းနယ်မြေ၊ ရန်ကုန် (ဖုန်း- ၀၁-၂၃၀၁၆၅၂ ~ ၅၃၊ ၀၁-၂၃၀၁၈၂၆၊ ၀၉-၄၂၁၁၃၅၀၂၂) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နေရာထိုင်ခင်းအဆင်ပြေစွာ ကြိုတင်စီစဉ်နိုင်ရန်အတွက် တက်ရောက်ကြမည့်ရှယ်ယာရှင်/ကိုယ်စားလှယ်များအနေဖြင့် ကြိုတင်စာရင်းပေးခြင်းကို (၂၉. ၁၂. ၂၀၁၇) မွန်းလွဲ (၃း၀၀)နာရီအထိ နောက်ဆုံးထား၍ အကြောင်းပြန်ကြားပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## စမ်းချောင်း(အထက-၁)၊ အာစရိယပူဇော်ပွဲ

၁၉၆၅-၈၀

အထက(၁)စမ်းချောင်း၌ (၁၉၆၅ခုနှစ်မှ ၁၉၈၀ခုနှစ်)ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပါမည်။

၁၉၆၅ခုနှစ်မတိုင်မီ ကျောင်းသားဟောင်းများလည်း မိမိတို့မီခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား လာရောက်ပူဇော်နိုင်ကြပါသည်။ အလှူငွေများကို ဆရာ ဦးသိန်းမြင့် ဖုန်း-၀၁-၂၄၃၇၄၈၊ ဦးလှအောင်ရွှေ ဖုန်း-၀၉-၅၀၀၂၇၇၁၊ ဦးသက်ဦး ဖုန်း-၀၉-၇၃၂၀၃၈၄၂၊ ဦးစိုးနိုင် ဖုန်း-၀၉-၇၃၂၀၆၀၀၂၊ ဦးခင်မောင်ကျော်ဒင် ဖုန်း-၀၆၇-၃၆၁၂၄၊ ဒေါ်မြင့်မြင့်စိန်(စည်ပင်) ဖုန်း-၀၉-၅၁၁၈၅၆၉ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**အမှုဆောင်အဖွဲ့**

## မြှတ်ဆရာပူဇော်ကန်တော့ပွဲနှိုးဆော်လွှာ

GTC(HMAWBI) ELECTRONICS MAJOR ကို ၁၉၉၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း စတင်တက်ရောက်ခဲ့ကြသော (ညနေပိုင်းအတန်းအပါအဝင်) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၀ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြှတ်ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအတွက် အောက်ဖော်ပြပါ ကော်မတီဝင်များထံသို့ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ကိုကြည်လွင် ဖုန်း-၀၉-၇၉၉၆၀၃၀၆၉၊ ကိုဇော်ဝေလွင် ဖုန်း-၀၉-၄၃၁၅၃၂၉၁ (ညနေပိုင်းအတန်း)၊ ကိုမျိုးမင်းအောင် ဖုန်း-၀၉-၄၃၁၈၀၁၃၃ (ညနေပိုင်းအတန်း)၊ မစုမွန်လတ် ဖုန်း-၀၉-၅၀၇၇၁၉၉၊ ၀၉-၅၄၀၀၉၁၊ မစုစုမွန် ဖုန်း-၀၉-၄၅၀၀၆၅၃၉၈၊ မမြတ်ဖြူသဲ ဖုန်း-၉၇၈၆၂၇၇၉၊ 153-89543-0 POSB Saving (စင်ကာပူ)၊ မမေဖူးပွင့်ဝေ ဖုန်း-၀၉-၇၉၉၉၆၃၁၆၀၊ ကိုသူရိန်သက်ပိုင်ဦး ဖုန်း-၀၉-၇၉၉၂၈၈၈၄၊ မခိုင်အိဖြူ ဖုန်း-၀၉-၄၀၁၆၀၁၃၁၇၊ မဇင်မာမျိုး ဖုန်း-၀၉-၄၄၄၉၇၇၇၉၈၊ မမျိုးဇာခြည်ဦး ဖုန်း-၉၁၄၄၄၃၆၃၊ 245-23423-6 POSB Saving, 393-374-443-2 UOB (စင်ကာပူ)

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးထွန်းထွန်းဝင်း ၁၀/ကထန(နိုင်)၀၇၉၈၈၅၏ (Passport-No)မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

## ဦးရာလှူ ရောင်းမည်

ပထမထပ်တိုက်ခန်း သိန်း ၄၀၀
ဒုတိယထပ်တိုက်ခန်း သိန်း ၃၅၀
၁၈ပေ×၅၄ပေ
ကျွန်းပါကေးခင်းပြီး
နဝရတ်လမ်းကျယ် ကမာကြည်တံတားအနီး
သာကေတ
**ဖုန်း- ၀၉-၇၇၂၄၃၃၂၃၅၊ ၄၂၀၁၈၈၈၄၉**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/6831 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/9662 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၅၂၂၈၂ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလှိုင်ဦး ၃/ဘသဆ(နိုင်)၀၀၅၈၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၂၀၀၄၅ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးချမ်းဇော် ၉/အမဇ(နိုင်)၀၄၁၇၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသွားဧည့်သည် အများအပြားလာရောက်ရန် ခရီးစဉ်သစ်များဖော်ထုတ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ၂/၂၀၁၇ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ခရီးသွားလုပ်ငန်းတစ်ခု စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ ခိုင်မြဲရန်အတွက် စနစ်တကျ အစီအမံများ ချမှတ်ပြီး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အခြားသောအိမ်နီးချင်း နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ခရီးသွားအရင်းအမြစ်များ ပေါများကြွယ်ဝသည်

*စာမျက်နှာ ၄ ကော်လံ ၁* ✻




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ၂/၂၀၁၇ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ပြန်လည်လက်ခံရေးစခန်းများ ပြီးစီးမှုနှင့် ကျေးရွာများ တည်ဆောက်နေမှု ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ကြည့်ရှု



**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုတို့သည် ရခိုင်ပြည်နယ် မောင်တောဒေသတွင် ပြန်လည်လက်ခံရေး စခန်းများနှင့် ကျေးရွာများ စနစ်တကျတည်ဆောက်နေမှုတို့ကို ကြည့်ရှုရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် မောင်တောဒေသရှိ တောင်ပြိုလက်ဝဲ လက်ခံရေးစခန်းသို့ ရောက်ရှိကြကာ လက်ခံရေးစခန်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှု၍(**ဝဲပုံ**) ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ်လို အပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ●

**လူသားချင်းစာနာထောက်ထားမှု အကူအညီ အထောက်အပံ့များ ပေးအပ်ရန် တတိယအသုတ် စေတနာ့ဝန်ထမ်း လူငယ်များ စစ်တွေမြို့သို့ ရောက်ရှိ** *စာ-၁၀*

**မြစ်ကြီးနားမြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိ ဘိန်းဆီခဲများ ဖမ်းဆီးရမိ** *စာ-၁၂*

**ဒေသဆိုင်ရာ ရွေးကောက်ပွဲအတွက် ကတ်တလိုနီးယား ပြည်သူများ မဲပေး** *စာ-၁၄*

# ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ယနေ့ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Thanh Nien သတင်းစာက ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇ ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၂ ရက် (**ယနေ့**) ညနေပိုင်းတွင် ကျင်းပမည်ဖြစ်သည်။ ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် တတိယနေရာလုပွဲအဖြစ် မြန်မာ ယူ-၂၁ အသင်းနှင့် ထိုင်း ယူ-၂၁ အသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင် ဗီယက်နမ် ယူ-၂၁ အသင်းနှင့် လက်ရှိချန်ပီယံ ယိုကိုဟားမား ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် စတုတ္ထနေရာသာ ရခဲ့သောကြောင့် တတိယနေရာလုပွဲ ကစားခွင့်ရခြင်းဖြစ်ပြီး ထိုင်းယူ-၂၁ အသင်းနှင့် ပြန်လည်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အုပ်စုပွဲတွေ့ဆုံရာတွင် မြန်မာ ယူ-၂၁ အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားပြီး *စာမျက်နှာ ၇ ကော်လံ ၆* ❒

